# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်**

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့ လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့ လည်းကောင်း ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော် ပူဇော်ကန်တော့ရာ၏။

**အရဟန္တဝဂ်(ဓမ္မပဒ - ၉၅)**


၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက် | ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ ၄ ရက်၊ သောကြာနေ့၊ | အတွဲ (၅၆)၊ အမှတ် (၀၃၅)


# တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများအားလုံးပူးပေါင်းပါဝင်ရန် လိုအပ်သည့်အပြင် လုပ်ငန်းရှင်များ၏ အခန်းကဏ္ဍသည်လည်း အရေးကြီး

**လွိုင်ကော် နိုဝင်ဘာ ၃**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ဦးသိန်းဆွေ၊ ဦးဖေဇင်ထွန်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်တို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ကယားပြည်နယ် လွိုင်ကော်မြို့သို့ ရောက်ရှိပြီး လွိုင်ကော်မြို့နယ် နွားလပိုးကျေးရွာအုပ်စု လင်ဖုံလေးကျေးရွာ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လုပ်ငန်းရှင်အဖွဲ့အစည်းများ၊ တောင်သူလယ်သမားများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ကယားပြည်နယ်မှ ပြောင်းစိုက်တောင်သူများ၏ အခက်အခဲကိုကြားသိရသဖြင့် ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်အတွက် ယခုကဲ့သို့လာရောက်တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ မည်သည့်ကဏ္ဍကိုမဆို ပွင့်ပွင့်လင်းလင်းဆွေးနွေးတင်ပြကြရန်နှင့် တင်ပြချက်များအား မှတ်သား၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

*စာမျက်နှာ ၃ ကော်လံ ၁* ✻



နိုင်ငံတော်သမ္မတ ဦးထင်ကျော် အမှတ်(၂) ဘီလူးချောင်း ရေအားလျှပ်စစ်စက်ရုံအတွင်း စက်ပစ္စည်းတပ်ဆင်ထားမှုနှင့် ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေများအား ကြည့်ရှုလေ့လာစဉ် (သတင်းစဉ်)



# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဂျပန်နိုင်ငံ ကျိုတိုတက္ကသိုလ်မှ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ချီးမြှင့်

**တိုကျို နိုဝင်ဘာ ၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Fumio Kishida တို့သည် ယနေ့နံနက်ပိုင်းတွင် ခေတ္တတည်းခိုသည့် The Imperial Hotel ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ မဲခေါင်ဒေသချိတ်ဆက်မှုခိုင်မာရေး၊ ဒေသတွင်းစိန်ခေါ်မှုဆိုင်ရာကိစ္စရပ်များ၊ CTBT အတည်ပြုလက်မှတ်ရေးထိုးခဲ့ခြင်းနှင့်ပတ်သက်၍ လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ASEM နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးအောင်မြင်စွာကျင်းပနိုင်ရေး ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

*စာမျက်နှာ ၄ ကော်လံ ၄* ◆

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဂုဏ်ထူးဆောင်ပါရဂူဘွဲ့နှင့်အတူ တွေ့ရစဉ်

(ဓာတ်ပုံ-ပြန်/ဆက်)


KBZ BANK

STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# ဂျပန်ခရီးစဉ်နှင့် အောင်မြင်မှု ရလဒ်များ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ သတ္တမမြောက် ပြည်ပခရီးစဉ်အဖြစ် ဂျပန်နိုင်ငံသို့ ငါးရက်ကြာ ချစ်ကြည်ရေးခရီးစဉ် စတင်ခဲ့ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက နိုဝင်ဘာ ၂ ရက် ညနေပိုင်းတွင် ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုခဲ့သည်။

ထို့နောက် ခေါင်းဆောင်နှစ်ဦးတွေ့ဆုံရာတွင် နှစ်နိုင်ငံကြားစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ အထူးသဖြင့် မြန်မာနိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ဂျပန်နိုင်ငံမှ ပုဂ္ဂလိက လုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှုပိုမိုလာရောက်ရေး၊ ကာကွယ်ရေးကဏ္ဍပူးပေါင်းဆောင်ရွက်ရေး၊ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်ဖက်လူငယ်များကြား အပြန်အလှန် ဖလှယ်ရေးနှင့် မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်များအပေါ် ဂျပန်နိုင်ငံမှ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များအပါအဝင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ဒေသတွင်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံကို အဓိကကူညီထောက်ပံ့နေသည့် အလှူရှင်နိုင်ငံဖြစ်သည်။ ဂျပန်နိုင်ငံသည် မြန်မာက ဂျပန်ကို ပေးစရာရှိသည့် ကြွေးမြီ ၁ ဒသမ ၇၄ ဘီလီယံကို လျှော်ပေးခဲ့ပြီး အကူအညီသစ်အဖြစ် သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းအတွက် ဒေါ်လာသန်း ၂၀၀ အပါအဝင် ဒေါ်လာသန်း ၅၀၀ ခန့်ရှိသည့်အစီအစဉ်များကို ၂၀၁၃ ခုနှစ်က ကြေညာခဲ့သည်။ ထို့ပြင် ပြီးခဲ့သည့်လ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ လာအိုနိုင်ငံ အာဆီယံထိပ်သီးအစည်းအဝေးတွင် မစ္စတာ ရှင်ဇိုအာဘေးက မြန်မာနိုင်ငံအား ၁ ဒသမ ၂ ဘီလီယံ တန်ဖိုးရှိ အကူအညီများပေးအပ်ရန် ကတိပြုသွားခဲ့ပါသည်။ ယခု ဒေါ်အောင်ဆန်းစုကြည်၏ ငါးရက်တာ အလည်အပတ်ရောက်ရှိနေသော ခရီးစဉ်တွင် ဂျပန်၏ ကူညီထောက်ပံ့မည့်အစီအစဉ်ကို ထုတ်ပြန်ကြေညာခဲ့ရာ ဂျပန်-မြန်မာ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အမည်ဖြင့် အမေရိကန်ဒေါ်လာ ၇ ဒသမ ၇၃ ဘီလီယံ ကူညီမည်ဖြစ်ပြီး ၄င်းအနက် ဒေါ်လာ ၃၈၇ သန်းကို တိုင်းရင်းသားလူနည်းစု များနေထိုင်ရာဒေသများ စီးပွားရေးဖွံ့ဖြိုးရေးအတွက် ကူညီမည်ဖြစ်ကြောင်း သိရသည်။

ဤခရီးစဉ်မှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ တရုတ်၊ အမေရိကန်၊ အိန္ဒိယခရီးစဉ်များအပြီး သွားရောက်ခဲ့သော ခရီးစဉ်ဖြစ်ပါသည်။ ဂျပန်က မြန်မာအစိုးရသစ်ဖွဲ့ပြီးနောက် ပထမဆုံးခရီးစဉ်အဖြစ် ဂျပန်သို့ လာရောက်ရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ဖိတ်ကြားခဲ့သော်လည်း ယခုမှ သွားရောက်နိုင်ခြင်းဖြစ်သည်ကိုလည်း တွေ့ရသည်။ ဤသည်မှာ မြန်မာနိုင်ငံ၏လွတ်လပ်တက်ကြွသော၊ ဘက်မလိုက်သော နိုင်ငံခြားရေးပေါ်လစီ၏အစိတ်အပိုင်းတစ်ခုအဖြစ် တွေ့မြင်ရခြင်းဖြစ်ပြီး အိမ်နီးချင်းနိုင်ငံများနှင့်ဆက်ဆံရေးကို အဓိကဦးစားပေးကာ မည်သည့်ဘက်ကိုမှ ဦးစားပေးဆက်ဆံမှုမျိုးမရှိသော ပေါ်လစီဖြစ်ပါသည်။

ယခု ဂျပန်၏စီမံကိန်းများမှာ သီလဝါအထူးစီးပွားရေးဇုန်နှင့် ရန်ကုန်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးသက်သက်လောက်သာမကဘဲ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံရှိ မော်တော်ယာဉ်ထုတ်လုပ်သည့်စက်ရုံများကို မြန်မာနိုင်ငံသို့ ရွှေ့ပြောင်းသွားရန်အထိ ပါဝင်သည်ဟုလည်း သိရသည်။ ဂျပန်၏ အကူအညီ ပေးရေးရည်ရွယ်ချက်များမှာ အဓိကအားဖြင့် လူနေမှုဘဝမြှင့်တင်ရန်နှင့် ဆင်းရဲမွဲတေမှုလျှော့ချရန်၊ အထူးသဖြင့် လူနည်းစုဒေသများတွင် ဆောင်ရွက်ရန်နှင့် စီးပွားရေးဖွံ့ဖြိုးမှုစီမံကိန်းများတွင် ပါဝင်ဆောင်ရွက်နေသော အစိုးရအရာရှိများ၏ ပညာရေးကိုမြှင့်တင်ပေးခြင်းအားဖြင့် ကျွမ်းကျင်မှုတိုးတက်လာစေရန်၊ ထို့နောက် သီလဝါအပါအဝင် ရေရှည်ခံဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်မည့် အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံရေး စသည့်နယ်ပယ်သုံးခု ဖြစ်ပါသည်။

ဂျပန်ဝန်ကြီးချုပ်နှင့် မတွေ့ဆုံမီ ဂျပန်ရောက်မြန်မာနိုင်ငံသားတစ်ထောင်ကျော်နှင့် တွေ့ဆုံရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အခွန်ဆောင်ခြင်းကိစ္စ၊ ပညာရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍများကို ပြောကြားခဲ့သည်။ အခွန်ဆောင်ခြင်းသည် ယဉ်ကျေးမှုတစ်ရပ်ဖြစ်သော်လည်း အချို့က အခွန်ရှောင်ခြင်းကို မြန်မာ့ယဉ်ကျေးမှုဟုထင်နေကြောင်း ပြောကြားခဲ့ပြီး အတွေးအခေါ်သစ်များနှင့် ရှေ့ရောက်အောင် ကြိုးစားရမည်ဖြစ်သည့်အတွက် ကျွမ်းကျင်သော စီးပွားရေးသမားများလိုအပ်နေကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအများအပြားနှင့် လတ်ဆတ်သစ်လွင်သော အကြံဉာဏ်များရှိသည့် စီးပွားရေးကျွမ်းကျင်ပညာရှင်များ အများအပြား လိုအပ်နေကြောင်း ပြောကြားသွားပါသည်။

မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေးတွင် အစိုးရသစ်ဖွဲ့စည်းပြီးချိန်မှစ၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ပြည်ပခရီးစဉ်များရှိခဲ့ရာ ခရီးစဉ်တိုင်းတွင် မိတ်ဖက်နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် နားလည်မှု၊ ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတည်ဆောက်နိုင်ခဲ့သည်ကို တွေ့ရပါသည်။ ထို့ပြင် မြန်မာ့အကူးအပြောင်းအတွက် အလွန်လိုအပ်နေသော စီးပွားရေးအထောက်အပံ့များနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ နယ်စပ်ဒေသများ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးရေးတို့အတွက်လည်း အထူးပင်အကျိုးရှိစေခဲ့သည်ကို တွေ့မြင်ရပါကြောင်း တင်ပြရပါသည်။ ။



## အချိန်ပိုင်းဓာတ်အား ပြတ်တောက်မည်ဖြစ်ကြောင်း အများပြည်သူသို့ အသိပေးပန်ကြား

**ရန်ကုန် နိုဝင်ဘာ ၃**

နိုဝင်ဘာ ၅ ရက်တွင် ဒဂုံအရှေ့၊ သာကေတ၊ ဒေါပုံ၊ ပုဇွန်တောင်၊ မင်္ဂလာတောင်ညွန့်၊ မရမ်းကုန်း၊ လှိုင်၊ ကမာရွတ်၊ ဗဟန်း၊ စမ်းချောင်း၊ အလုံ၊ ကြည့်မြင်တိုင်၊ လမ်းမတော်၊ ဒဂုံ၊ သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ လက်ခုပ်ကုန်း၊ ကျိုက်ထော်၊ တံတား၊ အင်းစိန်၊ မင်္ဂလာဒုံ၊ ထောက်ကြန့်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ လှည်းကူး၊ မှော်ဘီ၊ မြောင်းတကာ၊ တိုက်ကြီး၊ ဥက္ကံ၊ ဖောင်ကြီး၊ အဖျောက်၊ အင်းတိုင်၊ ထန်းတပင်မြို့နယ်များ၏ ရပ်ကွက်အချို့ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တို့၌ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

**ထင်သာမြင်သာပြုပြင်စရာ**

# အများပြည်သူသွားလာနေသော လမ်းတစ်ခြမ်းမှာ အမှိုက်ပုံအောက်ရောက်နေ



ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်တစ်ဖက်ကမ်းစက်ဆန်း၊ အောက်ရုံ၊ အလတ်ချောင်းရပ်ကွက်၊ အလတ်ချောင်းဘုန်းတော်ကြီးကျောင်းလမ်းအနောက်ဘက် ဖွံ့ဖြိုးရေးလမ်းမကြီး၏နံဘေး၌ စွန့်ပစ်ထားသော အမှိုက်များမှာ အလွန် များပြားပြီး ဖွံ့ဖြိုးရေးလမ်းမကြီး အနောက်ဘက်တစ်ခြမ်းကို ဖုံးအုပ်လျက်ရှိကြောင်း တွေ့ရှိရသည်။

ယင်းကဲ့သို့ စွန့်ပစ်အမှိုက်များကြောင့် လမ်းသွားလမ်းလာမော်တော်ဆိုင်ကယ်များသည် ထိုနေရာ၌ တစ်ဖက်သတ်မောင်းနှင်သွားလာနေကြရသဖြင့် ယာဉ်အန္တရာယ်ဖြစ်ပေါ်နိုင်ကြောင်း၊ အမှိုက်ပုံပတ်ဝန်းကျင်တွင် နေထိုင်နေသူများမှာ ဆိုးရွားသော အနံ့အသက်များကြောင့် ကျန်းမာရေးထိခိုက်နိုင်ကြောင်း ခရီးသွားပြည်သူတို့ထံမှ သိရသည်။ ထို့ကြောင့် ယင်းအမှိုက်ပုံအား ရှင်းလင်းဆောင်ရွက်ပေးစေလိုကြောင်း ဒေသခံများနှင့် လမ်းအသုံးပြုသူများက လိုလားလျက်ရှိကြောင်း သိရသည်။ **ရွှေတိုင်လွင်**

# ကမ်းရိုးတန်းဒေသ ရာသီဥတု ဘေးဒဏ်ခံနိုင်စွမ်း အလုပ်ရုံဆွေးနွေး

**ဖျာပုံ နိုဝင်ဘာ ၃**

ဖျာပုံခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနသည် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် SEEDS ASIA ဂျပန်တို့နှင့် ပူးပေါင်းပြီး ကမ်းရိုးတန်းဒေသ သဘာဝဘေးဒဏ် ခုခံနိုင်စွမ်းနှင့် ရာသီဥတုဘေးဒဏ်ခံနိုင်စွမ်း သုတေသနပြု တွေ့ရှိချက်များနှင့်ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂ ရက်က ဖျာပုံမြို့သီရိအဏ္ဏဝါခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က အမှာစကားပြောကြားပြီး SEED ASIA ဂျပန်မှ Project Manager Shigehiro Shibata က အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသည့် ဖျာပုံ၊ ဘိုကလေး၊ ဒေးဒရဲ၊ ကျိုက်လတ်မြို့နယ်များမှ ဌာနဆိုင်ရာများက သဘာဝဘေးခုခံကာကွယ်ခြင်း အစီအစဉ်များနှင့်ပတ်သက်၍ အစုအဖွဲ့ခွဲကာ အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဖျာပုံခရိုင်သည် ပင်လယ်နှင့်နီးသည့် ဒေသတစ်ခုဖြစ်ပြီး ယခုလက်ရှိ အခြေအနေတွင် သဘာဝဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း ခရိုင်ကယ်ဆယ်ရေးရုံးမှ သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၃-၁၁-၂၀၁၆

**ခင်ရတနာ-စုစည်းသည်။**

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၀၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၈၂၅၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၅၆၀/၅၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၅/၅၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၆၄၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၉၀/၆၀၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၅ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၄၂၀ ・ ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၂၄ ・ ၅၉ |
| ထိုင်း | တစ်ဘတ် | ၃၆ ・ ၆၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ ・ ၂၆ |
| တရုတ် | တစ်ယွမ် | ၁၈၉ ・ ၉၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၆ ・ ၆၅ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

*** *ရှေ့ဖုံးမှ***

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ ဌာနဆိုင်ရာများ၊ ပြည်သူများအားလုံးပူးပေါင်းပါဝင်ရန် လိုအပ်သည့်အပြင် လုပ်ငန်းရှင်များ၏ အခန်းကဏ္ဍသည်လည်းအရေးကြီးပါကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့်လည်း ပြည်သူပြည်သားများ၏ကောင်းကျိုးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ဒေသ၏ လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း လွတ်လွတ်လပ်လပ်တင်ပြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒေသခံလုပ်ငန်းရှင်များ၊ တောင်သူများနှင့် ရပ်မိရပ်ဖများက စိုက်ပျိုးသီးနှံဈေးကွက်ခိုင်မာရေး၊ စိုက်ပျိုးသီးနှံများ ပြည်ပသို့တင်ပို့နိုင်ရေး ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရမှ လိုအပ်သည်များ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ တောင်သူလယ်သမားများ ဘဝလုံခြုံရေးနှင့် လယ်ယာမြေပိုင်ဆိုင်မှု အခွင့်အလမ်းများရရှိရေး၊ စိုက်ပျိုးစရိတ်ချေးငွေများ ပိုမိုရရှိရေး၊ သိမ်းဆည်းလယ်ယာမြေများ ပြန်လည်စွန့်လွှတ်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးရေး၊ သစ်တောများ ပြန်လည်တည်ထောင်ရေးနှင့် မူးယစ်ဆေးဝါး ပပျောက်ရေးဆိုင်ရာကိစ္စရပ်များကို တင်ပြကြသည်။



နိုင်ငံတော်သမ္မတ ဦးထင်ကျော် နွားလဝိုးကျေးရွာအုပ်စု လင်ဖုံလေးကျေးရွာ၌ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ် (သတင်းစဉ်)



နိုင်ငံတော်သမ္မတဦးထင်ကျော် အမှတ် (၂) ဘီလူးချောင်းရေအားလျှပ်စစ်စက်ရုံ ရေထိန်းတံခါးအား ကြည့်ရှုစစ်ဆေးစဉ် (သတင်းစဉ်)

နိုင်ငံတော်သမ္မတက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ပြောကြားပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ ရသင့်ရထိုက်သည့် အခွင့်အလမ်းများ ရရှိရေးအတွက် အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ကြိုးစားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်ရှိုးက ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်သမ္မတ၏ လုပ်ငန်းလမ်းညွှန်ချက်များအတိုင်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတသည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဘီလူးချောင်း ရေအားလျှပ်စစ်စီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ဘီလူးချောင်းရေအားလျှပ်စစ်စက်ရုံများ၏ သမိုင်းအကျဉ်း၊ မိုးဖြဲရေလှောင်တမံဆိုင်ရာ အချက်အလက်များ၊ ဘီလူးချောင်း အမှတ်(၁)၊(၂)၊(၃) စက်ရုံများဆိုင်ရာ အချက်အလက်များ၊ ဓာတ်အားထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ရှုရပ်မှ စီမံကိန်းဧရိယာကိုလည်းကောင်း၊ အမှတ်(၂) ဘီလူးချောင်း ရေအားလျှပ်စစ်စက်ရုံအတွင်း စက်ပစ္စည်းများတပ်ဆင်ထားမှုနှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုလေ့လာသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ဒီးမော့ဆိုမြို့နယ် တနီးလာလဲကျေးရွာအနီးရှိ ကန်ခုနစ်ဆင့်သို့ရောက်ရှိကြရာ ဖိုးဗျားခန်းမ၌ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးဇော်လင်းထွန်းက ကယားပြည်နယ် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ရိုးရာယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများ၊ ဝတ်စားဆင်ယင်မှုများနှင့် ဓလေ့ထုံးစံများကို အတတ်နိုင်ဆုံး ထိန်းသိမ်းဖော်ထုတ်ပြသသွားရန် လိုအပ်ကြောင်း လမ်းညွှန်မှာကြားသည်။

ထို့နောက် ဒေသခံရပ်မိရပ်ဖတစ်ဦးက လျှပ်စစ်မီးရရှိရေးနှင့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို တင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက နှစ်နိုင်ငံ နယ်စပ်ဝင်ပေါက်မှ ကူးသန်းသွားလာရေးဆိုင်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ဒေသအတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဖိုးဗျားခန်းမအတွင်းရှိ ကယားတိုင်းရင်းသားရိုးရာချည်မျှင်ထုတ်လုပ်ငန်းနှင့် ရိုးရာယဉ်ကျေးမှု ဓလေ့များ၊ ဖိုးဗျားရိုးရာအိမ်၊ ကန်ခုနစ်ဆင့်တို့ကို လှည့်လည်ကြည့်ရှုလေ့လာသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဒီးမော့ဆိုမြို့နယ် ပန်ပက်ကျေးရွာသို့ ရောက်ရှိပြီး ကယန်း(ပဒေါင်) တိုင်းရင်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ရိုးရာလက်မှုလုပ်ငန်းများ၊ ရိုးရာယဉ်ကျေးမှုအကများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းပေး သည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးထင်ကျော် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုဓလေ့များ ကြည့်ရှုလေ့လာစဉ် (သတင်းစဉ်)




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကျိုတိုတက္ကသိုလ်ရှိ ကျောင်းသား ကျောင်းသူများ၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားစဉ် (ဓာတ်ပုံ-ပြန်/ဆက်)

◆ *ရှေ့ဖုံးမှ*

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် တိုကျိုမြို့မှ ကျိုတိုမြို့သို့ ကျည်ဆန်ရထားဖြင့် သွားရောက်ပြီး ကျိုတိုတက္ကသိုလ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကျိုတိုတက္ကသိုလ်မှ ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်သည်။ အခမ်းအနားတွင် ကျိုတိုတက္ကသိုလ်ဥက္ကဋ္ဌ Mr.Juichi Yamagiwa က ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ချီးမြှင့်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ဂုဏ်ထူးဆောင်ပါရဂူဘွဲ့နှင့် အဆောင်အယောင်ကို ပေးအပ်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ချီးမြှင့်ခံရခြင်းအတွက် ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ကျိုတိုတက္ကသိုလ်တွင် တက်ရောက်နေသည့် ကျောင်းသား ကျောင်းသူများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကျိုတိုတက္ကသိုလ်တွင် သုတေသနစာတမ်းပြုစုစဉ်က နေထိုင်ခဲ့သည့်အခန်းကို သွားရောက်ကြည့်ရှုသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကျိုတိုမြို့ နိုင်ငံတော်ဧည့်ဂေဟာ၌ ကိုဘေးတက္ကသိုလ်မှ ပါမောက္ခ Mr. Otsu နှင့် တက္ကသိုလ်မှ ကျောင်းသားများနှင့် တွေ့ဆုံသည်။

ညပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ကျိုတိုမြို့ ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းက ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Fumio Kishida အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ် (ဓာတ်ပုံ-ပြန်/ဆက်)

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ကျိုတိုမြို့ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းက ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ် (ဓာတ်ပုံ-ပြန်/ဆက်)

❐ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ မဲခေါင်ဒေသ ချိတ်ဆက်မှုခိုင်မာရေး၊ ဒေသတွင်း စိန်ခေါ်မှုဆိုင်ရာကိစ္စရပ်များ၊ CTBT အတည်ပြုလက်မှတ်ရေးထိုးခဲ့ခြင်းနှင့် ပတ်သက်၍ လည်းကောင်း၊

❐ ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ASEM နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေး ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးခဲ့ကြ



# လူကုန်ကူးမှု ကာကွယ်တားဆီးရေးလုပ်ငန်းများနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၃**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုဝင်ဘာ ၂ ရက် နံနက် ဒေသစံတော်ချိန် ၁၁ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး Mr. Guo Sheng Kun နှင့် ဝန်ကြီးရုံးအဆောက်အအုံတွင် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံထိစပ်နေသည့် ကုန်းမြေနယ်နိမိတ် ကီလိုမီတာ ၂၀၀၀ ကျော်တွင် တပ်မတော်က လုံခြုံရေး တာဝန်ထမ်းဆောင်မှု၊ မဲခေါင်မြစ်ကြောင်း အတွင်း ရေကြောင်းထိစပ်နေသည့် နေရာများတွင် မြစ်ကြောင်း ရဲတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးဆောင်ရွက်မှုအခြေအနေများ၊ မူးယစ်ဆေးဝါး တိုက်ဖျက်နှိမ်နင်းရေးကိစ္စရပ်များ၊ လူကုန်ကူးမှု ကာကွယ်တားဆီးရေး လုပ်ငန်းများ၊ နယ်စပ်ဖြတ်ကျော် မှုခင်းများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် အဓိကအားဖြင့် အကြမ်းဖက်မှုကာကွယ်တားဆီးရေးတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးကြသည်။

ထို့နောက် ပြည်သူ့လုံခြုံရေးဝန်ကြီးက မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

မွန်းလွဲပိုင်းတွင် ပေကျင်းမြို့မှ အထူးလေယာဉ်ဖြင့် ကွမ်းတုန်ပြည်နယ်သို့ ရောက်ရှိပြီး တောင်ပိုင်းစစ်နယ်ဝန်း ကွပ်ကဲမှုဌာနချုပ်၌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တောင်ပိုင်းစစ်နယ်ဝန်းကွပ်ကဲမှု ဌာနချုပ် နိုင်ငံရေးမှူး General Wei Liang တို့တွေ့ဆုံဆွေးနွေးကြသည်။

ထို့နောက် တောင်ပိုင်းစစ်နယ်ဝန်း ကွပ်ကဲမှုဌာနချုပ် နိုင်ငံရေးမှူးက မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် Da Shuai Fu သင်္ဘောဆိပ်သို့ သွားရောက်၍ ပုလဲမြစ်ခေါ် Zhu Jiang မြစ်အတွင်း အပျော်စီးသင်္ဘောဖြင့် လှည့်လည်ကြည့်ရှုကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် Huang Pu ဆိပ်ကမ်းရှိ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၊ ရေတပ်သင်္ဘောလွှန်းကျင်းသို့ ရောက်ရှိပြီး ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသည့် ရေငုပ်သင်္ဘောကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် တံ့ရှမ်းစစ်မှုထမ်းဟောင်းအိမ်ရာကို ကြည့်ရှုလေ့လာကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ကွမ်ကျိုးမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**



တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီး **Mr. Guo Sheng Kun** တို့ တွေ့ဆုံဆွေးနွေးစဉ်

# ကုန်သွယ်မှုလျော့နည်းရသည့် အကြောင်းရင်း၊ ကုန်သွယ်မှုတိုးမြှင့်ရေးအတွက် တရားမဝင် ကုန်သွယ်မှုတားဆီးရမည့်အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်း

**နေပြည်တော် နိုဝင်ဘာ ၃**

ကုန်သွယ်မှု လျော့နည်းရသည့် အကြောင်းရင်း၊ ကုန်သွယ်မှုတိုးမြှင့်ရေးအတွက် တရားမဝင် ကုန်သွယ်မှုတားဆီးရမည့် အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကို အောက်တိုဘာ ၃၁ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော်၊ ဟိုတယ်ဇုန်ရှိ Hilton Hotel ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**



ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှနေ၍ တရားမဝင်သွင်းကုန်များကို ပိုမိုတင်သွင်းလာကြခြင်းနှင့် ပြည်တွင်းမှ အဖိုးတန်ထွက်ကုန်များကို ပိုမိုတင်ပို့နေကြခြင်းများအား တားဆီးထိန်းချုပ်အရေးယူရန် စီမံဆောင်ရွက်ထားခြင်း ရှိ/မရှိ ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းချက်နှင့်ပတ်သက်၍ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် ဖြေကြားခဲ့ပြီးဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုများအား ထိရောက်စွာတားဆီးနိုင်ရေးအတွက် သက်ဆိုင်ရာပြည်နယ်အစိုးရများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အဖွဲ့အစည်းများ၊ ကုန်သည်လုပ်ငန်းရှင်များ အပိုင်းမှလည်း တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်သိမှုတို့ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်၊ ယခုနှစ် မိုးစပါးပေါ်ချိန်တွင် စပါးဈေးနှုန်းများ ကျဆင်းနေမှုနှင့်စပ်လျဉ်း၍ မိမိဦးဆောင်ပြီး သက်ဆိုင်ရာဆန်စပါးအသင်းအဖွဲ့များ၊ ပြည်ပသို့ ဆန်အများဆုံး တင်ပို့သည့် ကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပါကြောင်း၊ တောင်သူများ ထုတ်လုပ်မှုစရိတ် ကာမိစေရေးအတွက် နိုဝင်ဘာလအတွင်း စပါးအတိုင်း ပြည်ပသို့ ယာယီအစီအစဉ်ဖြင့် တင်ပို့ခွင့် ပြုပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော တိုင်းဒေသကြီးနှင့်ပြည်နယ် စီမံ/စီးပွားဝန်ကြီးများက မိမိတို့ ဒေသအတွင်း ကုန်စည်စီးဆင်းနေမှုနှင့် တွေ့ကြုံနေရသည့် အခက်အခဲများ၊ ကုန်သွယ်မှုလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင် အကောင်အထည်ဖော်ဆောင်နေမှုတို့အား ရှင်းလင်းတင်ပြကာ ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ပေးသည်။ **(သတင်းစဉ်)**

# မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်း ပညာရပ်ဆိုင်ရာ လုပ်ငန်းအဖွဲ့ အစည်းအဝေး ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၃**

ကျန်းမာရေးဆိုင်ရာစီမံကိန်းများရေးဆွဲရာတွင် ပိုမိုမှန်ကန်တိကျသော ညွှန်ကိန်းများရရှိမည့် အကျိုးကျေးဇူးရလဒ်ကောင်းများရရှိလာစေရန် ရည်ရွယ်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၊ မွေးဖွားမှုနှင့် သေဆုံးမှုမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစာရင်းဇယားများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ပညာရပ်ဆိုင်ရာအစည်းအဝေးကို နိုဝင်ဘာ ၇ ရက် မှ ၈ ရက်အထိ နေပြည်တော်ရှိ သင်္ဂဟဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်ရှိ မြို့နယ်သုံးမြို့နယ်တွင် စမ်းသပ်ကောက်ယူခဲ့သော သေဆုံးမှုမှတ်ပုံတင်ခြင်းနှင့်ပတ်သက်၍ Verbal Autopsy Method ဖြင့် (ဆေးရုံ၊ ဆေးခန်း) ပြင်ပလူမှုပတ်ဝန်းကျင်တွင် သေဆုံးသောသူများ၏ သေဆုံးရသော အဓိကအကြောင်းအရင်းနှင့်ပတ်သက်သည့် အချက်အလက်များကို ပြန်လည်သုံးသပ်ရန်နှင့် မြို့နယ် ၁၄ မြို့နယ်တွင် စတင်အကောင်အထည်ဖော်ရန် ဆရာဝန်များအား Medical Certification of Causes of Death သင်တန်းပေးရန်အတွက် ညှိနှိုင်းဆွေးနွေးကြမည်ဖြစ်သည်။

အစည်းအဝေးကို ကျင်းပခြင်းအားဖြင့် မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်း စာရင်းဇယားများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ သေဆုံးမှုမှတ်ပုံတင်ခြင်းနှင့်ပတ်သက်၍ Verbal Autopsy Method ဖြင့် (ဆေးရုံ၊ ဆေးခန်း)ပြင်ပလူမှုပတ်ဝန်းကျင်တွင် သေဆုံးသောသူများ၏ သေဆုံးရသော အဓိကအကြောင်းအရင်းနှင့်ပတ်သက်သည့် အချက်အလက်များကို ပိုမိုပြည့်စုံမှန်ကန် တိကျစွာရရှိလာမည်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်နိုင်ခြင်းဖြင့် မြန်မာနိုင်ငံ၏လူမှုပတ်ဝန်းကျင်တွင် သေဆုံးမှုဖြစ်ပွားသော ရောဂါအမျိုးအစား အချက်အလက်များနှင့် ပတ်သက်သော စာရင်းဇယားများကို မြို့မှ/ကျေးလက်၊ ကျား/မ၊ အသက်အုပ်စုများခွဲခြား၍ ပြည့်စုံမှန်ကန်စွာ ကောက်ယူစုစည်းနိုင်မည်ဖြစ်ပြီး ရရှိလာသော သေဆုံးမှုဆိုင်ရာ ညွှန်ကိန်းများကို အခြေခံပြီး ကျန်းမာရေးဆိုင်ရာ စီမံကိန်းများရေးဆွဲရာတွင် ပိုမိုမှန်ကန်တိကျသော ညွှန်ကိန်းများရရှိမည့် အကျိုးကျေးဇူးရလဒ်ကောင်းများ ရရှိလာမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



# ပဲခူး၌ အပန်းဖြေဆင်စခန်း ဖွင့်လှစ်ပွဲကျင်းပ

**ပဲခူး နိုဝင်ဘာ ၃**

ပဲခူးမြို့နယ် ဘုရားကြီးမြို့ဝင်္ဂဘော်ကျေးရွာ ပဲခူး(တောင်)သစ်ထုတ်လုပ်ရေးဒေသ ဆင်ထိန်းသိမ်းပြသရေးနှင့် ယာဉ်ယန္တရားစခန်း၌ နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းက ဝင်္ဂဘော်ဆင်စခန်း ဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ မြန်မာ့သစ်လုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးထွန်းထွန်းဦးက ဝင်္ဂဘော်ဆင်စခန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်ပြီး ပဲခူးမြို့နယ်နှင့် အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများ၊ နိုင်ငံခြားသားဧည့်သည်များ လာရောက်အပန်းဖြေနိုင်စေရန်၊ ဆင်ဝန်ထမ်းမိသားစုများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်ပြီး ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးကျော်မင်းဇံက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဝင်္ဂဘော်ဆင်စခန်း ဆိုင်းဘုတ်အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကာ ဆင်များအား အစာရေစာများ ကျွေးမွေးပေးကြောင်း သိရ သည်။

အဆိုပါဆင်စခန်းတွင် ဆင်ယဉ်ကျေးလိမ္မာသင်တန်းအား နိုဝင်ဘာ ၁ ရက်မှ ၃ ရက်အထိ ဆင်လေ့ကျင့်သင်ကြားရေးကို နိုင်ငံခြားမှ ပညာရှင်များဖြင့် ပူးပေါင်း၍ ဆင်ဝန်ထမ်းသင်တန်းသား ၂၀ နှင့် လေ့လာသူ ငါးဦးတို့အား သင်ကြားပေးခဲ့သည်။ ဝင်္ဂဘော်ဆင်စခန်း၌ နေ့စဉ်နံနက် ၈ နာရီမှ ၉ နာရီအထိ ဆင်ပြပွဲများကိုလည်းကောင်း၊ နံနက် ၉ နာရီမှ ၁၀ နာရီခွဲအတွင်း ဆင်များကို ၂၅ မိနစ်ကြာ စီးနိုင်ခြင်း၊ တောတွင်းဆင်စားကျက်များ၊ ဆင်ရေချိုးခြင်းများကို လည်းကောင်း လေ့လာနိုင်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ငိုနေကျထက် ပိုမငိုမိပါစေနဲ့

**မင်းသိမ်း(နေပြည်တော်)**

**အဖွဲ့အစည်းတစ်ခုဟာမိမိရဲ့ ရည်မှန်းချက်ပန်းတိုင်အတွက် မိမိရဲ့အင်အားစုကြီးတစ်ခုလုံးကို စုစည်း၊ ထိန်းသိမ်း၊ တိုးချဲ့အသုံးပြုနိုင်ဖို့အရေး ဘယ်လိုလူမျိုးဘယ်လောက်လိုမယ်၊ ပြီးတော့ သူတို့အချင်းချင်း ဆက်သွယ်ရမယ့်လမ်းကြောင်း၊ တာဝန်ယူရမယ့်အပိုင်းစတဲ့ လုပ်ငန်းစဉ်တွေကို စနစ်တကျရေးဆွဲပြီး တိကျမှန်ကန်စွာအဆုံးအဖြတ်ပေးနိုင်မယ့် အရည်အချင်းပြည့်ဝတဲ့ ပုဂ္ဂိုလ်တွေကို ရွေးချယ်နိုင်ဖို့လိုပါတယ်။**

အဖွဲ့အစည်းတစ်ခုကို တည်ထောင်ပြီဆိုရင် ပထမဆုံး တွေ့ကြုံရတဲ့အခက်အခဲက "လူ" ပါပဲ...။ အထူးသဖြင့် စတည်ထောင်ချိန်မှာ လူကောင်းရဖို့နဲ့ လူမှန်နေရာမှန်ဖြစ်ဖို့လိုပါတယ်။ တစ်ခါတစ်ရံ တော်တဲ့သူတွေရပါရဲ့ အလုပ်သဘာဝကိုက Service ပေးရခြင်းဖြစ်လို့ လုပ်တတ်ရုံမဟုတ်ဘဲ နားလည်မှုကောင်းကောင်းရှိဖို့လည်း လိုပါတယ်။ အချို့သော ကိစ္စရပ်တွေမှာ Input, Output နဲ့ Results ပေါ်မူတည်ပြီး အကောင်အထည်ဖော်ရတာ မျိုးလည်းရှိပါတယ်။ Right Knowledge Workers ရဖို့အတွက်ဆိုရင် ထိုက်သင့်တဲ့ Train လုပ်ပေးဖို့လိုသလို ထိန်းကျောင်းနိုင်ဖို့ဆိုရင်လည်း Knowledge Workers Management ကို သိဖို့လိုပါတယ်။ လိုချင်တဲ့စိတ်၊ သိချင်တဲ့စိတ်၊ လုပ်ပေးချင်တဲ့စိတ်၊ အောင်မြင်စေလိုတဲ့စိတ် ဒီစိတ်လေး တွေကိုယ်စီကိုယ်စီထားနိုင်ကြမယ်ဆိုရင်တော့ အကောင်းဆုံးဖြစ်ပါတယ်။ အထူးသဖြင့် လုပ်ငန်းခွင်အတွင်း ချီးကျူးသံနဲ့ မြှောက်ပင့်သံတွေကို လိမ္မာပါးနပ်စွာ ခွဲခြားတတ်ပြီး ပေါင်းပင်တွေနဲ့ ပြည့်နှက်နေတဲ့ ပန်းဥယျာဉ်အတွင်း စိမ်းလန်းနေတာကို ကျေနပ်နေတာမျိုးထက် ဘယ်ဟာကပေါင်းပင်၊ ဘယ်ဟာက ပန်းပင်ဆိုတာကို ခွဲခြားသိနိုင်တဲ့ အရည်အချင်းမျိုးသာရှိဖို့လိုပါတယ်။

ဘယ်လုပ်ငန်းဖြစ်ဖြစ်၊ ဘယ်အဖွဲ့အစည်းဖြစ်ဖြစ် အဲ့ဒီအဖွဲ့အစည်းအတွင်း လှုပ်ရှားမှု၊ အောင်မြင်မှုနဲ့ ဆုံးရှုံးမှုတွေဟာ ကိုင်တွယ်အဆုံးအဖြတ်ပေးမယ့်ပုဂ္ဂိုလ်ရဲ့ အရည်အချင်းပြည့်စုံမှု၊ မပြည့်စုံမှုပေါ်မှာပဲ များစွာမူတည်ပါတယ်။

သူများအောင်မြင်တိုင်း၊ သူများအဆင်ပြေတိုင်းကိုယ်လည်းဖြစ်လိမ့်မယ်ဆိုတဲ့အတွေးမျိုးမမွေးမိဖို့ လိုပါတယ်။ အောင်မြင်တဲ့ပုဂ္ဂိုလ်၊ အောင်မြင်ခဲ့တဲ့ အဖွဲ့အစည်းတွေရဲ့ အရည်အသွေးနဲ့အရည်အချင်း၊ ပေါင်းသင်းဆက်ဆံရေး၊ ပြည်တွင်းပြည်ပ ဆက်သွယ်မှုနဲ့ချဉ်းကပ်မှု၊ လေးစားလိုက်နာမှု၊ အထက်အောက်ယုံကြည်မှုမျိုး မိမိအဖွဲ့အစည်းအတွင်း ရှိနိုင်၊ မရှိနိုင်ကို သိထားဖို့လိုပါတယ်။

လုပ်ငန်းတိုင်းမှာ အနည်းနှင့်အများပြဿနာရှိတတ်ပေမယ့် စိတ်ဓာတ်ကောင်းဖို့သာ အရေးကြီးပါတယ်။ အောင်မြင်မှုကို တိုင်းတဲ့နေရာမှာ "ကိုယ့်မှာဘာရှိသလဲဆိုတာထက် မရှိရင် ကိုယ်ဘာလုပ်နိုင်မလဲ" ဆိုတဲ့အချက်ကို ကောင်းစွာလက်ခံတတ်မှ ပြဿနာကိုဖြေရှင်းရာမှာ ပစ္စုပ္ပန်က တွေ့ကြုံခဲ့တဲ့ ဖြစ်ရပ်တွေကို အတိတ်ကာလကရရှိခဲ့တဲ့ အတွေ့အကြုံအရ အကဲဖြတ်ပြီး အမှားဖြစ်နိုင်မယ့်လုပ်ရပ်တွေကို ရှောင်ရှားရမယ်။ အမှန်ဖြစ်စေနိုင်မယ့် နည်းလမ်းတွေကို ရှာဖွေဖော်ထုတ်ပြီးတိုးတက်မှုရှိအောင်လုပ်ဆောင်တတ်ရပါမယ်။ ပြီးတော့မိမိကိုယ်မိမိ ပွဲကြည့်ပရိသတ်တစ်ဦးလို သဘောထားပြီး ဘယ်လိုအခြေအနေမျိုးနဲ့ဖြစ်ရပ်ကိုဖြစ်စေ မိမိဆန္ဒနဲ့ကင်းစွာ ဓမ္မဓိဋ္ဌာန်ကျကျရှုမြင်သုံးသပ်တတ်ဖို့ကပိုပြီး အရေးကြီးပါတယ်။

ပြဿနာတစ်ခုကို ဖြေရှင်းတဲ့နေရာမှာ ပတ်သက်ဆက်နွှယ်နေတဲ့ သတင်းအချက်အလက်တွေကို လုံလုံလောက်လောက်စုစည်းပြီး ကိုယ့်စိတ်ကို တည်ငြိမ်စွာထားကာ ဆုံးဖြတ်ရမယ့်အဖြေကိုရအောင်ရှာပြီး ရဲရဲဝံ့ဝံ့လုပ်ဆောင်တတ်ဖို့ လိုသလို ရခဲလှတဲ့ လူ့ဘဝကြီးမှာ နေခွင့်ရတဲ့အခိုက်အတန့်အတွင်း လွမ်းစရာကောင်းအောင်နေသွားမယ်(သို့) နာစရာများချန်၍နေသွားမယ်ဆိုတဲ့ နေထိုင်မှုစနစ် နှစ်မျိုးအနက် ဘယ်လိုနေထိုင်မှုစနစ်နဲ့ နေသွားမယ်ဆိုတာကို ကောင်းစွာဆုံးဖြတ်တတ်ဖို့ လိုပါတယ်။

ခေါင်းဆောင်ကောင်းတစ်ယောက်ဟာ နောက်လိုက်ကောင်းများ (Effective Followers) တွေရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးခြင်း၊ သူတို့ရဲ့လုပ်ဆောင်ချက်တွေကို အသိအမှတ်ပြုခြင်း၊ တီထွင်ကြံဆမှုတွေကို အလေးထားနားထောင်ခြင်း၊ လက်ခံအတည်ပြုခြင်း၊ တိုင်ပင်ဆွေးနွေးခြင်းများလုပ်ရန်လိုသလိုများသောအားဖြင့် လုပ်ရိုးလုပ်စဉ် မြင်နေကျပုံစံမဟုတ်ဘဲ အသစ်အဆန်းတစ်ခုကို အများ လက်ခံနိုင်ရေးလုပ်ဆောင်တဲ့နေရာမှာ စိန်ခေါ်မှု (Challenge) တွေရှိတတ်လို့ အဆင်သင့်ရင်ဆိုင်နိုင်အောင် ကြိုတင်ပြင်ဆင်ထားနိုင်မှ ကျော်လွှားနိုင်ပါမယ်။ နောက်လိုက် ကောင်းများကလည်း တာဝန်နဲ့လုပ်ပိုင်ခွင့်များပေးခြင်းအပေါ် စိတ်သန့်သန့်နဲ့ဆောင်ရွက်နိုင်စွမ်းရှိသူတွေဖြစ်ရပါမယ်။

လောကကြီးမှာ ခေါင်းဆောင်ရော၊ နောက်လိုက်ရောပါ အရေးကြီးပါတယ်။ ဒါပေမယ့် ခေါင်းဆောင်ဟာ ဆရာမဟုတ်၊ သခင်မဟုတ်၊ စံပြဖြစ်ဖို့ပဲလိုတယ်။ ကိုယ်ကစံပြအဖြစ် မနေနိုင်ရင် ခေါင်းဆောင်မလုပ်တာကောင်းတယ်။ စံပြဆိုတာဟာ သူများထက်ပိုအနစ်နာခံနိုင်ရမယ်။ သူများထက်ပိုစောင့်စည်းရမယ်။ အရည်အချင်းမရှိဘဲ၊ စံပြမဟုတ်ဘဲ ခေါင်းဆောင်လုပ်မယ်လို့ကြံစည်တာဟာ ရာဇဝတ်မှုတစ်ခုကို ကျူးလွန်ဖို့ကြိုးစားတာနဲ့ တူသလို၊ တာဝန်မယူတာဝန်မထမ်းဆောင်ဘဲ ခေါင်းဆောင်လုပ်ချင်တဲ့စိတ်ဓာတ်ဟာ အရှက်နည်းတဲ့လုပ်ရပ်တစ်ခုပဲဖြစ်ပါတယ်။ အက်ရာပါလာတဲ့ခေါင်းလောင်းကြောင့် အသံထွက်မကောင်းရတဲ့ သဘောကိုနားလည်ကြမှာပါ။

တစ်ဦးနဲ့တစ်ဦးဆက်ဆံတဲ့နေရာမှာ မိမိက အသာရဖို့၊ အနိုင်ရဖို့မဟုတ် အပြန်အလှန် အကျိုးပြုဖို့၊ စည်းရုံးနေဖို့ပဲဖြစ်ပါတယ်။ ကြမ်းတမ်းတဲ့ယှဉ်ပြိုင်မှုများ မလုပ်ရဘဲနဲ့ အောင်နိုင်မှု ရအောင်ကြိုးစားရင်း **"ပြောင်းလဲခြင်းသည် ဖောက်ပြန်ခြင်းမဟုတ်"** ဆိုတာကိုနားလည် လက်ခံနိုင်ရပါမယ်။ အပြောင်းအလဲတွေရဲ့ အကျိုးအပြစ်ကို သိထားသူ၊ ကြိုတင်တွေးဆထားသူ၊ ကြိုတင်လက်ခံထားသူဟာ **"ပညာရှိ"** ပါပဲ၊ အချို့သူတွေဟာ "The Good Received, The Giver is Forgot" ဆိုတဲ့စကားလို ကောင်းကျိုးရရှိပြီးတာနဲ့ ကောင်းကျိုးပြုပေးတဲ့သူကို မေ့ပစ်တတ်ကြတယ်။



လောကကြီးမှာ မိမိမိုက်မဲခဲ့တဲ့အပြစ်ကို သိတဲ့လူမိုက်ဟာ ပညာရှိဖြစ်လာနိုင်ပေမယ့် မိမိကိုယ်မိမိပညာရှိလို့ ထင်မှတ်နေကြတဲ့ လူမိုက်ဟာဘယ်တော့မှ လူကောင်းဖြစ်မလာနိုင်ပါဘူး။ တချို့မိတ်ဆွေတွေထဲမှာ သူခိုးတစ်ယောက်လို အမြဲစောင့်ကြည့်နေရတဲ့သူတွေရှိလို့ သိသာထင်ရှားတဲ့ ရန်သူထက် ဟန်ဆောင်ကောင်းပြီး အနီးမှာရှိနေတဲ့ မိတ်ဆွေဟာ အန္တရာယ်ပိုများကြောင်း သိနေဖို့လိုတယ်။ အဲဒီလို မိတ်ဆွေတွေဟာ မိမိလုပ်ငန်း၊ မိမိအဖွဲ့အစည်းအတွက် ဆူးငြောင့်ခလုတ်ဖြစ်လို့ ဘယ်လိုကိုင်တွယ်မယ်၊ ဘယ်လိုစီရင်မယ်ဆိုတာကို ကြိုတင်စဉ်းစားထားဖို့လိုလိမ့်မယ်။ ချုန်းသာချုန်းသော်လည်း မရွာသော မိုးလိုဖြစ်နေတယ်။

လူတိုင်းငိုတတ်ပါတယ်။ ငိုလည်းငိုခဲ့ဖူးပါတယ်။ ဒါပေမယ့် ငိုနေကျထက်ပိုငိုနေကြခြင်းရဲ့အကြောင်းရင်းမှန်ကို လေ့လာသုံးသပ်နိုင်ဖို့ လိုပါတယ်။ လူမျိုးရေးပြဿနာမရှိတဲ့နိုင်ငံတွေမှာ ပထဝီအနေအထားကိုအခြေခံပြီး ပြည်ထောင်စုအဖွဲ့ဝင် သတ်မှတ်ကြပေမယ့် လူမျိုးရေးပြဿနာရှိတဲ့နိုင်ငံတွေမှာ လူမျိုးရေးကိုအခြေခံပြီး ပြည်ထောင်စုအဖွဲ့ဝင်သတ်မှတ်တာကို တွေ့ရပါလိမ့်မယ်။ မြန်မာနိုင်ငံရဲ့နိုင်ငံတော်တည်ဆောက်ရေး (State Building) ကာလ တစ်လျှောက်လုံးမှာ နိုင်ငံရေးအာဏာ (Political Power) အတွက် အားပြိုင်မှုတွေ များစွာရှိခဲ့ပါတယ်။ အဲဒီကနေ သန္ဓေတည်ပြီး တိုင်းရင်းသားလူမျိုးစုများဆိုင်ရာ လက်နက်ကိုင်ပဋိပက္ခများအဖြစ် ယနေ့တိုင်ဖြစ်ပွားနေဆဲဖြစ်ရာ အခွင့်အာဏာများ၊ လုပ်ပိုင်ခွင့်များ၊ အကျိုးခံစားခွင့်များကို အချိုးညီညီအားလုံးနားလည်လက်ခံနိုင်တဲ့အထိ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးဟာ ရေရှည်လုပ်ငန်းဖြစ်ပါတယ်။

ပင်လယ်ပြင်ငြိမ်သက်နေချိန်မှာတော့ လူတိုင်းဟာ ပိုင်းလော့ချည်းပါပဲ။ ယခုအချိန်မှာ တိုင်းပြည်ကနေ့ မုန်တိုင်းက ထန်ထန်ဖြစ်နေရာ ခေါင်းဖြီးချင်ရင်တော့ ဆံပင်ရှိဖို့ လိုအပ်ပါတယ်။ ဆံပင်မရှိတဲ့သူက စင်ပေါ်တက်ပြီး (Hair Style) အကြောင်းရှင်းပြနေတာကို တာဝန်အရစင်အောက်ကနေ နားထောင်နေရတာဟာ အဆင်မပြေပါဘူး။ တကယ်တော့ လူတစ်ယောက်ရဲ့ တန်ဖိုးဆိုတာဟာ သူဖြတ်သန်းသွားရမယ့်ခေတ်ကြီးက သူ့ပခုံးပေါ်ကို တင်ပေးလိုက်တဲ့ တာဝန်တွေကို သူဘယ်လောက်ကျေပွန်အောင် ထမ်းဆောင်နိုင်သလဲဆိုတာနဲ့ပဲ တိုင်းတာရမှာပါ။ ခေါင်းဆောင်ဆိုတာဟာ မှန်ကန်တဲ့အလုပ်၊ တစ်နည်းအားဖြင့် ပြောရရင် လုပ်သင့်လုပ်ထိုက်တဲ့အလုပ်ကို လုပ်နေကြရသူတွေဖြစ်ပြီး နောက်လိုက်တွေကတော့ ကိုယ်လုပ်ရမယ့်အလုပ်ကို မှန်မှန်ကန်ကန်နဲ့ မြန်မြန်ဆန်ဆန်ဆောင်ရွက်ကြဖို့ပဲ ဖြစ်ပါတယ်။ "Leaders do the right things, Others do the things right" ရဲ့အခြေခံသဘောတရားကို နားလည်ဖို့သာ လိုအပ်ပါကြောင်း တင်ပြလိုက်ရပေသည်။

"Don't cry any more than usual"

**ကိုယ်ကစံပြအဖြစ်မနေနိုင်ရင် ခေါင်းဆောင်မလုပ်တာကောင်းတယ်။ စံပြဆိုတာဟာ သူများထက်ပိုအနစ်နာခံနိုင်ရမယ်။ သူများထက်ပိုစောင့်စည်းရမယ်။ အရည်အချင်းမရှိဘဲ၊ စံပြမဟုတ်ဘဲ ခေါင်းဆောင်လုပ်မယ်လို့ ကြံစည်တာဟာ ရာဇဝတ်မှုတစ်ခုကို ကျူးလွန်ဖို့ ကြိုးစားတာနဲ့တူသလို၊ တာဝန်မယူ တာဝန်မထမ်းဆောင်ဘဲ ခေါင်းဆောင်လုပ်ချင်တဲ့ စိတ်ဓာတ်ဟာ အရှက်နည်းတဲ့လုပ်ရပ်တစ်ခုပဲဖြစ်ပါတယ်။ အက်ရာပါလာတဲ့ ခေါင်းလောင်းကြောင့် အသံထွက်မကောင်းရတဲ့သဘောကိုနားလည်ကြမှာပါ။**

# မိုဘိုင်းဖုန်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးမည့် 7887 Healthcare Call Center မိတ်ဆက်

**နေပြည်တော် နိုဝင်ဘာ ၃**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် Trust Oo M-health Enterprise တို့ ပူးပေါင်းဆောင်ရွက်သော မိုဘိုင်းဖုန်းများမှတစ်ဆင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းလုပ်ငန်းစဉ်ဖြစ်သည့် 7887 Healthcare Call Center မိတ်ဆက်အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ် (Grand Ballroom) ၌ ကျင်းပသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်နုနုသာက အဖွင့်အမှာစကားပြောကြားပြီး Implementing M-health in Myanmar နှင့်စပ်လျဉ်း၍ 7887 Healthcare Call Center ၏ Founder ဒေါက်တာစွမ်းဆောင်ဦးက ရှင်းလင်းတင်ပြသည်။

ထို့နောက် 7887 Healthcare Call Center နှင့် မိတ်ဆက်ပြီး Call Center ၏ 24/ 7ဝန်ဆောင်မှုများကို ဒေါက်တာသဇင်ကိုကိုက ရှင်းလင်းတင်ပြသည်။

မိုဘိုင်းဖုန်းများမှတစ်ဆင့် ဝေးလံ၍ သွားလာရန်ခက်ခဲသော ကျေးလက်တောရွာဒေသများအပါအဝင် မြန်မာနိုင်ငံတစ်ဝန်းရှိ ပြည်သူများ ကျန်းမာရေးဆိုင်ရာ အသိပညာနှင့် ဗဟုသုတများကို အလွယ်တကူရရှိနိုင်စေရန် ရည်ရွယ်ခြင်းဖြစ်ပြီး Healthcare Call Center တွင် ဆရာဝန်များအား ဖုန်းဖြေကြားသူများအဖြစ် ခန့်ထားကာ စနစ်တကျ လေ့ကျင့်ပေးလျက်ရှိကြောင်းသိရသည်။

ဆရာဝန်များကိုယ်တိုင် ဝန်ဆောင်မှုပေးရာတွင် ဖုန်းခေါ်ဆိုသူခံစားနေရသော ဝေဒနာများအပေါ်အခြေခံကာ အသေးစိတ်မေးခွန်းများမေး၍ အကြံဉာဏ်ပေးခြင်း၊



တိုက်ရိုက်ကုသမှုခံယူရန် သင့်လျော်သည့် နီးစပ်ရာဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနများနှင့် ကျန်းမာရေးဝန်ထမ်းများထံ ညွှန်းပို့ပေးခြင်း၊ အိမ်တွင်းကုထုံးများနှင့် ရှေးဦးပြုစုနည်းများကို သင်ကြားပေးခြင်း၊ ကျန်းမာရေးနှင့် စပ်လျဉ်း၍ သိလိုသော အထွေထွေ မေးခွန်းများအား ဖြေကြားပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းတို့ကို ၂၄ နာရီ ဆောင်ရွက်ပေးလျက်ရှိသည်။

ဝန်ဆောင်ခအနေဖြင့် (ပုံမှန်ဖုန်းခေါ်ဆိုခ+တစ်မိနစ်လျှင် ၁၀၀)+အခွန် ၅ရာခိုင်နှုန်းကျသင့်မည်ဖြစ်ပြီး လက်ရှိကာလတွင် MPT ၏ Prepaid/Postpaid GSM/ WCDMA မိုဘိုင်းဖုန်းများဖြင့်သာခေါ်ဆိုနိုင်ပြီး မကြာမီကာလအတွင်း CDMA အပါအဝင် MPT မိုဘိုင်းဖုန်းအားလုံး ခေါ်ဆိုနိုင်တော့မည်ဖြစ်ကာ နောက်ပိုင်းတွင်ကျန်ရှိသည့် Mobile Operator များ၏ သုံးစွဲသူများပါ အဆိုပါ ကျန်းမာရေးဝန်ဆောင်မှုများကို နိုင်ငံတစ်ဝန်းလုံး တစ်ပြေးညီအသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဖေမြင့်၊ နိုင်သက်လွင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# အမျိုးသားလုံခြုံရေးနှင့် ပြည်သူ့အသက်အိုးအိမ်စည်းစိမ်ကို အစွမ်းကုန်ကာကွယ်မည်

❒ *ကျောဖုံးမှ*

“တိုက်ခိုက်မှုဖြစ်ပွားပြီး နောက်တစ်ရက် အောက်တိုဘာ ၁၀ ရက်ကစပြီး တာဝန်ရှိသူတွေအနေနဲ့ နယ်မြေဒေသလုံခြုံရေး၊ အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်တွေကို ဆောင်ရွက်ခဲ့ပါတယ်။

**ရွှေ့ပြောင်းပို့ဆောင်ခဲ့**

“ပထမအဆင့်အနေနဲ့ အကြမ်းဖက်တိုက်ခိုက်မှုကို အခြေပြုပြီး ဘာသာရေး၊ လူမှုရေးဆိုင်ရာ ပဋိပက္ခများအသွင် ဖန်တီးကူးပြောင်းမသွားစေဖို့ တာဝန်ရှိသူများနဲ့ ပေါင်းစပ်ညှိနှိုင်း စီမံဆောင်ရွက်ခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ ဒေသတွင်းလုံခြုံရေး တိုးမြှင့်ဆောင်ရွက်နိုင်ဖို့ တပ်မတော်မှ တပ်အင်အားများ တိုးမြှင့်ချထားတာတွေ၊ ရဲတပ်ဖွဲ့ဝင်အင်အားများ တိုးမြှင့်ချထားတာတွေကို တပ်မတော်မှ ရဟတ်ယာဉ်များနဲ့ လျင်မြန်စွာ ရွှေ့ပြောင်းပို့ဆောင်ခဲ့ပါတယ်။

“ဒုတိယအဆင့်အနေနဲ့ ဒေသတွင်းရှိ မြို့ရွာများကို အကြမ်းဖက်သမားများ အင်အားသုံးတိုက်ခိုက်မှုများ မပြုလုပ်နိုင်စေဖို့ အဓိကကျတဲ့ မြို့ရွာများရဲ့လုံခြုံရေးနဲ့ နယ်မြေအတွင်းရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဌာနချုပ်နဲ့ လုံခြုံရေးကို အင်အားတိုးမြှင့်ချထားခဲ့ပါတယ်။

“တတိယအဆင့်မှာ ဒေသတွင်းရှိ ရေလမ်းကြောင်းအပါအဝင် အဓိကဆက်သွယ်ရေးလမ်းကြောင်းတွေ ဆက်သွယ်မှုမပြတ်တောက်စေဖို့ လုံခြုံရေးတိုးမြှင့်ခဲ့ပါတယ်။ မြို့ ရွာဆက်သွယ်ရေးလမ်းကြောင်းတွေရဲ့ လုံခြုံရေးဆောင်ရွက်ထားသော်လည်း စိုးရိမ်ပူပန်မှုကြောင့် သွားလာမှုနည်းပါးတဲ့အတွက် ဌာနဆိုင်ရာအစီအစဉ်နဲ့ ပို့ဆောင်ပေးမှုတွေ ဆောင်ရွက်နေပါတယ်။

“စတုတ္ထအဆင့်မှာ ဒေသတွင်း ရပ်ရွာတွေရဲ့ တည်ငြိမ်အေးချမ်းရေးအတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှတစ်ဆင့် ရပ်ကွက်၊ ကျေးရွာများမှ တာဝန်ရှိသူများကို နည်းလမ်းစုံနဲ့ ဆက်သွယ်ပြီး ဒေသခံများ မိမိတို့သက်ဆိုင်သည့် ရပ်ကွက်၊ ကျေးရွာများမှာ ဆက်လက်နေထိုင်ရေး၊ စိုးရိမ်ပူပန်မှုကြောင့် နေအိမ်စွန့်ခွာတိမ်းရှောင်သူများအနေနဲ့လည်း မိမိတို့နေအိမ်များကို အေးချမ်းစွာ ပြန်လည်နေထိုင်ရေး တိုက်တွန်းဆောင်ရွက်လျက်ရှိပါတယ်။

“တစ်ချိန်တည်းမှာ ဒေသအတွင်း အမြန်ဆုံးတည်ငြိမ်အေးချမ်းမှုကို အထောက်အကူဖြစ်စေဖို့ ပြည်နယ်အစိုးရရဲ့ လမ်းညွှန်ချက်နဲ့ မြို့နယ်အလိုက် ပုဒ်မ ၁၄၄ ကို သက်တမ်းတိုးတာ၊ အချိန်ကန့်သတ်ချက်ပြင်ဆင်တာတွေ ထုတ်ပြန်ပြီး လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိပါတယ်။

**မိမိတို့သည် အစ္စလာမ်ဘာသာဝင်ဆိုပြီး တိုက်ခိုက်ခြင်းမဟုတ်၊ အကြမ်းဖက်တိုက်ခိုက်လာမှုကြောင့် လုံခြုံရေးအရ ပြန်လည်ခုခံသည့်သဘောဖြင့် ကာကွယ်ခြင်းဖြစ်၊ နယ်စပ်လုံခြုံရေး ဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များကို တိုက်ခိုက်လာသဖြင့် အကြမ်းဖက်တိုက်ခိုက်သူများကိုသာ ပြန်လည်တိုက်ခိုက်ခြင်းဖြစ်၊ ဒါကလည်း အပြည်ပြည်ဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်**

“ပဉ္စမအဆင့်မှာ ဒေသတွင်းပြည်သူတွေရဲ့စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စတဲ့အခြေအနေတွေ ပုံမှန်ဖြစ်လာစေဖို့ အရေးကြီးတဲ့အချက်ဖြစ်တဲ့ ဌာနဆိုင်ရာအသီးသီးရဲ့ မူလလုပ်ငန်းတာဝန်တွေ ရပ်တန့်မသွားစေဘဲ အုပ်ချုပ်ရေး ယန္တရားပုံမှန်လည်ပတ်စေဖို့ အလေးထားကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ အုပ်ချုပ်ရေး ယန္တရားအတွက် ဌာနအသီးသီးမှ ဝန်ထမ်းများအနေနဲ့ မိမိတို့တာဝန်ကျရာနယ်မြေအလိုက် ပုံမှန်အတိုင်း စနစ်တကျ နေထိုင်တာဝန်ထမ်းဆောင်နိုင်ဖို့ ပြည်နယ်အစိုးရ တာဝန်ရှိသူတွေနဲ့ ပေါင်းစပ်ညှိနှိုင်းပြီး ဆောင်ရွက်ထားပါတယ်။

“ဖြစ်စဉ်ဖြစ်ပွားမှုကြောင့် ဝေးလံတဲ့ကျေးရွာတွေမှာ စားဝတ်နေရေးခက်ခဲနေတာ ကြားသိရတဲ့အတွက် တပ်မတော်၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနဲ့ ပြည်နယ်အစိုးရမှ ထောက်ပံ့တဲ့ ဆန်နဲ့စားသောက်ကုန်တွေကို သက်ဆိုင်ရာကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များနဲ့ ပို့ဆောင်ပေးလျက်ရှိပါတယ်။

“ဖြစ်ပွားခဲ့တဲ့ ဖြစ်စဉ်များနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီး လိုအပ်ချက်တွေကို ပြင်ဆင်ဖြည့်စွက်လျက်ရှိပါတယ်။ နယ်မြေရှင်းလင်းမှုစစ်ဆင်ရေး ဆောင်ရွက်ချိန်မှာ ကျေးရွာများအတွင်း ဝင်ရောက်ရှင်းလင်းမှုတွေမှာ ရဲတပ်ဖွဲ့ဝင်တွေက ရှေ့ကဝင်ရောက်ရှင်းလင်းပြီး တပ်မတော်က နောက်ပိုင်းလုံခြုံရေးကို ဆောင်ရွက်ပါတယ်။

**ဥပဒေနှင့်အညီ ဆောင်ရွက်**

“ရွာသားတွေ၊ လူအုပ်စုတွေထိန်းသိမ်းကာကွယ်နိုင်ဖို့ ရဲတပ်ဖွဲ့ဝင်တွေကို Non- lethal weapons တပ်ဆင်ထားရှိပါတယ်။ ရွာအပြင်ဘက် တောတောင်တွေမှာ နယ်မြေရှင်းလင်းမှုတွေမှာ တပ်မတော်က ရှေ့မှဦးဆောင်ရှင်းလင်းပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဖမ်းဆီးထိန်းသိမ်းထားသူတွေကို ဥပဒေနှင့်အညီ အမှုဖွင့်လှစ်ထားပြီး စစ်ဆေးမှုတွေမှာလည်း နှိပ်စက်ညှဉ်းပန်းမှုမပြုဘဲ အိပ်ချိန်၊ စားချိန်တွေ စနစ်တကျ စီစဉ်ထားပါတယ်။ စစ်ဆေးမှုအားလုံးကို ဗီဒီယိုမှတ်တမ်းထားရှိပါတယ်။

သေဆုံးသွားတဲ့ အကြမ်းဖက်တိုက်ခိုက်သူတွေကိုလည်း သက်ဆိုင်ရာ ရပ်ရွာလူကြီးတွေနဲ့အတူ ဘာသာရေးထုံးစံတွေနဲ့ အညီ သင်္ဂြိုဟ်ပေးခဲ့ပါတယ်။ လူ့အသိုက်အဝန်း (Community) အချင်းချင်း ထိပ်တိုက်မဖြစ်စေဖို့ လုံခြုံမှုနဲ့ ယုံကြည်မှုရရှိစေဖို့ ကြိုးစားဆောင်ရွက်နေပါတယ်။ အင်အားသုံးရာမှာလည်း ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်ကာကွယ်ဖို့ အမြင့်ဆုံး မူဝါဒထားရှိပြီး ဆောင်ရွက်နေပါတယ်။ အင်အားသုံးတဲ့အခါမှာ အချိုးအစား မျှတဖို့၊ ဥပဒေနှင့်အညီဖြစ်စေဖို့၊ တာဝန်ခံနိုင်ဖို့ လိုအပ်သလောက်သာ အသုံးပြုတဲ့အချက်များနဲ့အညီ ဆောင်ရွက်နေပါတယ်။

“ဖြစ်စဉ်မှာပါဝင်ပတ်သက်တဲ့ ပြစ်မှုကျူးလွန်သူတွေကို ဖမ်းဆီးရမိအရေးယူနိုင်ဖို့၊ နယ်မြေအလိုက် တည်ငြိမ်အေးချမ်းဖို့ လုံခြုံရေး၊ ဆုံးရှုံးသွားတဲ့ လက်နက်ခဲယမ်းတွေ ပြန်လည်ရရှိဖို့ တပ်အင်အားတွေဖြည့်တင်းပြီး တပ်မတော်စစ်ကြောင်းတွေနဲ့ နယ်ခြားစောင့် ရဲတပ်ဖွဲ့ဝင်တွေပူးပေါင်းပြီး နယ်မြေပိတ်ဆို့ရှင်းလင်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးကိစ္စတွေကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေပါတယ်။

**သိမ်းဆည်းရမိ**

“အောက်တိုဘာ ၁၉ ရက်အထိ ထိတွေ့မှု ၁၂ ကြိမ်၊ မိမိဘက်မှ တပ်မတော်သားငါးဦးနဲ့ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင် ကိုးဦး ကျဆုံးပြီး နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင် ခြောက်ဦးနဲ့ အရပ်သား သုံးဦး ဒဏ်ရာရရှိခဲ့ပါတယ်။ တပ်မတော်မှ လက်နက်ငယ်နှစ်လက်၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ လက်နက်ငယ် ၆၄ လက်၊ ခဲယမ်း ၁၀၁၄၀၊ ကျည်အိမ် ၁၇၃ ခု၊ လုံ့စွပ် ၄၇ ချောင်း ဆုံးရှုံးခဲ့ပါတယ်။ အကြမ်းဖက်တိုက်ခိုက်မှုတွေမှာ ပါဝင်တဲ့ မသင်္ကာသူ ၈၉ ဦးကို ဖမ်းဆီးစစ်ဆေးနေပြီး ၃၃ ဦး အသေရရှိခဲ့ကာ လက်နက်ငယ်မျိုးစုံ ၁၀ လက် သိမ်းဆည်းရမိထားပါတယ်။

“ဖမ်းဆီးရမိသူတွေကို စစ်ဆေးဖော်ထုတ်ချက်အရ အကြမ်းဖက်တိုက်ခိုက်မှုတွေကို မြန်မာနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်နယ်စပ်မှာ ခိုအောင်းလှုပ်ရှားနေတဲ့ RSO အဖွဲ့နဲ့ ဆက်နွှယ်တဲ့ ဘာသာရေးအစွန်းရောက် ဟာဗစ်တူဟာရ် ဦးဆောင်သည့် အကာလ်မူလ် မူဂျာဟီဒင်န် အဖွဲ့က ပြုလုပ်ခဲ့တာဖြစ်ကြောင်းနဲ့ ပြည်တွင်းပြည်ပဆက်စပ်လုပ်ဆောင်ခဲ့မှု အခြေအနေတွေကို အောက်တိုဘာ ၁၄ ရက်မှာ နိုင်ငံတော်သမ္မတရုံးက ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါတယ်။

“ဟာဗစ် တူဟာရ် ဟာ မောင်တောဒေသအတွင်း ဂျီဟတ်ပြုလုပ်ရန် သူတို့ထံ လာရောက်ရေး ဖိတ်ခေါ်မှုတွေ၊ အသေခံတိုက်ခိုက်ဖို့ တိုက်တွန်းမှုတွေ၊ အခွင့်အရေးတောင်းဆိုမှုတွေပါဝင်တဲ့ ဝါဒဖြန့်ပြောကြားချက် ဗီဒီယိုဖိုင်လေးခုကို အောက်တိုဘာ ၁၂ ရက်မှ ၁၅ ရက်အတွင်း လူမှုကွန်ရက်တွေမှာ လွှင့်တင်ခဲ့တာတွေရှိရပါတယ်။

“ယခုနှစ် ဩဂုတ် ၂၄ ရက်က ဖွဲ့စည်းခဲ့တဲ့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာ ကိုဖီအာနန် ဦးဆောင်တဲ့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဟာ မြန်မာနိုင်ငံကို ယခုတိုက်ခိုက်မှုဖြစ်စဉ်မတိုင်မီ စက်တင်ဘာ ၃ ရက်မှ ၈ ရက်ထိ လာရောက်ခဲ့ပြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ နှစ်ဖက်လူမှုအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့်တွေ့ဆုံပြီး တွေ့ရှိချက်တွေကို အစီရင်ခံစာတင်ပြနိုင်ဖို့ ဆောင်ရွက်နေပါတယ်။

“တိုက်ခိုက်မှုဖြစ်ပွားပြီးတဲ့နောက် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ရေး ဗဟိုကော်မတီကလည်း အစည်းအဝေးနှစ်ကြိမ်ကျင်းပခဲ့ပြီး ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနဲ့ စီမံခန့်ခွဲမှုလုပ်ငန်းများ ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။

**လေ့လာစုံစမ်း**

“ဒါ့အပြင် ကော်မတီဝင်များ၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများဟာ ရခိုင်ပြည်နယ်ကို ကွင်းဆင်းရောက်ရှိပြီး ဒေသဆိုင်ရာအာဏာပိုင်တွေ၊ တပ်မတော်နဲ့ ရဲတပ်ဖွဲ့တွေ ပေါင်းစပ်ကာ လုပ်ဆောင်သင့်တာတွေကို ဆောင်ရွက်နေကြပါတယ်။ ဒါ့အပြင် ရခိုင်ပြည်နယ်လွှတ်တော်ကလည်း စုံစမ်းရေးအဖွဲ့ကိုဖွဲ့စည်းထားပြီး တိုက်ခိုက်မှုနဲ့ ပတ်သက်တာတွေကို အခြေခံကျကျ လေ့လာစုံစမ်းမှုတွေ ပြုလုပ်နေပါတယ်။

“မြန်မာနိုင်ငံအနေနဲ့ မည်သို့သောအကြမ်းဖက်မျိုးကိုမဆို လက်ခံမှာမဟုတ်ဘဲ အကြမ်းဖက်တိုက်ခိုက်မှုများနဲ့ အားပေးကူညီထောက်ပံ့သူတွေကို ပြင်းပြင်းထန်ထန် ထိထိရောက်ရောက် တုံ့ပြန်သွားမှာဖြစ်ပါတယ်။ အကြမ်းဖက်တိုက်ခိုက်မှုတွေကို ကိုင်တွယ်ဖြေရှင်းရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ တည်ဆဲဥပဒေများနှင့်အညီ အမျိုးသားလုံခြုံရေးနှင့် ပြည်သူ့အသက်အိုးအိမ်စည်းစိမ်ကို အစွမ်းကုန်ကာကွယ်စောင့်ရှောက်သွားမှာဖြစ်ပါတယ်လို့ ရှင်းလင်းတင်ပြအပ်ပါတယ်” ဟု ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးနှင့် သံတမန်များ၏ မေးမြန်းချက်များအား တာဝန်ရှိသူများက အောက်ပါအတိုင်း ရှင်းလင်းဖြေကြားခဲ့ကြသည်-

ဖမ်းဆီးရမိထားသည့် အကြမ်းဖက်ဖြစ်စဉ်တွင် ပါဝင်ပတ်သက်ခဲ့သော မသင်္ကာသူတစ်ဦး စစ်ဆေးစဉ် သေဆုံးခဲ့မှုနှင့်ပတ်သက်၍ မေးခွန်းကို ဖြေကြားရာတွင် မိမိတို့ ဥပဒေနှင့်အညီ မေးမြန်းစုံစမ်းခဲ့ကြောင်း၊ ၎င်းသေဆုံးသွားသည်ဆိုသည်မှာ ပင်ကို ရောဂါကြောင့် သေဆုံးသွားခြင်းဖြစ်ကြောင်း၊ မသေဆုံးမီ ဆေးရုံပို့ပေးခဲ့ကြောင်း၊ သေဆုံးသွားပြီးနောက် ၎င်းတို့၏ ဘာသာရေးဓလေ့ထုံးစံနှင့်အညီ သင်္ဂြိုဟ်ခွင့်ပေးခဲ့ကြောင်း၊ ထိန်းသိမ်းထားစဉ်အတွင်း သေဆုံးခဲ့ပါက လုပ်ထုံးလုပ်နည်းအရ စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ကြောင်း၊ သေဆုံးသည်ဟု ကြေးနန်းရသည်နှင့် ညွှန်ကြားချက်ကို ချက်ချင်းတောင်းခံပြီး တပ်မတော်ရဲ့အက်ဥပဒေအရ ဖြစ်စဉ်ကို စုံစမ်း စစ်ဆေးဖို့ ခုံရုံးဖွဲ့ကြောင်း၊ သက်သေအားလုံး၏ ထွက်ဆိုချက်များကို ယူကြောင်း၊ အဓိကကျသည့် ဆရာဝန်၏ သေမှုသေခင်း ထွက်ဆိုချက်ကို ရယူပါကြောင်း၊ ပြင်ပ ဒဏ်ရာ ရှိ/မရှိ၊ ပြင်ပဒဏ်ရာကြောင့် သေဆုံးခြင်း ရှိ/မရှိက ဆရာဝန် ထွက်ဆိုချက်သည် အဓိကကျပါကြောင်း၊ စုံစမ်းစစ်ဆေးရေးအဖွဲ့မှ စုံစမ်းစစ်ဆေးပြီး ဆက်လက်တင်ပြပါကြောင်း ဖြေကြားသည်။

**ဦးဆောင်တိုက်ခိုက်**

အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်တွင် အစွန်းရောက် အသေခံဗုံးခွဲတိုက်ခိုက်မှုများ ပါဝင်ခြင်း ရှိ မရှိ မေးခွန်းကို ဖြေကြားရာတွင် ယခုဖြစ်စဉ်တွင်တော့ အသေခံဗုံးခွဲတိုက်ခိုက်မှုများ မပါဝင်ပါကြောင်း၊ ယခုဖြစ်စဉ်ကို ဦးဆောင်သူမှာ ပါကစ္စတန်နိုင်ငံတွင် လေ့ကျင့်ထားသည့် အကြမ်းဖက်သမားဖြစ်ကြောင်း စုံစမ်းသိရှိရသည်ဟု နိုင်ငံတော်သမ္မတရုံးက သတင်းထုတ်ပြန်ပြီးဖြစ်ပါကြောင်း၊ ထိုသူတွေက မောင်တောဒေသရှိ ဒေသခံအချို့ကို လေ့ကျင့်ပေးခဲ့သည်ဟု ဖော်ထုတ်စုံစမ်းသိရှိရပါကြောင်း၊ ယင်းမူဂျာဟစ်ဒင်အဖွဲ့သည် ပါကစ္စတန်နိုင်ငံမှ အကြမ်းဖက်အဖွဲ့နှင့် ဆက်နွှယ်မှုရှိသည်ဟု အိန္ဒိယနိုင်ငံမှ သတင်းစာအချို့က အထောက်အထားနှင့်တကွ ရေးသားဖော်ပြခဲ့ပါကြောင်း၊ မောင်တောမြို့နယ်အတွင်းရှိ နယ်ခြားစောင့်တပ်စခန်းများကို တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်အုပ်စုများသည် ပါကစ္စတန်နိုင်ငံအခြေစိုက် အကြမ်းဖက်အုပ်စုများသာမက ဂျမ္မူး-ကက်ရှ်မီးယားမှ အကြမ်းဖက်အုပ်စုများနှင့် ဆက်စပ်မှုရှိသည်ဟု အိန္ဒိယနိုင်ငံထုတ် The Economic Times သတင်းစာက အထောက်အထားနှင့်တကွ ရေးသားဖော်ပြခဲ့သည်ကို လေ့လာမိပါကြောင်း၊ ထို့ကြောင့် အကြမ်းဖက်မှုကို ဦးဆောင်သူက ပြည်ပမှာ လေ့ကျင့်ထားပြီး ဒေသခံများကို ဦးဆောင်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဖြေကြားသည်။

အစ္စလာမ်ဘာသာဝင်များကို ဖိနှိပ်တိုက်ခိုက်နေသည်ဟု သတင်းများထွက်ပေါ်နေကြောင်း မေးမြန်းမှုနှင့်ပတ်သက်၍ မိမိတို့သည် အစ္စလာမ်ဘာသာဝင်ဆိုပြီး တိုက်ခိုက်ခြင်းမဟုတ်ကြောင်း၊ အကြမ်းဖက်တိုက်ခိုက်လာမှုကြောင့် လုံခြုံရေးအရ ပြန်လည်ခုခံသည့်သဘောဖြင့် ကာကွယ်ခြင်းဖြစ်ပါကြောင်း၊ နယ်စပ်လုံခြုံရေး ဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များကို တိုက်ခိုက်လာသဖြင့် အကြမ်းဖက်တိုက်ခိုက်သူများကိုသာ ပြန်လည်တိုက်ခိုက်ခြင်းဖြစ်ပါကြောင်း၊ ဒါကလည်း အပြည်ပြည်ဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ လောလောဆယ်မှာတော့ ဝါးပိတ်ရွာနှင့် ကျီးကန်းပြင်ရွာတို့သည် အကြမ်းဖက်တိုက်ခိုက်ခဲ့မှုမှာ ပါဝင်ပတ်သက်ခဲ့သည့် ရွာများဖြစ်၍ အကြမ်းဖက်သူများ ရွာကိုပြန်မလာကြသေးပါကြောင်း၊ ပြောင်ပိုက်ကျေးရွာနှင့် ကြက်ရိုးပြင်ရွာသားများလည်း အကြမ်းဖက်တိုက်ခိုက်မှုမှာ ပါဝင်ခဲ့သဖြင့် အခုအချိန်တွင် ရည်ရွယ်ချက်ရှိရှိ တိမ်းရှောင်ပုန်းအောင်းနေဆဲ ဖြစ်ပါကြောင်း၊ ထို့ကြောင့် အဲဒီရွာများမှ လူများသည် ဝင်ရောက်နေထိုင်ခြင်းမရှိသေးခြင်းဖြစ်ပါကြောင်း၊ အေးချမ်းမှုနှင့် တည်ငြိမ်ရေး တိုးတက်လာသည့် ရွာများတွင်တော့ လုံခြုံရေးဆောင်ရွက်မှု လျှော့ချထားပြီဖြစ်ပါကြောင်း ဖြေကြားသည်။

**ပွင့်လင်းမြင်သာစွာ ဆောင်ရွက်**

နိုင်ငံတကာနှင့် ပြည်တွင်းမီဒီယာအချို့တွင် ဖော်ပြနေသည့် တပ်မတော်က နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ်ကာလအတွင်း အကြမ်းဖက်မှုဖြစ်ပွားသည့် ကျေးရွာများတွင် မုဒိမ်းမှုများ ကျူးလွန်နေသည်ဟူသော သတင်းများထွက်ပေါ်နေကြောင်း မေးခွန်းကို ဖြေကြားရာတွင် ယင်းတို့မှာ တမင်တကာ လုပ်ကြံဖန်တီးဖော်ပြထားခြင်းဖြစ်ပါကြောင်း၊ ယင်းတို့ကိုလည်း အချိန်မရွေး စုံစမ်းမေးမြန်းနိုင်ပါကြောင်း၊ အကယ်၍ ကျူးလွန်ကြောင်းထင်ရှားပါက ထိရောက်စွာပြစ်ဒဏ်ပေးအရေးယူမှုကိုလည်း ပွင့်လင်းမြင်သာစွာ ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ယခု အကြမ်းဖက်တိုက်ခိုက်မှုမှာ အများဆုံးပါဝင်ခဲ့သည့် ရွာများမှာ ကျီးကန်းပြင်၊ ဝါးပိတ်၊ ပြောင်ပိုက်နှင့် ကြက်ရိုးပြင် ဆိုသည့် ရွာလေးရွာဖြစ်ပါကြောင်း၊ ယင်းရွာများကို လေ့လာရန် ယခုရောက်ရှိလာသည့် နိုင်ငံတကာမှ သံတမန်များကို ခေါ်ယူပြသပေးသွားမှာဖြစ်ပါကြောင်း ဖြေကြားခဲ့သည်။

---

❋ *ကျောဖုံးမှ*

“အကြမ်းဖက်မှုဖြစ်တဲ့ အောက်တိုဘာ ၉ ရက်ကနေ ၁၃ ရက်နေ့ထိ မောင်တော-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်မှု ပိတ်ထားတယ်။ ၁၄ ရက်နေ့ကစပြီးနောက်ပိုင်း နယ်စပ်ကုန်သွယ်မှုက ပုံမှန်အခြေအနေ ပြန်ရောက်နေပါပြီ။ ဘင်္ဂလားဒေ့ရှ်ဘက်က သွင်းကုန်တော့မရှိသေးဘူး။ ဒီဘက်ကပဲ ကုန်ပစ္စည်းပို့တာပဲ ရှိသေးတယ်” ဟု မောင်တောနယ်စပ်ကုန်သွယ်ရေး ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက ပြောသည်။

မောင်တော-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်မှုမှာ သာမန်အခြေအနေတွင် မောင်တောမှ ဘင်္ဂလားဒေ့ရှ်ဘက်သို့ ရေခဲပုစွန်၊ ငါးခြောက်နှင့် တခြားပစ္စည်း ပို့ကုန် ၉၀ ရာခိုင်နှုန်းရှိသော်လည်း ဘင်္ဂလားဒေ့ရှ်ဘက်မှ မောင်တောသို့ သွင်းကုန်မှာ ဒန်အိုး ဒန်ခွက်နှင့် အဝတ်အထည်ပို့ကုန် ၁၀ ရာခိုင်နှုန်းသာရှိကြောင်း မောင်တောနယ်စပ်ကုန်သွယ်ရေး ကုန်သည်ကြီးများအသင်းမှ သိရသည်။

“နယ်စပ်တွေမှာက ကုန်သည်အချင်းချင်း နားလည်မှုနဲ့ အရောင်းအဝယ်လုပ်ကြတာ။ ကုန်ပစ္စည်းရောင်းပြီးမှ ငွေချေကြတာ။ ဒီဘက်က နယ်မြေအခြေအနေကြောင့် ဘင်္ဂလားဒေ့ရှ်ဘက်က ကုန်သည်က ဒီဘက်ကိုပစ္စည်းပို့လိုက်ရင် ဆုံးမလားဆိုတဲ့ စိုးရိမ်စိတ်ဖြစ်နေတယ်။ ဒါကြောင့် ဒီဘက်ကို ကုန်ပစ္စည်းမပို့ဖြစ်တာ” ဟု ဦးအောင်မြင့်သိန်းက သုံးသပ်ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်မှ ကုန်ပစ္စည်းများသည် ရခိုင်ပြည်နယ် စစ်တွေနှင့် မောင်တောမြို့များမှ ဝင်ရောက်ပြီး မောင်တောမြို့မှာ ဘင်္ဂလားဒေ့ရှ်နှင့် အဓိကကုန်သွယ်မှုပြုရာ နယ်စပ်ဂိတ်ဖြစ်ကြောင်း မောင်တောနယ်စပ်ကုန်သွယ်ရေးကုန်သည်ကြီးများ အသင်းမှ သိရသည်။

“လစဉ် လစဉ် နယ်စပ်ကုန်သွယ်မှုနဲ့ ပတ်သက်ပြီး လျာထားချက်တွေရှိတယ်။ အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် ပို့ကုန်လုပ်ငန်းကို မထိခိုက်ပါဘူး” ဟု အသင်းဥက္ကဋ္ဌက ပြောသည်။

မောင်တော-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်ရေး၏ အဓိကအားထားရာ မောင်တောမြို့ဈေးကြီးမှာလည်း ပြန်လည်ဖွင့်လှစ်နေသော်လည်း ကျေးလက်ဒေသများမှ လာရောက်ဈေးဝယ်သူ နည်းပါးနေ၍ ဈေးဆိုင်အများစုမှာ အချိန်ပြည့် ဖွင့်လှစ်မှုမရှိခြင်းကြောင့် နယ်စပ်ကုန်သွယ်မှုကို လျော့နည်းစေကြောင်း မောင်တောမြို့ရှိ ကုန်သည်များက သုံးသပ်ထားသည်။

အောက်တိုဘာလအတွင်း မောင်တော-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်မှုတွင် မောင်တောမှ ဘင်္ဂလားဒေ့ရှ်သို့ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ငါးသိန်းခန့်ရှိကြောင်း မောင်တောနယ်စပ်ကုန်သွယ်ရေးကုန်သည်ကြီးများအသင်းမှ သိရသည်။

# ရခိုင်ပြည်နယ်တွင်ဖြစ်ပွားသည့် အကြမ်းဖက်မှုများနှင့်ပတ်သက်၍ အစိုးရအဖွဲ့၏ လက်ရှိဆောင်ရွက်ထားသည့် အခြေအနေများကို သိရှိနိုင်ရန်အတွက် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာသံအမတ်ကြီးအချို့၏ မေတ္တာရပ်ခံချက်အတိုင်း အစိုးရမှ ဖြည့်ဆည်းပေးနိုင်ဟု လေ့လာခဲ့သူများ ပြောကြား

**စစ်တွေ နိုဝင်ဘာ ၃**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်နှင့် ရသေ့တောင်မြို့နယ်တို့၌ ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများနှင့်ပတ်သက်၍ အစိုးရအဖွဲ့၏ လက်ရှိဆောင်ရွက်ထားသည့် အခြေအနေများကို သိရှိနိုင်ရန်နှင့် အခြေအနေကို ကွင်းဆင်းလေ့လာရန်အတွက် စစ်တွေမြို့သို့ ရောက်ရှိနေသည့် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး/လူသားချင်းစာနာမှု အကူအညီပေးရေးညှိနှိုင်းရေးမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများသည် ယနေ့နံနက် ၈နာရီခွဲက စစ်တွေမြို့ရှိ ပြည်နယ်အစိုးရဧည့်ဂေဟာတွင် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်တို့နှင့် တွေ့ဆုံ၍ ရခိုင်ပြည်နယ်နှင့်ပတ်သက်သည့် ဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေးနှင့် အကူအညီပေးနိုင်မည့်အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

**တွေ့ဆုံမေးမြန်း**

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် ဦးဆောင်၍ UNDP ကိုယ်စားလှယ်နှင့် မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများသည် စစ်တွေမြို့မှ ရဟတ်ယာဉ်ဖြင့် မောင်တောမြို့နယ်ရှိ ရခိုင်လူမျိုးများနေထိုင်သည့် မောရဝတီကျေးရွာသို့ သွားရောက်ကာ လက်ရှိနေထိုင်လျက်ရှိသည့် အခြေအနေများကို တွေ့ဆုံမေးမြန်းခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် အစ္စလာမ်ဘာသာဝင်များ နေထိုင်သည့် ဇော်မတက်ကျေးရွာသို့ သွားရောက်ပြီး နယ်မြေအေးချမ်းမှုအခြေအနေ၊ နေထိုင်စားသောက်မှုနှင့် ပညာရေးအခြေအနေတို့ကို တွေ့ဆုံမေးမြန်းရာ ဒေသခံများက ငြိမ်းချမ်းမှုရှိကြောင်း၊ ယခုဖြစ်ပွားသည့် အကြမ်းဖက်မှုတွင် ပါဝင်ခြင်းမရှိကြောင်း၊ ဥပဒေနှင့်အညီ နေထိုင်၍ အဆင်ပြေအေးချမ်းစွာ နေထိုင်လျက်ရှိကြောင်းပြောကြားသည်။



ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များ ဇော်မတက်ကျေးရွာ၌ နယ်မြေအေးချမ်းမှုအခြေအနေ၊ နေထိုင်စားသောက်မှုနှင့် ပညာရေးအခြေအနေတို့ကို တွေ့ဆုံမေးမြန်းစဉ်

**အတူတကွ နေထိုင်**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် ဦးဆောင်၍ UNDP ကိုယ်စားလှယ်နှင့် မြန်မာနိုင်ငံဆိုင်ရာသံအမတ်ကြီးများသည် အစ္စလာမ်ဘာသာဝင်များနှင့် ရခိုင်လူမျိုးများ အတူတကွနေထိုင်သည့် အလယ်သံကျော်ကျေးရွာသို့ သွားရောက်ကြည့်ရှုသည်။ အလယ်သံကျော်ကျေးရွာအုပ်စုတွင် လူဦးရေ ၁၁၀၀၀ ကျော် နေထိုင်ပြီး ရခိုင်တိုင်းရင်းသား အနည်းငယ်သာနေထိုင်သော်လည်း အစ္စလာမ်ဘာသာဝင်များနှင့်အတူတကွ ရင်းနှီးခင်မင်စွာ နေထိုင်လျက်ရှိကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အောက်တိုဘာ ၉ ရက်က အကြမ်းဖက်ဝင်ရောက်စီးနင်းခံရသည့် ရသေ့တောင်မြို့နယ်ရှိ ကိုးတန်ကောက်ရဲစခန်းနှင့် ကိုးတန်ကောက် ကျေးရွာတို့သို့ သွားရောက်ခဲ့သည်။ ကိုးတန်ကောက်ကျေးရွာတွင် အစ္စလာမ်ဘာသာဝင်များသာ နေထိုင်ပြီး သွားရောက်တွေ့ဆုံရာတွင် ကျေးရွာသားများက အင်္ဂလိပ်စာဘာသာစကားဖြင့် ရေးသားထားသောဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့သို့ ပြန်လည်ရောက်ရှိကြပြီး ညနေ ၄ နာရီတွင် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး/လူသားချင်းစာနာမှု အကူအညီပေးရေး ညှိနှိုင်းရေးမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးအချို့သည် ရခိုင်ပြည်နယ်လွှတ်တော်ရုံးခန်းမ၌ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံသည်။

ဆက်လက်၍ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး/လူသားချင်းစာနာမှု အကူအညီပေးရေးညှိနှိုင်းရေးမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာသံအမတ်ကြီးများသည် မောင်တောမြို့နယ်နှင့် ရသေ့တောင်မြို့နယ်ရှိ ကျေးရွာများသို့ နှစ်ရက်တာ သွားရောက်လေ့လာခဲ့သည့် အခြေအနေကို ရှင်းလင်းရန် သတင်းမီဒီယာများနှင့် စစ်တွေလေဆိပ်၌ တွေ့ဆုံသည်။

**လေ့လာသုံးသပ်**

တွေ့ဆုံစဉ် UNDP ကိုယ်စားလှယ်နှင့် မြန်မာနိုင်ငံဆိုင်ရာသံအမတ်ကြီးများက အကြမ်းဖက်ဖြစ်စဉ်ကြောင့် ကျေးရွာများအား စွန့်ခွာထွက်ပြေးသူများ၏ လိုအပ်ချက်ကို ကူညီပေးရန် အစိုးရအား အကြံပြုခဲ့ကြောင်း၊ ထွက်ပြေးတိမ်းရှောင်သူများသည် ကိုယ့်ရပ် ကိုယ့်ရွာသို့ ပြန်လာစပြုနေပြီဖြစ်ကြောင်း၊ ထိုသို့ ပြန်လည်ရောက်ရှိရာတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် စောင့်ကြည့်လေ့လာရန် အစိုးရက ခွင့်ပြုခဲ့ကြောင်း၊ ရပ်ဆိုင်းထားသည့် အပြည်ပြည်ဆိုင်ရာကူညီထောက်ပံ့မှုများ ဆက်လက်ပေးအပ်ရန် တိုက်တွန်းမည်ဖြစ်ကြောင်း၊ မိမိတို့သည် စုံစမ်းစစ်ဆေးရေးအဖွဲ့မဟုတ်ဘဲ အခြေအနေကို လာရောက်လေ့လာသုံးသပ်ခြင်းသာဖြစ်ကြောင်း။

မြေပြင်အခြေအနေကို လေ့လာခြင်းဖြစ်ပြီး အစိုးရနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် မိမိတို့အနေဖြင့် အခွင့်အရေးများရရှိခဲ့ပါကြောင်း၊ ဖြစ်ပေါ်နေသည့် စိန်ခေါ်မှုများအားလုံးကိုအဖြေရှာရန် အစိုးရနှင့် ညှိနှိုင်းခဲ့ပြီးဖြစ်ကြောင်း၊ စွပ်စွဲချက်များ ဟုတ်၊ မဟုတ်ကို သေချာပြော၍ မရသေးကြောင်း၊ တွေ့ရှိရသည့် ဖြစ်စဉ်တွင် မည်သည့် အမျိုးသမီးတစ်ဦးတစ်ယောက်မျှ အဓမ္မပြုကျင့်ခံရသည်ဟု မပြောခဲ့ကြောင်း၊ အရေးကြီးသည့်အရာမှာ တရားဥပဒေစိုးမိုးရေးကို လိုက်နာရန်ဖြစ်ကြောင်း၊ လုံခြုံရေးအတွက် စီမံချက်ချဆောင်ရွက်နေသည်များလည်း ရှိပါကြောင်း၊ မည်သည့်နိုင်ငံမဆို ယခုကဲ့သို့ တိုက်ခိုက်မှုများရှိလာပါက လုံခြုံရေး အရေးယူဆောင်ရွက်မှုများ ရှိမည်ဖြစ်ကြောင်း။

အစိုးရအနေဖြင့် ယခုလက်ရှိတွင် အပြည်ပြည်ဆိုင်ရာလုပ်ထုံးကို လိုက်နာဆဲဖြစ်ပြီး ဆက်လက်လိုက်နာရန် တိုက်တွန်းခဲ့ကြောင်း၊ မိမိတို့သွားချင်သည့် ရွာများအား အစိုးရထံ မေတ္တာရပ်ခံခဲ့ရာ အစိုးရကလည်း မိမိတို့ဆန္ဒအတိုင်း လိုက်လံပို့ဆောင်ခဲ့ကြောင်း၊ စွပ်စွဲမှုများရှိနေသော်လည်း အစိုးရအနေဖြင့် ကန့်သတ်ချက်များ မပြုလုပ်ခဲ့ကြောင်း၊ မိမိတို့သွားချင်သည့်နေရာနှင့် တွေ့ဆုံမှုတောင်းခံခဲ့သည်များလည်း ရရှိခဲ့ကြောင်း၊ စွပ်စွဲမှုများ မှန်ကန်ခြင်း ရှိ၊ မရှိ စုံစမ်းစစ်ဆေးနိုင်ရန်နှင့် နိုင်ငံတကာအဖွဲ့အစည်းများ ဝင်ရောက်ခွင့်ရရန် အစိုးရကို တိုက်တွန်းခဲ့ကြောင်း၊ မိမိတို့ တွေ့ဆုံခဲ့သည့် အစိုးရတာဝန်ခံအရာရှိကြီးများအားလုံး မိမိတို့၏ အကြံပြုချက်များအပေါ် လက်ခံရန် အသင့်ရှိကြောင်း၊ မိမိတို့တွေ့ဆုံခဲ့သည့် သူများသည် ၎င်းတို့ပြောချင်သည်များကို ပြောခွင့်ရကြောင်း၊ လေ့လာသူများ၊ စုံစမ်းစစ်ဆေးမည့်သူများ လာရောက်ရန် အခွင့်များလည်း ရရှိခဲ့ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် အစိုးရအဖွဲ့ဝင်များ၊ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး/လူသားချင်းစာနာမှု အကူအညီပေးရေး ညှိနှိုင်းရေးမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများသည် ညနေပိုင်းတွင် စစ်တွေမြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**

# စပါးခင်းများ အချိန်မီရိတ်သိမ်းနိုင်ရန်အတွက် စပါးရိတ်စက်များကို မောင်တောဒေသသို့ ပေးပို့

**မောင်တော နိုဝင်ဘာ ၃**

နယ်မြေတည်ငြိမ်အေးချမ်းသွားပြီဖြစ်သည့်အတွက် ရခိုင်ပြည်နယ် မောင်တောဒေသ၌ စိုက်ပျိုးထားသည့် စပါးများ အချိန်မီရိတ်သိမ်းနိုင်ရန် ရခိုင်ပြည်နယ်အစိုးရနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့က မောင်တောဒေသရှိ ဒေသခံလယ်သမားများထံ စပါးရိတ်စက်များ ပေးပို့ခဲ့ကြောင်း ရခိုင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးရုံးမှ သိရသည်။

"နယ်မြေကလည်း အေးချမ်းတည်ငြိမ်သွားပြီဆိုတော့ တိုင်းရင်းသားဒေသခံတွေအနေနဲ့ စပါးတွေ အချိန်မီရိတ်သိမ်းဖို့လိုအပ်တယ်။ အဲ့ဒီအတွက် စပါးရိတ်သိမ်းစက်တွေ ပို့ပေးလိုက်တာပါ။ အချိန်မီ မရိတ်သိမ်းရင် အလေအလွင့်တွေများလာနိုင်တယ်။ စပါးရိတ်သိမ်းစက်ကိုင်တွယ်နည်းတွေကိုပါ ဒေသခံတိုင်းရင်းသားတွေကို သင်ပေးသွားမယ်။ ရိတ်သိမ်းစက်တွေက အမျိုးသမီးတွေတောင် ကောင်းကောင်းမောင်းနိုင်တယ်။ တစ်ပိုင်တစ်နိုင် လုပ်ကြတဲ့အတွက် ဒီဒေသနဲ့တော့ အဆင်ပြေပါတယ်" ဟု ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတိုးဝေက ပြောကြားသည်။

ရခိုင်ပြည်နယ် မောင်တောဒေသအတွက် စိုက်ပျိုးထားသည့် စပါးခင်းများကို အချိန်မီရိတ်သိမ်းနိုင်ရန် ရခိုင်ပြည်နယ်အစိုးရက စပါးရိတ်သိမ်းစက် ၃၀ နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စပါးရိတ်သိမ်းစက် ၁၀ လုံးတို့ကို ထောက်ပံ့ခဲ့ကြောင်း သိရသည်။

မောင်တောဒေသအတွက် ထောက်ပံ့ပေးအပ်ခဲ့သည့် စပါးရိတ်သိမ်းစက်များသည် ရိတ်သိမ်းစက် တစ်စီးလျှင် တစ်ရက် သုံးဧကမှ ငါးဧကအထိ ရိတ်သိမ်းနိုင်ပြီး ကုန်ကျစရိတ်မှာလည်း တစ်ဧကလျှင် ငွေကျပ် တစ်သောင်းနှုန်းသာ ကုန်ကျကြောင်း၊ လေလွင့်မှုလည်းနည်းပါးကြောင်း ပြည်နယ်ဦးစီးမှူးရုံးမှ သိရသည်။

"စပါးရိတ်သိမ်းစက်က အချိန်ကုန်လည်းသက်သာတယ်။ အလုပ်သမားလိုအပ်မှုပြဿနာကိုလည်း ဖြေရှင်းပေးနိုင်တယ်။ လုပ်ငန်းပြီးမြောက်မှုမှာလည်း လူထက် စက်ကပိုပြီး လုပ်ငန်းမှာ အလုပ်ပိုတွင်ကျယ်တယ်" ဟု ပြည်နယ်ဦးစီးမှူး ဦးတိုးဝေက ပြောသည်။

မောင်တောဒေသသည် ရာသီဥတုကောင်းမွန်ပြီး စပါးထွက်ရှိမှုနှုန်း ကောင်းမွန်ကြောင်း၊ မောင်တောဒေသ၌ စိုက်ပျိုးထားသည့် စပါးစိုက်ဧက ရှစ်သောင်းခန့်ရှိသော်လည်း တိုင်းရင်းသားလယ်သမားများပိုင် စပါးစိုက်ဧကမှာ ဧကတစ်သောင်းကျော်ခန့်သာရှိကြောင်း ဒေသခံလယ်သမားများထံမှ သိရသည်။

**သတင်း - မင်းသစ်(သတင်းစဉ်)၊ ဓာတ်ပုံ - နေလင်း**



## အဝါရောင်အဆင့်ရှိ မုန်တိုင်းငယ် မြန်မာနိုင်ငံဘက် ဦးတည်မည့်အခြေအနေမရှိ

**နေပြည်တော် နိုဝင်ဘာ ၃**

ယနေ့ ည ၉ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသည့် မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ ဗိဇာကာပတ္တနမ်မြို့၏ အရှေ့တောင်ဘက် မိုင် ၂၅၀ ခန့်၊ ပါရာဒစ်မြို့၏ တောင်-အနောက်တောင်ဘက် မိုင် ၃၇၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အဆိုပါမုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားရာမှ နောက်၁၂ နာရီအတွင်း အရှေ့မြောက်ဘက်သို့ ကွေ့ကာ ဦးတည်ရွေ့လျားပြီးနောက် ၄၈ နာရီအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းခြေအနီးသို့ ရောက်ရှိနိုင်မည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်ရှိပြီး မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိဟု သတ်မှတ်သည်။

အဆိုပါမုန်တိုင်းငယ်သည် မြန်မာစံတော်ချိန် ည ၉ နာရီခွဲတွင် မြောက်လတ္တီကျု ၁၄ ဒသမ ၂ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၅ ဒသမ ၅ ဒီဂရီတွင် ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၄ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ နှုန်းခန့် ဖြစ်သည်။ အဆိုပါမုန်တိုင်းငယ်သည် နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာမည်ဟု ခန့်မှန်းရသည်။

အဆိုပါမုန်တိုင်းငယ်၏ အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

## ကမ္ဘာလှည့်ခရီးသည်များ ယာဉ်တန်းခရီးစဉ်များဖြင့် ဝင်ရောက်လျက်ရှိ



**နေပြည်တော် နိုဝင်ဘာ ၃**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ Osuga Myanmar Travels & Tour Co., Ltd ၏ စီစဉ်မှုဖြင့် နယ်သာလန် နိုင်ငံသားနှစ်ဦးပါဝင်သောအဖွဲ့သည် ၎င်းတို့၏ မော်တော်ဆိုင်ကယ်နှစ်စီးဖြင့် အောက်တိုဘာ ၁၅ ရက်က တမူးမြို့မှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာပြီး တမူး၊ ကလေး၊ ဂန့်ဂေါ၊ ပုဂံ၊ မန္တလေး၊ အင်းလေး၊ ကျိုင်းတုံ၊ တာချီလိတ်မြို့များသို့ သွားရောက်ပြီး အဆိုပါဒေသများရှိ ထင်ရှားသောနေရာများ၊ တိုင်းရင်းသားလူမျိုးတို့၏ ယဉ်ကျေးမှုဓလေ့စရိုက်များကို လေ့လာကာ အောက်တိုဘာ ၂၄ ရက်တွင် တာချီလိတ်မြို့မှ ထိုင်းနိုင်ငံသို့ လည်းကောင်း၊ အဆိုပါကုမ္ပဏီ၏ စီစဉ်မှုဖြင့်ပင် အမေရိကန်နိုင်ငံသား လေးဦးပါဝင်သော အဖွဲ့သည် ၎င်းတို့၏ မော်တော်ဆိုင်ကယ် လေးစီးဖြင့် အောက်တိုဘာ ၁၇ ရက်တွင် တမူးမြို့မှ ဝင်ရောက်လာပြီး တမူး၊ ကလေး၊ မုံရွာ၊ မန္တလေး၊ ပုပ္ပား၊ ပုဂံ၊ အင်းလေး၊ တောင်ငူ၊ ကျိုက်ထီးရိုး၊ ဘားအံ၊ မြဝတီမြို့များသို့ သွားရောက်လည်ပတ်ပြီး အောက်တိုဘာ ၃၁ ရက်တွင် မြဝတီမြို့မှ ထိုင်းနိုင်ငံသို့ ဆက်လက်ထွက်ခွာသွားခဲ့သည်။

ထို့အတူ Golden Orbit Int'l Travels & Tours Co., Ltd ၏ စီစဉ်ဆောင်ရွက်မှုဖြင့် အမေရိကန် နိုင်ငံသား ၁၂ ဦးပါဝင်သောအဖွဲ့သည် ၎င်းတို့၏ ကိုယ်ပိုင်ဆိုင်ကယ် ရှစ်စီးဖြင့် အောက်တိုဘာ ၁၇ ရက်တွင် မြဝတီမြို့မှ ဝင်ရောက်လာပြီး မြဝတီ၊ ကျိုက်ထို၊ နေပြည်တော်၊ ပုဂံ၊ မန္တလေး၊ အင်းလေး၊ နမ့်စန့်၊ ကျိုင်းတုံ၊ တာချီလိတ်မြို့များသို့ သွားရောက်လေ့လာလည်ပတ်ပြီး အောက်တိုဘာ ၂၇ ရက်တွင် တာချီလိတ်မြို့မှတစ်ဆင့် ထိုင်းနိုင်ငံသို့ ဆက်လက်ထွက်ခွာသွားခဲ့သည်။

ထို့အပြင် Mother Ayeyawaddy Co.,Ltd ၏ စီစဉ်မှုဖြင့် ထိုင်းနိုင်ငံသားဧည့်သည် ၁၃ ဦးသည် ကိုယ်ပိုင်မော်တော်ယာဉ်ငါးစီးဖြင့် အောက်တိုဘာ ၂၃ ရက်တွင် မြဝတီ မြို့မှ ဝင်ရောက်လာပြီး မြဝတီ၊ ကျိုက်ထို၊ ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ အင်းလေး၊ တောင်ကြီး၊ ကျိုင်းတုံ၊ တာချီလိတ်မြို့များသို့ သွားရောက်၍ ထင်ရှားသောနေရာများနှင့် ခရီးစဉ်ဒေသတစ်လျှောက် လူနေမှုဓလေ့စရိုက်များ၊ ယဉ်ကျေးမှုအမွေအနှစ်များကို လေ့လာပြီး အောက်တိုဘာ ၃၁ ရက်တွင် တာချီလိတ်မြို့မှတစ်ဆင့် ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားခဲ့သည်။ **(သတင်းစဉ်)**

## အင်းဝအပ်ချုပ်ဆိုင်အမှု ရပ်ကွက်အုပ်ချုပ်ရေးမှူးအား လိုပြသက်သေအဖြစ်စစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၃**

အိမ်အကူအမျိုးသမီး နှစ်ဦးအား ညှဉ်းပန်းနှိပ်စက်ခဲ့မှုဖြင့် အင်းဝအပ်ချုပ်ဆိုင်မိသားစုအား စွဲဆိုထားသောအမှုနှင့်ပတ်သက်၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံး၌ ရာဇဝတ်မှုကြီး အမှုအမှတ် ၁၁၀/၂၀၁၆ ဖြင့် ဒုတိယရဲမှူး မျိုးသိန်းက တရားလိုပြုလုပ်ကာ ဒေါ်တင်သူဇာပါ ခြောက်ဦးအမှုအတွက် တရားလိုပြသက်သေတစ်ဦးအား ဆက်လက်စစ်ဆေးခဲ့သည်။

ယင်းကဲ့သို့ တရားလိုပြသက်သေအား စစ်ဆေးခဲ့ရာတွင် ၂၀၀၆ ခုနှစ်မှ ယနေ့အထိတိုင် အုပ်ချုပ်ရေးမှူး တာဝန်ထမ်းဆောင်ခဲ့သူ ကျောက်တံတားမြို့နယ် အမှတ် (၉)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးလွင်ဦးအား စစ်ဆေးခဲ့ခြင်းဖြစ်သည်။

အဆိုပါအမှုနှင့်ပတ်သက်၍ အုပ်ချုပ်ရေးမှူးက ၂၀၁၄ ခုနှစ် စက်တင်ဘာလက အင်းဝအပ်ချုပ်ဆိုင်၌ အလုပ်လုပ်နေသော မစမ်းကေခိုင်၊ မသဇင်တို့၏ မိဘများက လစာအပြည့်အဝ မရမှု၊ ကလေးများနှင့် မိဘများအား တွေ့ခွင့်မပေးမှုတို့အပေါ် တိုင်တန်းမှုကြောင့် အင်းဝအပ်ချုပ်ဆိုင်မိသားစုအား နှစ်ကြိမ်တိုင် နှုတ်ဖြင့်ခေါ်ယူခဲ့သော်လည်း လာရောက်ဖြေရှင်းမှုမရှိကြောင်း၊ ၁၈-၉-၂၀၁၄ ရက်တွင် အုပ်ချုပ်ရေးမှူးက စာထုတ်၍ ခေါ်ယူခဲ့သဖြင့် ဒေါ်တင်သူဇာ၊ သီရိလတ်၊ စုမွန်လတ်တို့ လာရောက်ဖြေရှင်းခဲ့သော်လည်း ဒေါ်တင်သူဇာက အုပ်ချုပ်ရေးမှူးအား 'အကြောင်းသိစေရမယ်'ဟု ခြိမ်းခြောက်ပြောဆိုခဲ့ကြောင်း၊ ၎င်းတို့သည် ရပ်ကွက်အတွင်း ဧည့်စာရင်းဖြင့် နေထိုင်ကြသူများဖြစ်ကြောင်း၊ ဧည့်စာရင်းလာရောက်စစ်ဆေးသည့်အခါတိုင်း မိသားစုလိုက်ကားဖြင့် ထွက်ခွာသွားလေ့ရှိကြောင်း စသည်ဖြင့် တရားခွင်၌ ထွက်ဆိုပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်မှ မစမ်းကေခိုင်နှင့် မသဇင်တို့သည် လွန်ခဲ့သောငါးနှစ်က အင်းဝအပ်ချုပ်ဆိုင်၌ အိမ်အကူများအဖြစ် လုပ်ကိုင်ကြစဉ် ညှဉ်းပန်းနှိပ်စက်ခံရသဖြင့် ဒုတိယရဲမှူး မျိုးသိန်းက တရားလိုပြုလုပ်ကာ အနောက်ပိုင်းခရိုင် တရားရုံး၌ ဒေါ်တင်သူဇာ၊ ဦးကိုလတ်၊ သီရိလတ်၊ စုမွန်လတ်၊ တင်မင်းလတ်နှင့် ရာဇာထွန်းတို့အား အမှုစစ်ဆေးလျက်ရှိရာ ဦးစွာ ပထမလိုပြသက်သေများကို စစ်ဆေးနေခြင်းဖြစ်သည်။

စက်တင်ဘာလမှ စတင်ကာ အနောက်ပိုင်းခရိုင် တရားရုံး၌ တရားလို ဒုတိယရဲမှူး မျိုးသိန်းအပါအဝင် တရားလိုပြသက်သေများအား စစ်ဆေးလျက်ရှိရာ ယခုသီတင်းပတ်တွင် လေးဦးမြောက် တရားလိုပြသက်သေအဖြစ် ကျောက်တံတားမြို့နယ် အမှတ် (၉) ရပ်ကွက် အုပ်ချုပ်ရေးမှူးအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး လိုပြသက်သေ ၁၅ ဦးအထိ စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။



**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-အေကေလင်း**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသောအောက်တိုဘာ ၂၅ ရက်မှ အောက်တိုဘာ ၃၁ ရက်အထိ ထွက်ရှိသော စာအုပ်စာရင်း

***ယမန်နေ့မှအဆက်***

..................................................

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၄၆။ | ဦးသန်းထိုက် | မြန်မာဥပဒေဝေါဟာရအဘိဓာန်သစ် | ၇၅၀၀ | ရှေ့ရုပ်စာပေ |
| ၄၇။ | ကလောင်စုံ | ပညာလောကလက်ရွေးစင်ဝတ္ထုတိုများ | ၂၀၀၀ | ပညာရိပ်စာပေ |
| ၄၈။ | မင်းသုဝဏ် | ရသစာစဉ် (၃)သားသက်ဝေနှင့် အခြားဝတ္ထုတိုများ | ၁၀၀၀ | The Key Collection |
| ၄၉။ | ချောစု | သူငယ်ချင်းများနှင့် မျှဝေစရာစားမြိန်ဟင်းလျာများ အတွဲ (၄) | ၅၀၀၀ | ရှင်မတောင်စာပေ |
| ၅၀။ | ကောင်းသာ | အောင်မြင်ရေး၏ လျှို့ဝှက်ချက်များ | ၁၅၀၀ | ပန်းဆက်လမ်းစာပေ |
| ၅၁။ | မောင်ဝံသ | ရှေ့နေကြီးပယ်ရီမေဆင်နှင့် ခွေးအူသံအမှု | ၃၀၀၀ | ဒေါင်းစာပေ |
| ၅၂။ | | ဂုဏ်တော်ကွန်ချာနှင့် ပဋ္ဌာနသမ္ဗုဒ္ဓေ | ၄၀၀ | မိုးကျော်သူစာပေ |
| ၅၃။ | နေဦးဝေ၊ ခမ်းဝင်း | နိုင်ငံတကာကျောင်းသားလှုပ်ရှားမှုနှင့် ဒီမိုကရေစီပညာရေး | ၁၂၀၀ | သုခဒီပစာပေ |
| ၅၄။ | ဝင်းထွဋ်ဇော် | ဟီလာရီကလင်တန်ခက်ခဲသော ရွေးချယ်မှု | ၃၅၀၀ | နန်းဒေဝီစာပေ |
| ၅၅။ | မောင်ညီညွတ်-မြန်မာပြန် | မဟာလူသားမြတ်ဗုဒ္ဓ | ၁၅၀၀ | ပန်းဆက်လမ်းစာပေ |
| ၅၆။ | ဖေဒီ | တိပိဋကရေယောဆရာတော်အား ဒေါ်အောင်ဆန်းစုကြည် အထူးပင့်လျှောက်သီးသန့် နာယူခဲ့သော အထူးတရား နိုင်ငံ့မိခင်ကြီးမှသည် မေတ္တာနိုင်ငံတော်ဆီသို့ | ၁၂၀၀ | စိန်စိန်ဦးစာပေ |
| ၅၇။ | သီတရုံသီ | ဗုဒ္ဓ၏ စီးပွားရေးနည်းဗျူဟာနှင့် အနာဂတ်ချမ်းသာ | ၁၅၀၀ | ဆန်းစသော်တာစာပေ |
| ၅၈။ | တိုးနှောင်မိုး | အထွေထွေဗဟုသုတ (ကဗျာ - ၁၀၀) | ၄၀၀၀ | သင်းသင်းမွန်စာပေ |
| ၅၉။ | မောင်ဒီပ (ပညာရေး) | ပညာရေးမှာ တွေးချိန်ချင့်စရာ | ၁၇၀၀ | ယဉ်မျိုးစာပေ |
| ၆၀။ | မောင်ဒီပ (ပညာရေး) | ဘဝဆက်တိုင်းကျောင်းဆရာသာနှင့် ပညာရေးဆောင်းပါးစာစုများ | ၁၈၀၀ | ယဉ်မျိုးစာပေ |
| ၆၁။ | မင်းအောင်မင်း | လက်နက်ကိုင်ပုန်ကန်သူများနှင့် ဗမာ့ရွှေတြိဂံ | ၂၅၀၀ | ယဉ်မျိုးစာပေ |
| ၆၂။ | ဒေါက်တာမတင်ဝင်း | လှိုင်နှင့်ကနောင် (ရာဇဝင်ပုံပြင်များ) | ၂၀၀၀ | နန့်ချစ်ကြည်စာပေ |
| ၆၃။ | ဦးတေဇောဘာသ | ရှင်သန်နိုးထမဇ္ဈိမ၏ သမိုင်းဝင်ဌာနများ | ၅၀၀၀ | မြင်းခြံစာပေ |
| ၆၄။ | မြေလတ်မောင်မြင့်သူ | ဆီးချိုရောဂါကျန်းမာရေးစကားဝိုင်းနှင့် ရောဂါကုထုံး | ၁၅၀၀ | လင်းလွန်းခင်စာပေ |
| ၆၅။ | သားသခင် (မကွေး) | ကမ္ဘာကျော်သားအဖ | ၂၅၀၀ | ကောင်းဆုသာစာပေ |
| ၆၆။ | အောင်မြတ်ဦး | နိုင်ငံရေးမိုးသက်မုန်တိုင်းနှင့် နိုင်ငံတော်သမ္မတများ | ၂၀၀၀ | မျိုးမြန်မာစာပေ |
| ၆၇။ | ဖြိုးဝေ (မဟာဝိဇ္ဇာ) | ပါမောက္ခဒေါက်တာအောင်ထွန်းသက်၏ ဘဝ၊ အိပ်မက်နှင့် မြန်မာ့စီးပွားရေးသုံးသပ်ချက် | ၁၅၀၀ | Hub Myanmar |
| ၆၈။ | ဒဂုန်ခင်ခင်လေး | ကျွန်းဘိုညို | ၁၀၀၀ | စိတ်ကူးချိုချိုစာပေ |
| ၆၉။ | ဦးရဲဦး (မြန်မာပြန်) | ကလေးတို့မှတ်သားဖွယ် လူ့သမိုင်းထဲက မဟာတီထွင်မှုများ | ၅၀၀၀ | စိတ်ကူးချိုချိုစာပေ |
| ၇၀။ | မောင်ဆုပန် | မိမိကိုယ်သာ အားကိုးပါ | ၁၅၀၀ | ယဉ်မျိုးစာပေ |
| ၇၁။ | ကြပ်ကလေး | ကြပ်ကလေးဟာသဝတ္ထုများ (၄) | ၂၅၀၀ | စိတ်ကူးချိုချိုစာပေ |
| ၇၂။ | ကောင်းသာ | ဒုက္ခိတဘိုးဘိုး၏ ဆွံ့အသူ မြေးလေးသို့ ပေးစာများ | ၁၃၀၀ | စိတ်ကူးချိုချိုစာပေ |
| ၇၃။ | သော်တာဆွေ | ထူးဆန်းသော ပုံပြင်များ | ၂၀၀၀ | စိတ်ကူးချိုချိုစာပေ |
| ၇၄။ | မောင်ခင်မင် (ဓနုဖြူ) | ရှေ့ရထား နောက်ရထား | ၂၀၀၀ | ဇွန်ပွင့်စာပေ |
| ၇၅။ | ဒေါက်တာထွန်းဝင်း | မယားပြိုင်စနစ်ဆိုင်ရာ အယူအဆများနှင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေပြဆိုချက်များ | ၂၀၀၀ | သရဖီထွန်းဝင်းစာပေ |
| ၇၆။ | ကျော်မြင့်အေး | ချိုချဉ်ကြိုက်တဲ့ ဖားကလေးဟာသများ | ၇၀၀ | စိတ်ကူးချိုချိုစာပေ |
| ၇၇။ | ဦးသော်ဇင် | ဓမ္မပဒ | ၁၈၀၀ | စိတ်ကူးချိုချိုစာပေ |
| ၇၈။ | လမင်းသောင်းထွန်း | သင့်ကို ဘာကြောင့်ချမ်းသာစေချင်တာလဲ | ၄၀၀၀ | စိတ်ကူးချိုချိုစာပေ |
| ၇၉။ | အောင်ကျော်ကျော် | လောင်းရိပ်ပန်း | ၃၃၀၀ | စိတ်ကူးချိုချိုစာပေ |
| ၈၀။ | ကလောင်စုံ | မိစ္ဆာမျက်လုံးနှင့် ဂမ္ဘီရရောင်စဉ် ရင်သိမ့်ဖို ဂမ္ဘီရဝတ္ထုများ | ၁၅၀၀ | ရွှေဗညားစာပေ |

# အာဖဂန်ထိုးစစ်အတွင်း ကန်တပ်ဖွဲ့ဝင်နှစ်ဦးနှင့် အရပ်သားများသေဆုံး

**ကန်ဒုဇ် နိုဝင်ဘာ ၃**

နိုဝင်ဘာ ၃ ရက်က လေကြောင်းချီတိုက်ခိုက်မှုတွင် အာဖဂန်အရပ်သားအတော်များများ သေဆုံးခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ကန်ဒုဇ်နှင့် ငါးကီလိုမီတာ (၃မိုင်)ဝေးသော ဘက်ဇ်ကန်ဒါဟာရီရွာတွင် ညလုံးပေါက်တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားခဲ့ကြောင်း အာဖဂန်အရာရှိများကပြောခဲ့သည်။ တိုက်ခိုက်မှုတွင် အမျိုးသမီးနှင့် ကလေးများအပါအဝင် အရပ်သား ၃၀ ကျော် ကံမကောင်းစွာဖြင့် သေဆုံးခဲ့ကြောင်း၊ အမှန်စင်စစ်ထိတ်လန့်စရာကောင်းကြောင်း၊ လူအတော်များများဒဏ်ရာများရရှိခဲ့ကြောင်း ကန်ဒုဇ်မြို့တော်ဝန် အာဆက်ဒူလာအမာကီက ပြောခဲ့သည်။

အရပ်သားများက ဆန္ဒပြမှုများကိုပြုလုပ်ခဲ့ကြပြီး သေဆုံးသူအလောင်းများကို ကန်ဒုဇ်မြို့သို့ ယူဆောင်လာခဲ့သည်။ သေဆုံးသူများမှာ ကလေးများ သို့မဟုတ် အမျိုးသမီးများဖြစ်ကြောင်း၊ တာလီဘန်အကြမ်းဖက်သမားများ မဟုတ်ကြောင်း၊ သေဆုံးသူများ၏ ရုပ်အလောင်းများကို ကြည့်ရှုနိုင်ကြောင်း ဂူးလ်အာမက်က ပြောကြားခဲ့သည်။

အမေရိကန်စစ်ဘက်နှင့် အာဖဂန်တို့ပူးပေါင်း၍ တာလီဘန်စစ်သွေးကြွများ၏နေရာများကို တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ မြို့အနီးတွင် တာလီဘန် အုပ်စုများ၏ စစ်ဆင်မှုများကို တားဆီးရန်ကြိုးစားနေကြောင်း ဖော်ပြခဲ့သည်။

အာဖဂန်စစ်ဆင်ရေးအစိတ်အပိုင်းတစ်ရပ်အနေဖြင့် မိတ်ဖက်တပ်ဖွဲ့များသည် ၎င်းတို့ကိုယ်၎င်းတို့ကာကွယ်မှုများပြုလုပ်နိုင်ရန် ပစ်ခတ်တိုက်ခိုက်ခြင်းနှင့် လေကြောင်းတိုက်ခိုက်မှုများကိုပြုလုပ်ရကြောင်း ဗိုလ်မှူးချုပ် ချားစ်ကလီဗီးလန့်ကပြောခဲ့သည်။

အရပ်သားသေဆုံးမှုများနှင့်ပတ်သက်ပြီး ပြင်းထန်စွာ စွပ်စွဲခံနေရကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီး အက်ရှ်ကာတာက ၎င်းတိုက်ခိုက်မှုတွင် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ပြီး လေးဦးဒဏ်ရာရရှိခဲ့သည့်အတွက် အလွန်အမင်းစိတ်မကောင်းဖြစ်ရကြောင်း ပြောကြားခဲ့သည်။ ၂၀၀၁ ခုနှစ်မှစကာ ယခုအချိန်အထိ အာဖဂန်စစ်ဆင်ရေးများအတွင်း အမေရိကန်တပ်ဖွဲ့ဝင် ၁၈၃၂ ဦးကျဆုံးခဲ့ကြောင်း ပင်တဂွန်အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။

**(ရိုက်တာ)**



# နိုင်ငံရေးအရှုပ်တော်ပုံနှင့်ပတ်သက်ပြီး စုံစမ်းမေးမြန်းရန် ပတ်၏ လက်ထောက်အရာရှိဟောင်းကို ထိန်းသိမ်း

**ဆိုးလ် နိုဝင်ဘာ ၃**

တောင်ကိုရီးယားရှေ့နေများက သမ္မတ၏ လက်ထောက်အရာရှိဟောင်းကို သမ္မတပတ်ဂွန်ဟေးပါဝင်သော နိုင်ငံရေးအရှုပ်တော်ပုံနှင့်ပတ်သက်ပြီး စုံစမ်းမေးမြန်းနေကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် နိုဝင်ဘာ ၃ ရက်က ဖော်ပြခဲ့သည်။

နိုင်ငံတော်သမ္မတရုံးကသွယ်ဝိုက်တည်ထောင်ထားသော ဖောင်ဒေးရှင်းနှစ်ခုသို့ ငွေကြေးအမြောက်အမြား လှူဒါန်းရန် ကုမ္ပဏီများအား ဖိအားပေးသည့်စွပ်စွဲမှုဖြင့် အန်းဂျွန်ကို နိုဝင်ဘာ ၂ ရက်ညက အစိုးရရှေ့နေများက ထိန်းသိမ်းခဲ့သည်။

၎င်းသည် စီးပွားရေးလုပ်ငန်းရှင် ချိုင်ဆွန်းဆယ်နှင့် ဥပဒေနှင့်မညီသော လုပ်ရပ်တစ်ခု ပူးပေါင်းလုပ်ဆောင်မှုဖြင့် စွပ်စွဲခံရခြင်းဖြစ်သည်။ ချိုင်ဆွန်းဆယ်သည် သမ္မတပတ်ဂွန်ဟေးနှင့် နှစ်ပေါင်း ၄၀ကြာ ကိုယ်ရေးကိုယ်တာကိစ္စနှင့် သိကျွမ်းခဲ့ကြောင်း သိရသည်။

အစိုးရရှေ့နေများက မေးခွန်းမေးရန်ဆင့်ခေါ်မှုကို အန်းက နိုဝင်ဘာ ၂ ရက်တွင် ငြင်းဆန်ခဲ့သော်လည်း သက်သေများကို ဖျောက်ဖျက်သည်ဆိုကာ ၎င်းကိုနောက်ပိုင်းတွင် ထိန်းသိမ်းခဲ့သည်။ အန်းကအခြားသူများကို သတင်းအမှားပေးထွက်ဆိုမှုတွင် ပါဝင်ရန် တိုက်တွန်းခဲ့ကြောင်း အစိုးရရှေ့နေများက ပြောခဲ့သည်။ ၎င်းအပေါ်သံသယရှိမှုများကို သက်သေခိုင်မာအောင်တည်ဆောက်ပြီးသည်နှင့်တစ်ပြိုင်နက် ၎င်းကို ဖမ်းဆီးခွင့်ရရှိရေးလုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# ထိုင်းနိုင်ငံတောင်ပိုင်း စစ်သွေးကြွတိုက်ခိုက်မှုတွင် လူသုံးဦးထက်မနည်းသေဆုံး



**ဗန်ကောက် နိုဝင်ဘာ ၃**

နိုဝင်ဘာ ၃ ရက်တွင် ထိုင်းနိုင်ငံတောင်ပိုင်း စစ်သွေးကြွတိုက်ခိုက်မှုများ၌ လူသုံးဦးထက်မနည်းသေဆုံးခဲ့ကြောင်း ချန်နယ်နယူးစ်အေးရှသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။ ထိုင်းနိုင်ငံတောင်ပိုင်းမြို့များဖြစ်သော ဆွမ်ခါလာ၊ နာရာသီဝက်တ်နှင့် ပတ္တာနီတို့တွင် ဗုံးပေါက်ကွဲခြင်း၊ ပစ်ခတ်ခြင်းများဖြစ်ပွားခဲ့ကြောင်း၊ တိုက်ခိုက်မှုများသည် ဒေသစံတော်ချိန် ည ၉ နာရီ ခွဲတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များကပြောကြားခဲ့သည်။ ယခုကိစ္စသည် အစိုးရအပေါ်ယုံကြည်မှုကိုဖျက်ဆီးပြီး ဆူပူမှုကိုဖန်တီးချင်သည့် အကြမ်းဖက်သောင်းကျန်းသူများ၏လုပ်ရပ်ဖြစ်ကြောင်း ပြည်တွင်းလုံခြုံရေးစစ်ဆင်မှုတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ပရာမုတ်ပရွမ်အင်ကပြောခဲ့သည်။

အဆိုပါတိုက်ခိုက်မှုများသည် မည်သည့်အဖွဲ့၏လက်ချက်ဖြစ်ကြောင်းမသိရသေးပေ။ ဆွမ်ခါလာတွင် ကားအရောင်းပြခန်းတစ်ခု၌ လုံခြုံရေးအစောင့်နှစ်ဦး ပစ်သတ်ခံရပြီး ယင်းအဆောက်အအုံကို အကြမ်းဖက်သမားများက ဗုံးဖောက်ခွဲခဲ့ကြသည်။ အခြားတိုက်ခိုက်မှုတစ်ခုတွင် မော်တော်ဆိုင်ကယ်နှစ်စီးနှင့် သေနတ်ကိုင်သမားလေးဦးသည် ပတ္တာနီရှိ စစ်ဘက်အဆောက်အအုံကိုပစ်ခတ်သွားရာ စစ်သားတစ်ဦးသေဆုံးခဲ့သည်။ ထိုင်းနိုင်ငံတောင်ပိုင်းတွင် လုံခြုံရေးများ တင်းကျပ်လျက်ရှိကြောင်းသိရသည်။ စစ်ဆေးရေးဂိတ်များကိုလည်း အဓိကအရေးကြီးသောလမ်းမကြီးများတစ်လျှောက်တည်ဆောက်ထားသည်။ ထို့အပြင် ရဲတပ်ဖွဲ့ဝင်များနှင့် စစ်သားများကိုလည်း အထူးသဖြင့် ဒုတိယနှစ်ဝက် ပြန်လည်ဖွင့်လှစ်မည့် ကျောင်းများအနီးတွင် လုံခြုံရေးဆောင်ရွက်ရန် တပ်ဖြန့်ချထားသည်။ နောက်ဆုံးတိုက်ခိုက်မှုသည် ထိုင်းကြားဖြတ်အစိုးရအဖွဲ့ဝင်များ ငြိမ်းချမ်းရေးဆွေးနွေးရန်အတွက် ထိုင်းနိုင်ငံတောင်ပိုင်း ပတ္တာနီသို့ ရောက်ရှိစဉ်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ညလုံးပေါက်တိုက်ခိုက်မှုများသည် သြဂုတ်လက ထိုင်းနိုင်ငံတောင်ပိုင်းတွင်ဖြစ်ပွားသော ဗုံးပေါက်ကွဲမှုအပြီး အကြီးမားဆုံးတိုက်ခိုက်မှုဖြစ်သည်။ **(ချန်နယ်နယူးစ်အေးရှ)**

# ပါကစ္စတန်၌ မီးရထားတိုက်မှုဖြစ်ပွား ၂၁ ဦးထက်မနည်း သေဆုံး

**အစ္စလမ္မာဘတ် နိုဝင်ဘာ ၃**

နိုဝင်ဘာ ၃ရက်က ပါကစ္စတန်ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်သော ကရာချိတွင် ရထားနှစ်စင်းတိုက်မိရာ ၂၁ ဦးထက်မနည်းသေဆုံးခဲ့ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။ အဆိုပါ ရထားနှစ်စင်းတိုက်မိမှုသည် နှစ်လအတွင်း ပါကစ္စတန်နိုင်ငံ၌ ဒုတိယအကြီးဆုံးရထားတိုက်မှုဖြစ်ကြောင်း သိရသည်။

ရုပ်သံဖိုင်တွင် တိမ်းမှောက်နေသော ရထားတွဲများကို တွေ့ရမည်ဖြစ်ပြီး ကယ်ဆယ်ရေးသမားများက ပျက်စီးနေသော ရထားတွဲထဲတွင် ပိတ်မိနေသောလူများကို ကယ်ဆယ်မှုများလုပ်ဆောင်နေကြောင်း သတင်းထောက်များက ပြောခဲ့သည်။

လန်ဒီမီးရထားဘူတာရုံအနီး ရထားတိုက်မှုဖြစ်ပွားပြီးနောက် ပါကစ္စတန်၏ အကြီးဆုံးမြို့ဖြစ်သော ကရာချိနှင့် နိုင်ငံ၏အခြားဒေသများကြား ရထားခရီးစဉ်များ ပြေးဆွဲမှုကို ခေတ္တဆိုင်းငံ့ထားရကြောင်း ရုပ်သံသတင်းများ၌ ဖော်ပြထားသည်။

ယခုအခါတွင် သေဆုံးသူအရေအတွက်မှာ ၂၁ ဦးအထိရှိလာပြီဖြစ်ကြောင်း ကရာချိ အဆင့်မြင့်ရဲအရာရှိတစ်ဦးဖြစ်သူ ဂျဗန်အာကာဘာရေဇ့်က ရိုက်တာသို့ ဖုန်းဖြင့် ပြောကြားခဲ့သည်။

၄၀ ထက်မနည်းဒဏ်ရာရရှိသူများကို ကရာချိဂျင်နာဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း အရေးပေါ်ဌာနအကြီးအကဲ ဒေါက်တာ ဆီမင်ဂျမာလီကပြောခဲ့သည်။ ဇာကာရီယားအမြန်ရထားနှင့် ဖာရီးဒ်အမြန်ရထားနှစ်စင်း တိုက်မိခြင်းဖြစ်ကြောင်း မီဒီယာများက ဖော်ပြသည်။



လွန်ခဲ့သော စက်တင်ဘာလက ပန်ဂျပ်ပြည်နယ် မော်တန်မြို့အနီး၌ အမြန်ရထားတစ်စင်းနှင့် ကုန်တင်ရထားတစ်စင်းတို့တိုက်မိကာ လူလေးဦးထက်မနည်း သေဆုံးခဲ့ပြီး ၉၃ ဦး ဒဏ်ရာရရှိခဲ့သည်။ ပါကစ္စတန်ကိုလိုနီခေတ်မီးရထားလမ်းများသည် ပြန်လည်ပြုပြင်ခြင်းမရှိကြောင်း သိရသည်။ **(ရိုက်တာ)**

# မောင်တောခရိုင် တောင်ပြိုလက်ဝဲမြို့၌ တည်ငြိမ်အေးချမ်းလျက်ရှိ

မောင်တော နိုဝင်ဘာ ၃

**ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း အောက်တိုဘာ ၉ ရက်က အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်အချို့ ကျဆုံး၊ ဒဏ်ရာရရှိခဲ့သည့်အပြင် လက်နက်၊ ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများ ဆုံးရှုံးခဲ့ရသည်။**

ယခုအခါ နယ်မြေလုံခြုံရေး ဆောင်ရွက်နိုင်မှုကြောင့် တည်ငြိမ်အေးချမ်းမှုများ ရရှိလာပြီဖြစ်ရာ မောင်တောခရိုင် တောင်ပြိုလက်ဝဲမြို့သည်လည်း တည်ငြိမ်အေးချမ်းလျက်ရှိသည်။ "ကျွန်တော်တို့မြို့မှာ အရင်ကတည်းက တည်ငြိမ်အေးချမ်းနေပေမယ့် အကြမ်းဖက်မှုဖြစ်စဉ်တွေကြောင့် အခင်းဖြစ်ပွားတဲ့နေရာတွေက ပညာရေးဝန်ထမ်းတွေကို ကျွန်တော်တို့မြို့မှာ စုရပ်ထားပြီး သက်ဆိုင်ရာနေရာတွေကို ပို့ဆောင်ပေးခဲ့ပါတယ်။ အဲဒီအကြမ်းဖက်မှုဖြစ်ခဲ့တဲ့ ရက်တွေမှာတော့ မောင်တောမြို့နဲ့ အသွားအလာ ရက်အနည်းငယ် ပြတ်တောက်ခဲ့ပေမယ့် အခုတော့ ပုံမှန်အတိုင်းသွားလာနေကြပါပြီ။ ဈေးနဲ့ စာသင်ကျောင်းတွေလည်း ပြန်ဖွင့်နေပါပြီ။ တည်ငြိမ်အေးချမ်းမှုရရှိနေပါတယ်။ မြို့မှာလည်း ပြဿနာတစ်စုံတစ်ရာမရှိပါဘူး"ဟု တောင်ပြိုလက်ဝဲအုပ်ချုပ်ရေးမှူး ဦးသန်းအောင်က ပြောသည်။



နယ်မြေတည်ငြိမ်အေးချမ်းသဖြင့် တောင်ပြိုလက်ဝဲမြို့နယ်နေ ကျေးရွာသူ ကျေးရွာသားများအား တွေ့ရစဉ်



တောင်ပြိုလက်ဝဲမြို့ သဘော်လုရွာမှ ဒိုင်းနက်တိုင်းရင်းသူများအား တွေ့ရစဉ်

မောင်တောခရိုင်အတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သော်လည်း တောင်ပြိုလက်ဝဲမြို့တွင် မည်သည့်ပြဿနာမျှ မဖြစ်ပေါ်ဘဲ တည်ငြိမ်အေးချမ်းခဲ့သည်။ ယခုအခါ ပုံမှန်ရောင်းဝယ်မှုများနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ယခင်အတိုင်း လုပ်ကိုင်လျက်ရှိသည်။

တောင်ပြိုလက်ဝဲမြို့တွင် ရပ်ကွက်ငါးခုရှိပြီး အိမ်ခြေ ၆၉၇ လုံးရှိကာ လူဦးရေ ၅၉၀၀ နေထိုင်လျက်ရှိသည်။ ၎င်းတွင် ရခိုင်၊ ဗမာ၊ ဒိုင်းနက်၊ မရာမကြီး စသည့် တိုင်းရင်းသားများနှင့် အစ္စလာမ်ဘာသာဝင်များ အတူတကွရောနှောနေထိုင်ကြသည်။ တောင်ပြိုလက်ဝဲမြို့ သဲချောင်းကျေးရွာအုပ်စုတွင်ပါဝင်သော သဘော်လုရွာတွင် အိမ်ခြေ ၁၅၀ ရှိကာ လူဦးရေ ၆၀၀ ခန့်ရှိသည့် ဒိုင်းနက်လူမျိုးများ နေထိုင်လျက်ရှိသည်။

"ကျွန်တော်တို့ ဒိုင်းနက်တိုင်းရင်းသားတွေက ဒီရွာမှာ ဘိုးဘွားတွေကတည်းက နေထိုင်ခဲ့တာဖြစ်လို့ ဘယ်နေရာကိုမှ မပြောင်းရွှေ့ပါဘူး။ ဒီမှာနေထိုင်သူအားလုံးနဲ့လည်း အဆင်ပြေအေးချမ်းစွာ နေထိုင်လျက်ရှိပါတယ်။ ပညာရေးနဲ့ ပတ်သက်ပြီးတော့လည်း ဒီရွာက ကလေးတွေ မူလတန်းအောင်ပြီးရင် တောင်ပြိုလက်ဝဲမြို့ အထက်တန်းကျောင်းနဲ့ နံ့သာအောင်ပညာဒါန ဘုန်းတော်ကြီး ကျောင်းမှာလည်း သွားရောက်ပညာသင်ကြားရပါတယ်" ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိန်ထွန်းက ပြောသည်။

**(သတင်းစဉ်)**

# မောင်တောခရိုင်အတွင်း ကျေးရွာအချို့မှ နေအိမ်အချို့အား မီးရှို့ထွက်ပြေးပြီး ထင်ယောင်ထင်မှားဖြစ်စေရန် လုပ်ကြံဝါဒဖြန့်လျက်ရှိ

**မောင်တော နိုဝင်ဘာ ၃**

ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း အောက်တိုဘာ ၉ ရက်က အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ ကျဆုံး၊ ဒဏ်ရာရရှိခဲ့ကြသည့်အပြင် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ ဆုံးရှုံးခဲ့ရသည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး နယ်မြေပိတ်ဆို့ရှင်းလင်းရေးနှင့် လုံခြုံရေးဆောင်ရွက်စဉ် တပ်မတော်သားငါးဦးကျဆုံးခဲ့ပြီး အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုတွင် ပါဝင်ပတ်သက်သည့် မသင်္ကာသူများကို ဖမ်းဆီးရမိခဲ့ကာ လုပ်ထုံးလုပ်နည်းနှင့်အညီ စစ်ဆေးလျက်ရှိသည်။

ထိုသို့ နယ်မြေလုံခြုံရေးဆောင်ရွက် နေမှုများအပေါ် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများနှင့် ပါဝင်ပတ်သက်သူများ၊ မလိုလားသူများက ကျေးရွာအချို့မှ နေအိမ်အချို့ကို မီးရှို့ထွက်ပြေးပြီး ရွာသူရွာသားများ နေရပ်စွန့်ခွာ ထွက်ပြေးစေရန်၊ လုံခြုံရေးဆောင်ရွက်သူများအပေါ် ထင်ယောင်ထင်မှားဖြစ်စေရန်နှင့် အခြေအနေ ရှုပ်ထွေးပြီး မတည်မငြိမ်ဖြစ်စေရန် လုပ်ကြံဝါဒဖြန့်မှုများ ပြုလုပ်လျက်ရှိကြသည်။

ကျီးကန်းပြင်၊ ဝါးပိတ်၊ စံပယ်ကုန်း၊ ပြောင်ပိုက်၊ ငါးစာကြူးနှင့် ငါးခူရကျေးရွာများရှိ အစွန်ပိုင်းနှင့် လမ်းနံဘေးမှ နေအိမ်အချို့ မီးလောင်မှုများဖြစ်ပွားခဲ့ရာ ယင်းနေအိမ်အများစုမှာ အိမ်နှင့်တဲငယ်များဖြစ်ပြီး အတွင်း၌ အသုံးအဆောင်ပစ္စည်းများ ကြိုတင်ရွှေ့ပြောင်းထားသည်ကို တွေ့ရှိခဲ့ရသည်။ အိမ်ကြီးအိမ်ကောင်းများအပါအဝင် ခိုင်ခံ့သည့်အိမ်ကြီးများနှင့် အနီးဝန်းကျင်နေအိမ်များကိုမူ မီးရှို့မှုမရှိကြောင်း နှိုင်းယှဉ်တွေ့ရှိရသည်။ မီးရှို့ခံရသည့်နေအိမ်များကို တပ်မတော်သားများက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့သော်လည်း အဆိုပါကျေးရွာနေသူများမှာ ဝိုင်းဝန်းငြိမ်းသတ်ခြင်းမရှိဘဲ မလှမ်းမကမ်းမှသာ ရပ်ကြည့်နေခဲ့ကြသည်။



ကျေးရွာနေသူများမှာ မီးလောင်မှုကို ဝိုင်းဝန်းငြိမ်းသတ်ခြင်းမရှိဘဲ မလှမ်းမကမ်းမှ ရပ်ကြည့်နေစဉ်



မီးရှို့ခံရသည့်နေအိမ်ကို တပ်မတော်သားများက ဝိုင်းဝန်းမီးငြိမ်းသတ်စဉ်

နိုဝင်ဘာ ၂ ရက်တွင် မောင်တောခရိုင်အတွင်း ဖြစ်စဉ်များဖြစ်ပွားခဲ့သည့် ကျေးရွာများသို့ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် သံတမန်များကို တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသစဉ် နေအိမ်စွန့်ခွာ တိမ်းရှောင်နေသူများမှာ ပြန်လည်စုရုံးရောက်ရှိလာကြပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ လိုအပ်လျက်ရှိကြောင်း လုပ်ကြံပြောဆိုခြင်း၊ ကြိုတင်ရေးသားထားသောစာများ လက်ကမ်းပေးအပ်ခြင်းတို့ကို အစီအမံရှိစွာဖြင့် လုပ်ဆောင်ခဲ့ကြောင်း တွေ့ရသည်။

ထို့ပြင် ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုများ မဖြစ်ပွားမီ၊ ဖြစ်ပွားချိန်နှင့် ဖြစ်ပွားပြီးနောက်ပိုင်း လုပ်ဆောင်ချက်များမှာ ဘက်ပေါင်းစုံမှ ကြိုတင်အကွက်ချစီမံ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကိစ္စရပ်များကို တာဝန်ရှိသူများက တာဝန်သိပြည်သူများနှင့် ပူးပေါင်းပြီး အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မော်တော်ယာဉ်ဘီး ဖြုတ်ခိုးယူသူများကို လှည့်ကင်းဆောင်ရွက်ရာမှ ဖမ်းဆီးရမိ

**ရန်ကုန် နိုဝင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မှုခင်းကြိုတင်ကာကွယ်မှုများ ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်ရဲတပ်ဖွဲ့အသီးသီးမှ ညဦးပိုင်းလှည့်ကင်း၊ ညဥ့်နက်ပိုင်းလှည့်ကင်းများဖြင့် ပိုက်စိပ်တိုက်ဆောင်ရွက်ခဲ့ရာမှ ကားပါကင်နှင့်နေအိမ်ရှေ့လမ်းများတွင်ရပ်ထားသော မော်တော်ယာဉ်များ၏ ဘီးများကိုဖြုတ်ခိုးယူသူများအား ဖမ်းဆီးရမိပြီး မော်တော်ယာဉ်ဘီးများ ဖြုတ်ခိုးယူမှု ၂၀ ကို ဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၃ ရက် နံနက် ၁ နာရီခွဲခန့်က ရန်ကင်းမြို့မရဲစခန်းမှ ညဥ့်နက်ပိုင်းလှည့်ကင်းဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များသည် ရန်ကင်းမြို့နယ် (၂) ရပ်ကွက် ရန်အောင်လမ်းသွယ်(၈)လမ်းရှိ ကားပါကင်ရှေ့၌ အမျိုးသမီးတစ်ဦးအား ယာဉ်အမှတ် ၂ဃ/---- တိုယိုတာကိုရိုနာ ပရီမီယို အငှားယာဉ်တစ်စီးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိရကြောင်း၊ ယင်းယာဉ်ပေါ်၌ကားဘီးသုံးလုံး၊ ဘီးဖုံးနှစ်ခု၊ မူလီခေါင်း ၃၆ လုံးတို့ကို တွေ့ရှိခဲ့သည့်အပြင် အနီးရှိ 9I---- ကာဒီနာကိုယ်ပိုင်ယာဉ်မှာလည်း ဘီးများပြုတ်နေကာ ကားဘီးဖြုတ်ရာ၌ အသုံးပြုသည့် ပစ္စည်းများကို တွေ့ရှိရပြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေ မနှင်းအေးဖြူ (၃၁နှစ်)ဖြစ်ကြောင်းနှင့် ကိုလတ်၊ ရုပ်ပြောင်(ခ) ဇေယျာလင်းတို့နှင့်အတူ ကားဘီးဖြုတ်၍ ခိုးယူခဲ့ကြောင်း သိရသည်။

ကားဘီးခိုးယူသူ ကိုလတ်နှင့် ရုပ်ပြောင်(ခ) ဇေယျာလင်းတို့အား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ မနှင်းအေးဖြူ၏ခင်ပွန်း ကိုလတ်အား အနီးရှိ ရေဆိုးမြောင်းပြွန်အတွင်း ပုန်းအောင်းနေသည်ကို တွေ့ရှိဖမ်းဆီးရမိပြီး ရုပ်ပြောင်(ခ)ဇေယျာလင်းမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။



ဎင်းတို့အား စစ်ဆေးချက်အရ အငှားယာဉ်ဖြင့် မြို့နယ်များအတွင်း လှည့်လည်သွားလာပြီး ကားဘီးများ ဖြုတ်ခိုးယူခဲ့ကြောင်း၊ စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်းက တာမွေမြို့နယ်အတွင်းမှ ယာဉ် ၁၀ စီး၊ ရန်ကင်းမြို့နယ်အတွင်းမှ ယာဉ်နှစ်စီး၊ ဗဟန်းမြို့နယ်အတွင်းမှ ယာဉ်နှစ်စီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းမှ ယာဉ်သုံးစီး၊ ဗိုလ်တထောင်မြို့နယ်အတွင်းမှ ယာဉ်တစ်စီးနှင့် ဒဂုံမြို့နယ်အတွင်းရှိ ယာဉ်တစ်စီးတို့မှ ကားဘီးများကို ဖြုတ်ခိုးယူခဲ့ကြောင်း ထပ်မံဖော်ထုတ်နိုင်ခဲ့ပြီး ဎင်းတို့ခိုးယူထားသည့် သက်သေခံပစ္စည်းများ ပြန်လည် သိမ်းဆည်းရမိရေးအတွက် စိစစ်ဆောင်ရွက်လျက်ရှိပြီး ထွက်ပြေးတိမ်းရှောင်နေသူ ရုပ်ပြောင်(ခ)ဇေယျာလင်းကိုလည်း ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရေဝတီဘဏ်ခွဲ တာမွေ၌ ငွေလိမ်လည်ထုတ်ယူသူ အမျိုးသားနှစ်ဦးအား ဖမ်းဆီးရမိ

**ရန်ကုန် နိုဝင်ဘာ ၃**

ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ ရေဝတီဘဏ်ခွဲ၌ ငွေလိမ်လည်ထုတ်ယူမှု နိုဝင်ဘာ ၁ ရက်က ဖြစ်ပွားခဲ့သည်။

ရန်ကုန်မြို့ တာမွေမြို့နယ် ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက် ယုဇနလမ်းထောင့်နှင့် စံပယ်လမ်းထောင့်ရှိ ရေဝတီဘဏ်ခွဲ(တာမွေ)မှ နိုဝင်ဘာ ၁ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က တာမွေမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးသို့ ဖုန်းဖြင့်ဆက်သွယ်ပြီး ဎင်းတို့၏ဘဏ်သို့ မအူပင်မှလွှဲပေးသည့် ငွေကျပ် ၁၂ သိန်း လေးသောင်းကျပ်ကို အမျိုးသားနှစ်ဦးက လာရောက်လိမ်လည်ထုတ်ယူနေကြောင်း သတင်းပေးပို့ခဲ့ရာ တာမွေမြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ရဲအုပ်ဇော်ဇော်ထွန်းနှင့် ရဲတပ်ဖွဲ့ဝင်များက ငွေလိမ်လည်ထုတ်ယူသူ အေးကျော်စိုး (၃၇နှစ်) အမှတ် ၈၃၀ ထူပါရုံ ၁၅လမ်း(၁)ရပ်ကွက် သာကေတမြို့နယ်နေသူအား ငွေထုတ်ယူရန် စောင့်ဆိုင်းနေစဉ် ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ မအူပင်မြို့နယ်နေ မအေးသန္တာလင်းဆိုသူထံသို့ အေးကျော်စိုးနှင့် အောင်ကျော်သိန်းတို့က ဖုန်းဖြင့်ဆက်သွယ်ပြီး မအေးသန္တာလင်း လက်ရှိကိုင်နေသောဖုန်းမှာ မဲပေါက်သဖြင့် ငွေကျပ်သိန်း ၂၀၀ ရရှိမည်ဖြစ်ကြောင်း၊ နိုဝင်ဘာ ၁ ရက် ညနေ ၃ နာရီအရောက် ငွေကျပ် ၁၂ သိန်း လေးသောင်းကျပ်ကို တာမွေမြို့နယ်ရှိ ရေဝတီဘဏ်ခွဲ (တာမွေ)သို့ လွှဲပေးရမည်ဖြစ်ကြောင်း၊ မလွှဲပေးပါက မဲပေါက်သည့် ငွေကျပ်သိန်း ၂၀၀ ဆုံးရှုံးမည်ဖြစ်ကြောင်း အောင်ကျော်သိန်းက ပြောဆိုသဖြင့် လွှဲပေးခဲ့ပြီး မအူပင်အိတ်ချိန်းရုံးသို့ သွားရောက်မေးမြန်းရာ ငွေလိမ်လည်ခံရသည်ကို သိရသဖြင့် မအူပင်အိတ်ချိန်းရုံးမှတစ်ဆင့် တာမွေမြို့နယ်ရှိ ရေဝတီဘဏ်ခွဲ (တာမွေ)သို့ ဖုန်းဖြင့်ဆက်သွယ်ခဲ့ပြီး ဆက်လက်၍ တာမွေမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးသို့ ဖုန်းဖြင့် ဆက်သွယ်ခဲ့သောကြောင့် ငွေလိမ်လည်ထုတ်ယူသူ အောင်ကျော်သိန်း (၄၅နှစ်) ချမ်းသာကုန်း(၄)လမ်း မကွေးမြို့နေသူ၏ မှတ်ပုံတင်ကို ကိုင်ဆောင်ပြီး ငွေလိမ်လည်ထုတ်ယူသူ အေးကျော်စိုးအား မအူပင်မြို့မရဲစခန်းက ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်မောင်ဦး (အလုံ)**

# ကျောက်ဆည်မြို့တွင် သံဃာအတုအယောင်တစ်ဦးအား စစ်ဆေးအရေးယူလျက်ရှိ

**ကျောက်ဆည် နိုဝင်ဘာ ၃**

ကျောက်ဆည်မြို့ မြို့မရဲစခန်း၌ နိုဝင်ဘာ ၁ ရက်က သံဃာအတုအယောင်ဆောင်တစ်ဦးအား ဖမ်းဆီးစစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျောက်ဆည်မြို့ ကြက်မင်းတွန်ရပ် ရုံးကြီးလမ်းဘေးရှိ ရွှေဘုံသာဘုရားရင်ပြင်တွင် နိုဝင်ဘာ ၁ ရက် ည ၉ နာရီ ၄၅ မိနစ်ခန့်က သင်္ကန်းထုပ်၊ အရပ်ဝတ်ဖြင့် လူတစ်ဦးအရက်သေစာ သောက်စားလျက် အိပ်စက်နေကြောင်း သိရှိရသဖြင့် ကျောက်ဆည်မြို့မရဲစခန်းမှူး ဒုရဲမှူးသက်နိုင်စိုးသည် လှည့်ကင်းအဖွဲ့နှင့်အတူ စစ်ဆေးရာ အဆိုပါ လူပုဂ္ဂိုလ်သည် ဦးဓမ္မ သိန္ဒိ(ခ)ထွန်းထွန်းဝင်း(ခ)တိုးတိုး ဘင်စုရပ်တွင် နေထိုင်သူဖြစ်ကြောင်းသိရပြီး နေ့ခင်းပိုင်းတွင် သင်္ကန်းဝတ်ဖြင့် ရပ်ကွက်အတွင်း လှည့်လည်အလှူခံကြောင်း၊ အဆိုပါဘုရားရင်ပြင်တော်ပေါ်၌ အရက်သေစာသောက်စားကာ ဘုရားဖူးများ၊ တရားလာရောက်အားထုတ်သူများအား အနှောင့်အယှက်ဖြစ်အောင် အော်ဟစ်ဆူညံ ဆဲဆိုနေထိုင်နေသူဖြစ်ပြီး သံဃာစိစစ်ရေးကတ်မရှိကြောင်း တွေ့ရှိရသဖြင့် ဎင်းအား ကျောက်ဆည်မြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဘိန်းဖြူများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၃**

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁ ရက်က သိန္နီမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီး၌ ရွှေမန္တလာခရီးသည်တင် မှန်လုံယာဉ်ကိုရှာဖွေရာ ခရီးသည် ကော်လင်ရှင်နှင့် တွမ်ရင်ပေါက်တို့နှစ်ဦးထံမှ ဘိန်းဖြူ အလေးချိန် ၅၁၆ ဂရမ်ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီး၌ မန်းရွှေပြည် ခရီးသည်တင်မှန်လုံယာဉ်ကိုရှာဖွေရာ ခရီးသည် မအေးနွမ်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ သိမ်းဆည်းရမိသဖြင့် ဎင်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ထို့အတူ မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂ ရက်က ဆီဆိုင်မြို့နယ် ဟိုတိကျေးရွာအနီး ဟိုပုံး-ဆီဆိုင်သွားကားလမ်းမပေါ်၌ လှသန်းမောင်နှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀၀ ကိုလည်းကောင်း။

ယင်းနေ့က အိန္ဒုနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘားအံမြို့နယ် အိန္ဒုကျေးရွာ အင်းလေးရပ်ကွက်နေ ကျော်ဝင်း၏နေအိမ် ကိုရှာဖွေရာ ဎင်းနှင့်အတူ သန်းစိန်အားတွေ့ရှိရပြီး ဎင်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၆၆ ပြား သိမ်းဆည်းရမိသဖြင့် ဎင်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ဇန်းမောက်မြို့နယ်၌ မူးယစ်ဆေးဝါးများနှင့် တရားမဝင်တူမီးသေနတ်တစ်လက် သိမ်းဆည်းရမိ



**ဇန်းမောက် နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဇန်းမောက်မြို့နယ် တုံပုံကျေးရွာအတွင်းမှ မူးယစ်ဆေးဝါးငွေကျပ်သိန်း ၁၀၀ ကျော်နှင့် တရားမဝင် တူမီးသေနတ်တစ်လက် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဇန်းမောက်မြို့နယ် မံစီကြီးနယ်မြေ ရဲစခန်းမှူး ရဲအုပ်မောင်ဇော်နှင့်အဖွဲ့သည် နိုဝင်ဘာ ၂ ရက်က ဇန်းမောက်မြို့နယ် တုံပုံကျေးရွာနေ ဉာဏ်ဝင်း၏ နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေရာ နေအိမ်မီးဖိုချောင်အတွင်းမှ ဘိန်းဖြူ ၄၂ ဂရမ် (တန်ဖိုးငွေကျပ် ၄၂ သိန်း)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၁၈၀ (တန်ဖိုးငွေကျပ် ၅၉ သိန်း)တို့နှင့်အတူ တရားမဝင်တူမီးသေနတ်တစ်လက်တို့ကို ရှာဖွေစစ်ဆေးတွေ့ရှိရသဖြင့် မံစီကြီးရဲစခန်းက ဉာဏ်ဝင်းကို အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

## ပျောက်ဆုံးကြောင်း

Myanmar Thilawa SEZ Holding Public Co.,Ltd.သို့ အစုရှယ်ယာထည့်သွင်းထားသော ကျွန်မ၏အစုရှယ်ယာ သက်သေခံလက်မှတ် ID No 477မှာ ၁၀-၉-၂၀၁၆ ရက်တွင် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဒေါ်မြမာလာဟန်**
**၁၂/ကမရ(နိုင်)၀၅၅၉၉၈**
**ဖုန်း-၀၉-၅၀၂၂၆၈၄၊**
**၀၉-၉၇၁၉၆၀၄၄၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ... [illegible] ... (RGN-...) ... GP-... [illegible]

## အေစီလီဒါ အမ်အက်ဖ်အိုင်မြန်မာကုမ္ပဏီလီမိတက်၏ ဒါရိုက်တာအဖွဲ့ဝင်အသစ် ခန့်အပ်ကြောင်း အများပြည်သူသိရှိစေရန် ကြေညာချက်

အေစီလီဒါအမ်အက်ဖ်အိုင်မြန်မာကုမ္ပဏီလီမိတက်သည် မစ္စငှရင်သူဟ၊ ပတ်စပို့နံပါတ် C0546141၊ မွေးသက္ကရာဇ် ၂၈-၁၀-၁၉၅၇၊ ဗီယက်နမ်နိုင်ငံသူအား ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်သစ်အဖြစ် ၂၀၁၆ခုနှစ်၊ အောက်တိုဘာ ၂၇ရက်တွင် ကျင်းပသည့် ဒါရိုက်တာအစည်းအဝေးဆုံးဖြတ်ချက်အရ ခန့်အပ်ကြောင်းကို ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ ညွှန်ကြားချက်အရ အများပြည်သူများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဒါရိုက်တာအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ဈေးဟောင်းလမ်း၊ အမှတ် ၂၃၊ သုံးလွှာ(ခြေရင်းခန်း)၊ အကျယ်အဝန်း ပေ(၂၀×၆၀)ရှိ တိုက်ခန်းကို ပိုင်ရှင်များဖြစ်ကြသော ဦးသိန်းဆွေမြင့် ၁၂/တမန(နိုင်)၀၀၆၄၉၀နှင့် ဒေါ်မြထွေး ၁၂/တမန(နိုင်)၀၀၆၄၉၁တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်၊ ဆိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ တစ်စုံတစ်ရာကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးချစ်လွင် (ADVOCATE)**
**B.COM(A.A), D.E.P; R.L**
**တရားလွှတ်တော်ရှေ့နေ(၂၈၅၉)**
**အမှတ် ၁၉၊ ၁၂၇ လမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊**
**ဖုန်း-၂၉၇၈၃၀၊ ၂၉၄၇၆၆**

## တိပ်တွေပေါ်မှာ လမ်းလျှောက်ရမယ့် ရင်ခုန်စိတ်လှုပ်ရှားဖွယ် နတ်မတောင်ခရီးစဉ်ကို Sincere Smile နဲ့ သွားကြမယ်

(၁၁-၁၁-၁၆) သောကြာနေ့ည ၇း၀၀ တွင် ရန်ကုန်မှ စတင်ထွက်ခွာပါမည်။ ခရီးစဉ်တစ်လျှောက်လုံး aircon ကား၊ အစားအသောက်ကောင်းများဖြင့် သက်သောင့်သက်သာ လိုက်ပါနိုင်ရန်စီစဉ်ထားပါသည်။ ကန်ပက်လက်မြို့ရှိ အဆင့်မြင့် ပန်းလေပြေဟိုတယ်တွင် ညအိပ်တည်းခိုပြီး နေ့လယ်စာ၊ ညစာတို့ကို ဟိုတယ်တွင် တည်ခင်းဧည့်ခံပါမည်။ အပြန်တွင် ရှေးဟောင်းပုဂံဘုရားများကို ဝင်ရောက်ဖူးမြော်ပြီး ပုဂံမြို့ရှိ ပန်းလေပြေဟိုတယ်တွင် ညစာဖြင့် တည်ခင်းဧည့်ခံပါမည်။ ညစာသုံးဆောင်ပြီးနောက် ပြန်လည်ထွက်ခွာမည်ဖြစ်ပြီး ရန်ကုန်မြို့သို့ ၁၅-၁၁-၁၆ ရက် နံနက် ၅း၃၀ နာရီတွင် ပြန်လည်ရောက်ရှိပါမည်။

လိုက်ပါလိုသူများအနေဖြင့် ၈-၁၁-၂၀၁၆ ရက် နောက်ဆုံးထား၍ Sincere Smile ကုမ္ပဏီရုံးခန်းတွင် လက်မှတ်များ စတင်ဝယ်ယူနိုင်ပါပြီ။ တစ်ဦးလျှင် ၁၈၀၀၀၀ ကျပ်။

အမှတ်(၆၅/A) မင်းနန္ဒာလမ်းမကြီး၊ သာကေတ၊ Capital Hypermarket မျက်စောင်းထိုး။

ဖုန်း-၀၁-၉၁၉၀၅၂၇၊ ၀၉-၉၇၅၄၈၉၇၅၂၊ ၀၉-၇၉၉၅၇၄၁၄၃

မြန်မာနိုင်ငံ၏ အမြင့်ဆုံးမြေသားတောင်ဖြစ်ပြီး သဘာဝအလှအပများ ထူးခြားသောသစ်ပင်ပန်းမန်များကို ကြည့်ရှုခံစားနိုင်ရန်အတွက် Sincere Smile နဲ့အတူ ပျော်ရွှင်စွာ ခရီးထွက်ကြပါစို့။

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်လျှောက်ထားခြင်း

ယာဉ်အမှတ် ၃၁ဃ/၃၀၈၉၁ ယာဉ်လက်ဝယ်ရှိသူ ဦးကြည်အောင် ၉/မခန(နိုင်) ၁၂၂၄၆၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မြင်းခြံမြို့)**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈ဃ/၇၅၈၆၂ ယာဉ်လက်ဝယ်ရှိသူ ဦးသွင်းဇော်ဝင်း ၉/တသန(နိုင်)၁၄၅၅၅၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မြင်းခြံမြို့)**

# မြန်မာ-အင်ဒိုနီးရှား ခြေစမ်းပွဲအကြို သတင်းစာရှင်းလင်းပွဲကျင်းပ

**ရန်ကုန်  နိုဝင်ဘာ  ၃**

၂၀၁၆ အာဆီယံဆုဇူကီးဖလားပြိုင်ပွဲအကြို ယှဉ်ပြိုင်ကစားမည့် မြန်မာ့လက်ရွေးစင်အသင်းနှင့် အင်ဒိုနီးရှား လက်ရွေးစင်အသင်းတို့၏ ခြေစမ်းပွဲအတွက် သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၁၁ နာရီက ဟိုတယ်ရန်ကုန်၌ ကျင်းပသည်။

မြန်မာအသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်က "ဆုဇူကီးဖလားပြိုင်ပွဲမတိုင်ခင် အသင်းကောင်းတွေနဲ့ ကစားခွင့်ရတာက အလွန်ကို အကျိုးရှိပါတယ်။ အင်ဒိုနီးရှားအသင်းဟာ တောင့်တင်းတဲ့အသင်းဖြစ်ပြီး ဒီပွဲမှာ အသင်းရဲ့ အနေအထားကို တွေ့မြင်ရမှာပါ။ အခုပွဲမှာ အတောင့်တင်းဆုံးလူစာရင်းကို အသုံးပြုပြီး ရလဒ်ကောင်းရအောင် ကြိုးပမ်းသွားမှာပါ။ အင်ဒိုနီးရှား အိုမန်လက်ရွေးစင်အသင်းတို့နဲ့ ကစားခွင့်ရတဲ့အတွက် အသင်းရဲ့ပြင်ဆင်မှုအပိုင်းကို အများကြီး အထောက်အကူဖြစ်စေပါတယ်။ ဆုဇူကီးဖလားပြိုင်ပွဲမှာ အောင်မြင်မှုရအောင် ကြိုးပမ်းသွားမှာပါ" ဟု ပြောကြားခဲ့သည်။

အင်ဒိုနီးရှားလက်ရွေးစင်အသင်းနည်းပြချုပ် အယ်လ်ဖရက်ဒ် က "မြန်မာအသင်းရဲ့ ခြေစွမ်းကို လေ့လာထားပါတယ်။ ဒီပွဲကို အာရုံစိုက်ပြီး ကစားမှာပါ။ အခုခြေစမ်းပွဲက ကျွန်တော်တို့ကို ခက်ခဲစေမှာ သေချာသလို မြန်မာအသင်းကိုလည်း ခက်ခဲစေမယ်လို့ ကျွန်တော်ပြောချင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ နိုင်ငံတကာပြိုင်ပွဲယှဉ်ပြိုင်ခွင့်ကာလရှည်ကြာစွာ ပိတ်ခံထားရတာကြောင့် ခြေစမ်းပွဲတွေကစားပြီး ပြင်ဆင်နေတာဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။ မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့၏ ခြေစမ်းပွဲကို နိုဝင်ဘာ ၄ ရက် **(ယနေ့)** ညနေ ၅ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်**



မြန်မာ-အင်ဒိုနီးရှား ပွဲကြို သတင်းစာရှင်းလင်းပွဲပြုလုပ်နေစဉ်

# ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင် လီဂီယာဝါဆောနှင့် ရီးရဲမက်ဒရစ်တို့ သုံးဂိုးစီ သရေကျ

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ၃၂ သင်းအဆင့် အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ အုပ်စု (F) မှ လီဂီယာဝါဆောနှင့် ရီးရဲမက်ဒရစ်တို့ တစ်ဖက် သုံးဂိုးစီ သရေကျခဲ့ပြီး ဒေါ့မွန်က စပို့တင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ပိုလန်မြေတွင် ပရိသတ်မပါဘဲ ကွင်းပိတ်ယှဉ်ပြိုင်ကစားခဲ့သည့် အိမ်ရှင် လီဂီယာဝါဆောသည် ၄-၂-၃-၁ ပုံစံဖြင့် လည်းကောင်း၊ ရီးရဲအသင်းသည် နောက်တန်းနှင့် ကွင်းလယ်ကစားသမားများ ဒဏ်ရာပြဿနာများကြောင့် ၄-၂-၂-၂ ကစားကွက်ဖြင့် လည်းကောင်း၊ ပွဲထွက်လာသည်။ ပွဲစပြီး တစ်မိနစ်တွင် ဂါရတ်ဘေးလ်၏ ဘယ်ခြေဖြင့် မြေမကျဘော ကန်သွင်းခဲ့၍ ရီးရဲတို့ဦးဆောင်ဂိုး ရရှိခဲ့သည်။ ပွဲချိန် ၃၅ မိနစ်တွင် ဘင်ဇီမာက ရီးရဲအတွက် ဒုတိယဂိုးသွင်းယူခဲ့ပြီး မိနစ် ၄၀ တွင် ကွင်းလယ်ကစားသမား ဗာဒစ်က လီဂီယာဝါဆောအတွက် ချေပဂိုး တစ်ဂိုးသွင်းယူပေးခဲ့သည်။ ဒုတိယပိုင်း ၅၈ မိနစ်တွင် လီဂီယာဝါဆောအတွက် ဒုတိယမြောက်ချေပဂိုးကို ရာဒိုဗစ်က သွင်းယူခဲ့သည်။ ပွဲချိန် ၈၃ မိနစ်တွင် ကွင်းလယ်ကစားသမား သီဘတ်မူလင်းက လီဂီယာဝါဆောအတွက် တတိယမြောက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ၈၅ မိနစ်တွင် ကိုဗက်ဆစ်က ရီးရဲအတွက် ချေပဂိုး သွင်းယူခဲ့သည်။

ဒေါ့မွန်နှင့်စပို့တင်းပွဲတို့တွင် ဒေါ့မွန်အတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၁၂မိနစ်တွင် တိုက်စစ်မှူး ရာမို့စ်က သွင်းယူခဲ့သည်။ အုပ်စု (F)တွင် ဒေါ့မွန်က ရမှတ် ၁၀ မှတ်ဖြင့် ဇယားထိပ်တွင် ဦးဆောင်နေပြီး ရီးရဲက ရမှတ်ရှစ်မှတ်ဖြင့် အဆင့် (၂)တွင် ရပ်တည်နေသည်။

တခြားပွဲစဉ်များအဖြစ် အုပ်စု(E)တွင် မိုနာကိုက သုံးဂိုး-ဂိုးမရှိဖြင့် CSKA မော်စကိုကို အနိုင်ရပြီး စပါးတို့ အင်္ဂလန်မြေတွင်လေဗာကူဆင်ကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ အုပ်စု(G)တွင် ကိုဘင်ဟေဂင်နှင့် လက်စတာတို့ဂိုးမရှိ သရေကျပြီး ပေါ်တိုက ကလပ်ဘရုဂ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အုပ်စု(H)တွင် ဂျူဗင်တပ်စ်နှင့်လိုင်ယွန်တို့ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့ပြီး ဆီဗီလာက စပိန်မြေတွင် ဒိုင်နမိုဇာဂရက်ကို လေးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

**သီဟ**



# အထက်မြန်မာပြည်တက္ကသိုလ် ကောလိပ်ပေါင်းစုံ ဇုန်အလိုက် ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**မန္တလေး  နိုဝင်ဘာ  ၃**

၂၀၁၅-၂၀၁၆ ပညာသင်နှစ် အထက်မြန်မာပြည်တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ ဇုန်အလိုက် အမျိုးသားဘောလုံးပြိုင်ပွဲဖွင့်ပွဲကို နိုဝင်ဘာ ၃ ရက် ညနေ ၃ နာရီက မန္တလေးတက္ကသိုလ်အားကစားကွင်း၌ကျင်းပရာ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်ဝင်းက အမှာစကားပြောကြားပြီး ဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယနေ့ကျင်းပသော ဇုန်အလိုက် အမျိုးသားဘောလုံးပြိုင်ပွဲ ပထမပွဲစဉ်တွင် မန္တလေးဇုန်(၁)အသင်းနှင့် မုံရွာဇုန်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကြရာ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားပြီး ဒုတိယပွဲစဉ်ပြိုင်ပွဲတွင် တောင်ကြီးဇုန်အသင်းက နေပြည်တော်ဇုန်အသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိသွားကြောင်းနှင့် ပြိုင်ပွဲကို နိုဝင်ဘာ ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**




### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၇၃၂၅ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ဃ/၆၂၀၆၃၊ Honda Dream125 ယာဉ် လက်ဝယ်ရှိသူ ဦးသိန်းထွန်း ၇/ပမန(နိုင်)၀၇၇၇၀၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)ပြည်မြို့**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9F/ 9157 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)**

**ဥတုရာသီ တောကိုမှီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ ရေနံ့သာအနာကြီးရောဂါ ကုဆေးရုံကြီးတွင် ကုသမှုခံယူနေသော လူနာများအတွက် ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၅-၁၁-၂၀၁၆ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၉-၁၂-၂၀၁၆ရက် ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကိုသိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**ရေနံ့သာအနာကြီးရောဂါကုဆေးရုံကြီး**
**မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး**
**ဖုန်း-၀၉-၆၅၀၂၅၇၃**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့နယ်၊ ရွှေသောင်ယံမြို့၊ (၆) ရပ်ကွက်၊ ချောင်းသာကျေးရွာရှိ ကွင်းအမှတ် ၁၉၉၀၊ ချောင်းသာကွင်း၊ ဦးပိုင်အမှတ် (၈- ၄၅)၊ ဧရိယာ ၀ ဒသမ ၂၀၂ဧကရှိမြေကို ဦးမင်းထွေးအမည်ဖြင့် မြေနေရာချထားမိန့် ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးကြီးမောင်၏သား ဦးထွန်းညိမ်း ၇/ပမန(နိုင်)၀၂၈၀၄၈ (ခ) ဦးထွန်းငြိမ်း (၃၇၇၇)၏ နိုင်ငံသားစိစစ်ရေးကတ်ပါ အမည်မှန်မှာ ဦးထွန်းညိမ်းအမည်တစ်မျိုးတည်းဖြစ်ပါ၍ ဦးထွန်းငြိမ်းနှင့် ဦးထွန်းညိမ်းအမည်နှစ်မျိုးမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

၃-၁၁-၂၀၁၆ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၉) တွင် မသီတာစိုးနှင့် သက်ဆိုင်သူ သိစေရန် ကြော်ငြာတွင် မသီတာစိုး ၁၄/ကလန(ပြု)၀၀၀၂၁၀ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပခုက္ကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ ပစ္စည်းများ ဝယ်ယူခြင်းအား အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အဖွဲ့ရုံးသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

| | | |
|---|---|---|
| **တင်ဒါတင်သွင်းရန်လိုအပ်သောပစ္စည်းများ** | - | (၁) 18.5KWရေမြုပ်မော်တာပန့် (Cable အပါ အဝင်)<br>(၂) 100 KVA မီးစက်<br>(၃) SKAT အမှိုက်သိမ်းယာဉ်တစ်စီး |
| **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** | - | ၇-၁၁-၂၀၁၆ရက်မှ ၂၅-၁၁-၂၀၁၆ရက်အထိ (ရုံးချိန်အတွင်း) |
| **တင်ဒါလျှောက်လွှာပိတ်ရက်** | - | ၂၅-၁၁-၂၀၁၆ရက် (သောကြာနေ့) ၁၆း၀၀နာရီအထိ |
| **တင်ဒါဖွင့်မည့်ရက်** | - | ၆-၁၂-၂၀၁၆ရက်(အင်္ဂါနေ့) |
| **တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေရာ** | - | ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး |
| **ဆက်သွယ်ရန်ဖုန်းနံပါတ်** | - | ၀၆၂-၂၂၁၉၁၊ ၀၉-၂၅၆၀၇၉၆၉၅ |

**တင်ဒါခေါ်ယူရေးကော်မတီ**

**ဖခင် အမည်မှန်**

ကချင်ပြည်နယ်၊ ရွှေကူမြို့၊ အထက (၂) အဋ္ဌမတန်းမှ မောင်ထွန်းနေအောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးမြင့်ထွေး ၁/ရကန(နိုင်)၀၃၀၈၀၃ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

Century Bright Gold Service Co.,Ltd.၏ Car Sale Center မှ ဝယ်ယူတင်သွင်းခဲ့သော မော်တော်ယာဉ်များအနက် အောက်ဖော်ပြပါ Custom Import Declation Cover Original (743655,744578,756203,756202 များ ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိက ခုနစ်ရက်အတွင်း အကြောင်းကြားပေးပါရန်။

**ဦးကျော်သူရ**
**ဖုန်း-၀၉-၇၃၂၃၄၇၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၄)ရပ်ကွက်၊ ဗထူးလမ်း၊ အမှတ် ၉၈၅နှင့် ၁၀၁၆ ဟုခေါ်တွင်သော အလျားပေ၄၀×အနံ ပေ၆၀ မြေနှစ်ကွက်ကို အမည်ပေါက် ဦးစိန်ဌွေး ၁၂/ဥကမ(နိုင်)၁၁၃၅၀၀ထံမှ ဦးဇော်အောင် ၁၂/လသယ(နိုင်)၀၃၃၉၈၁က ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီး ဝယ်ယူမည်ဖြစ်ပါသောကြောင့် အထက်ပါ မြေနှစ်ကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးဇော်အောင် ၁၂/လသယ(နိုင်)၀၃၃၉၈၁**
**ဖုန်း-၀၉-၇၉၉၅၉၉၂၈၂**

## ကန့်ကွက်နိုင်ပါကြောင်း

မိတ္ထီလာမြို့နယ်၊ မြို့မ(၄)ရပ်ကွက်၊ အကွက်အမှတ်(၃/ပန်းထိမ်တန်း)၊ ဦးပိုင်အမှတ် ၄၉/က+၄၉/ခ၊ မြေကွက်အမှတ် ၉၆+၉၆/၂၃၀၊ ဧရိယာ ၀ဒသမ၀၃၇၈ဧကရှိ မြေကွက်အား ဒေါ်ခင်စန်းဝင်းမှ မြေငှားဂရန်အသစ် လျှောက်ထားလာရာ လျှောက်ထားမြေကွက်၏ ဦးပိုင်အမှတ် ၄၉/က သည် ဦးသိန်းဝင်း အမည်ဖြင့် DORP No-၂၈၄/၁၉၉၁-၁၉၉၂အရ ၅-၇-၁၉၉၅ရက်မှ ၄-၇-၂၀၀၅ရက်အထိ ၁၀နှစ်ဂရန် ရရှိထားသောမြေကွက်ဖြစ်ပြီး ဦးပိုင်အမှတ် ၄၉/ခသည် ဒေါ်စိန်အိနှင့်ဒေါ်မြင့်မြင့်တို့ အမည်ဖြင့် အခွန်မှုအမှတ် ၃၈/၁၉၆၈-၁၉၆၉အရ ၁၇-၂-၁၉၈၄ရက်အထိ သုံးနှစ်လိုင်စင်ရရှိထားပြီး မြေကွက်များဖြစ်ပါသည်။ ယခုအခါအဆိုပါမြေကွက်များအား ဒေါ်ခင်စန်းဝင်းမှ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဦးစီးဌာနမှူးရုံးတွင် မှတ်ပုံတင်ကာ မြေကွက်အားအပြီးအပိုင်ဝယ်ယူထားကြောင်းစာချုပ်များတင်ပြပြီး ဒေါ်ခင်စန်းဝင်းမှ မြေငှားဂရန်အသစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းများနှင့်အတူ ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ဤရုံးသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေ ညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိတ္ထီလာမြို့**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဖျာပုံမြို့၊ (၁၈)ရပ်ကွက် ဦးအောင်ဇေယျလမ်းနေ ဦးအေးသောင်း၏သမီး မစန္ဒာလှိုင်သည် ဖခင်၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ ၎င်း၏သဘောဆန္ဒအရ နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝအား လုံးဝ တာဝန်မယူပါ။

**ဦးအေးသောင်း**

ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း(၄၁)

# ပြန်လည်သုံးသပ်ခြင်း



ဦးဟန်ညွန့်(ဥပဒေ)

**အပိုင်း(၄၀)ပြည့်ပြီ**

"ဥပဒေအတွေး ရေးပါရစေ"ဆောင်းပါးရေးခဲ့သည်မှာ အပိုင်း(၄၀)ပြည့်ပါပြီ။ ပြန်လည်သုံးသပ်ဖို့ လိုသည်။ ဘာအကျိုးရှိသလဲ။ ဘာအပြစ်ဖြစ်သလဲ။ တရားသူကြီးများသည်ပင်လျှင် မိမိစစ်ဆေးပြီးခဲ့သော အမှုများအကြောင်း ပြန်ပြောင်းသုံးသပ်ရသည်။ အကောင်းဆုံး ဆုံးဖြတ်ခဲ့သည်ဆိုသော်ငြား အမှားမကင်း။ ခုခံချေပခွင့်ပေးရသည်။ အယူခံပိုင်ခွင့် ရရှိစေရသည်။ အဆင့်ဆင့် အမြင့်ဆုံးရုံး၏ အဆုံးအဖြတ်ကို ရပြီးမှ အပြီးအပြတ်ဖြစ်သည်။ ဤမူသဘောမှာ **"ပြန်လည်သုံးသပ်ခြင်း"**၏ အသည်းနှလုံးဖြစ်ပေသည်။ ကြည့်စို့။

**ရေးခဲ့၊ တွေးခဲ့သမျှ**

"တရားဥပဒေကို မသိ၍ ကျူးလွန်မိပါသည်ဟု ထုချေမှုကို ခွင့်လွှတ်၍မရ"ဟူသော ဥပဒေဆိုရိုးစကားဖြင့် အပိုင်း(၁)ကို အုတ်မြစ်ချခဲ့ပါသည်။ တရားဥပဒေ၏ အဓိပ္ပာယ်၊ ဥပဒေအနှစ်သာရ၊ မြန်မာ့တရားဥပဒေများ သမိုင်းအခြေခံ၊ ရာဇဓမ္မသင်္ဂဟကျမ်းနိဒါန်း၊ ဖြတ်ထုံးဟူသည်၊ ဥပဒေပညာရှင်ကြီးများ၏ သုံးသပ်ချက်၊ လူနှင့်ဥပဒေ၊ ရှေ့နေကောင်းတစ်ယောက်၊ ဆိုးသောရှေ့နေစသည်ဖြင့် အခန်းဆက်တွေ ရေးခဲ့ပေသည်။ ထို့နောက် မယိမ်းမယိုင် တရားရေးမဏ္ဍိုင်၊ အမှုတွေကြာဘယ်ခါပြီးမည်လဲ၊ ကျမ်းမျိုးစုံမှ ဉာဏ်ဟုန်ပြင်းသည်၊ စံထားအပ်သော ဥပဒေစာအုပ်များ၊ လျှောက်လဲချက်တင်ဆက်ခြင်း၊ ဥပဒေပြဿနာအဖြေရှာ၊ ပြင်ဆင်သည့် ဥပဒေသတိပြုစေ၊ ဥပဒေပြင်ဆင်ခြင်း၊ ဥပဒေရုပ်သိမ်းခြင်း၊ တရားဥပဒေအခင်းအကျင်း ပွင့်လင်းမြင်သာ၊ တရားဥပဒေ ရှေ့ခရီး နှီးနှောဖလှယ်ပွဲကြီးသို့၊ ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေး၊ တရားရုံးသို့ လာရောက်သူများ၏ အကြံပြုချက်၊ တရားဥပဒေ၏အနှစ်သာရ၊ ဥပဒေများအနက် အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း ဆောင်ရွက်မှုများ၊ တရားစီရင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး ရေးခဲ့သေးသည်။ လျှောက်လဲချက်လား၊ လျှောက်တစ်လွှဲချက်လား၊ လူငယ်ဥပဒေပညာရှင်များကို ကြိုဆိုသည်။ ဥပဒေပညာပေးရေး၊ ဝန်ကြီးဌာနများနှင့် ဥပဒေများ၊ ဥပဒေရေးဆွဲခြင်းတာဝန်၊ ပြစ်မှုနှင့် ပြစ်ဒဏ်မျှတပါစေ၊ တရားရုံး၏ ရည်မှန်းချက်၊ တရားရုံး၏ဆုံးဖြတ်ချက်၊ မှတ်မှတ်သားသား ပြင်ဆင်ချက်များ၊ ပြစ်မှုဆိုသောစကားရပ်နှင့် တရားမမှု၏ သဘောသဘာဝတို့ဖြစ်ပါသည်။ ခေါင်းစဉ်တစ်ခုနှင့်တစ်ခု မထပ်။ ကျိုးကြောင်းဆက်စပ်ကာ ပေါ့ပေါ့ပါးပါးရေးခဲ့၊ တွေးခဲ့သည့် ဆောင်းပါးများပါ။

**ပေါ့ပေါ့ပါးပါး**

ပေါ့ပေါ့ပါးပါးဘာ့ကြောင့် ရေးခဲ့ပါသလဲ။ ထဲထဲဝင်ဝင်၊ ထင်ထင်ရှားရှား ရေးသားရှင်းလင်းခွင့်ပြုပါ။ တရားဥပဒေဟူသောစကားကြားရုံဖြင့် လေသံကြီးသည်။ လေသံပြင်းသည်၊ ခက်ခဲသည်ဟု အများကထင်သည်။ ပုဒ်မ ပုဒ်ထီးကြီးတွေ၊ စာကြောင်းအရှည်ကြီးတွေနှင့် အများနားမလည်အောင် သမားဂုဏ်ဆောင်သည်ဟု လူပြောများသည်။ တရားဥပဒေဆိုတာ ကြောက်စရာ။ တရားသူကြီးဆိုတာ သီးခြားလူတန်းစားပါ။ ရှေ့နေဆိုတာ ရှေ့ကနေတဲ့သူတွေပါ။ လူထုကြားထဲမဝင်ပါဟု ဆိုကြသတဲ့။ မှားသလား၊ မှန်သလား။ ဥပဒေစာအုပ်အထူကြီးတွေပြ၍ ငွေများမှ တရားနိုင်သည်တဲ့။ လေးလေးနက်နက် တွေးတတ်မှ၊ သူများနဲ့မတူမှ ဥပဒေပညာရှင်ဖြစ်တယ်.....တဲ့။ စသည် စသည် ထင်ရှားသည်။ တကယ်လား။ ဤသို့သော စကားသံတွေကြားပြီး "ဥပဒေဆိုတာ ဤသို့ပါ"၊ "တရားရုံးဆိုတာ ဒီလိုပါ "တရားသူကြီးဆိုတာ . . .။ ရှေ့နေဆိုတာ . . .။တရားစီရင်ရေးဆိုတာ...။ တရားမျှတ မှုဆိုတာ. . .။ . . . . ဆိုတာ။ . . . ဆိုတာ စသည်ဖြင့် ပေါ့ပေါ့ ပါးပါးရေးသားရခြင်း၏အကြောင်းရင်းပါ။ အခန်းဆက်ရေးရခြင်း၏ အဖြေပါခင်ဗျာ။

**သုတေသနစာတမ်းများ**

အလျဉ်းသင့်၍ ရှင်းခွင့်ပြုပါ။ လေးလေးနက်နက် ခက်ခက်ခဲခဲ၊ သုတေသနပြုဆန်ဆန် လေ့လာမှတ်သား ရေးသားခဲ့သည့် စာတမ်းများရှိပါသည်။ နိုင်ငံခြားတိုင်းပြည်(အချို့) မှာ အင်္ဂလိပ်ဘာသာဖြင့် ဖတ်ကြားခဲ့သော မြန်မာ့တရားဥပဒေစာတမ်းများရှိပါသည်။ နိုင်ငံခြားသားများနှင့် မြန်မာ့တရားဥပဒေအကြောင်း ငြင်းခုံဆွေးနွေးခဲ့တာတွေလည်း အများကြီးပါ။ ပြည်တွင်း ပညာရှင်အချို့နှင့် လေ့လာဆန်းစစ်၊ နက်နဲစွာ ဝေဝေဆာဆာ ရှာဖွေရေးသားခဲ့သော စာတမ်းများလည်း

> **တရားဥပဒေဆိုတာ ကြောက်စရာ။ တရားသူကြီးဆိုတာ သီးခြားလူတန်းစားပါ။ ရှေ့နေဆိုတာ ရှေ့ကနေတဲ့သူတွေပါ။ လူထုကြားထဲမဝင်ပါဟု ဆိုကြသတဲ့။ မှားသလား၊ မှန်သလား။ ဥပဒေစာအုပ်အထူကြီးတွေပြ၍ ငွေများမှ တရားနိုင်သည်တဲ့။ လေးလေးနက်နက် တွေးတတ်မှ၊ သူများနဲ့မတူမှ ဥပဒေပညာရှင်ဖြစ်တယ်.....တဲ့**

လိုအပ်သည့်အခါ တင်ပြခွင့်ပြုပါ။ သုတေသန၊ ဥပဒေပညာဂျာနယ်များမှ တင်ပြရေးသားခဲ့ဖူးသော စာရေးသူ၏ ဥပဒေဆောင်းပါး(အချို့) ကို ( လိုအပ်လျှင်) တင်ပြပါမည်။ အသစ်အသစ်သော သုတေသနဆောင်းပါးများလည်း ရေးသားတင်ဆက်ပါမည်။

လွယ်ခြင်း၊ ခက်ခြင်း၊ နက်နဲခြင်း၊ အနှစ်သာရပြည့်ဝခြင်းများကို စာဖတ်ပရိသတ်၏ စေတနာကို ထောက်ချင့်၍ တင်ပြရေးသားဝံ့ပါသည်။ နားမလည်အောင်ရေးမှ အနှစ်သာရလား။

**လူငယ်ဥပဒေကျောင်းသားများအတွက်**

တက္ကသိုလ်လူငယ် ဥပဒေကျောင်းသားများအတွက်၊ မျိုးဆက်သစ်လူငယ်ရှေ့နေများအတွက် အားတက်ဖွယ်ဖြစ်ကြောင်း သတင်းကောင်းကြားရသည်။ စာဖြင့်တစ်တန်၊ တယ်လီဖုန်းဖြင့်တစ်သွယ်၊ ဆွေးနွေးမှုဖြင့်တစ်မျိုး သစ်ပင်ပျိုးသူသဖွယ်၊ ရင်ဝယ်ပီတိဖြစ်ရ၍ ဥပဒေအတွေးဆက်၍ ရေးပါဦးမည်။ ဆက်၍တွေးပါဦးမည်။ သိစေ၊ ကြားစေ၊ နားလည်စေပါ။

**ချို့ယွင်းအားနည်းချက်များ**

မည်မျှ ကြိုးပမ်းရေးသားသော်ငြား ချို့ယွင်းအားနည်းချက်များရှိပါမည်။ အချက်အလက်တွေ ထပ်နေမည်လား။ ဥပဒေအနှစ်သာရ ပြည့်ဝရဲ့လား။ အကိုးအကား ခံ့ညားရဲ့လား။ စာမျက်နှာနံပါတ်၊ ရည်ညွှန်းစာအုပ်ကအစ တိကျသေချာရဲ့လား။ နောက်ဆုံးပြင်ဆင်ချက်တွေ စုံလင်ရဲ့လား။ ခေတ်မီရဲ့လား။ ပြင်ဆင်ချက်တွေ သတိပြုရဲ့လား။ ရုပ်သိမ်းဥပဒေတွေ သေချာရဲ့လား။ စေ့စေ့စပ်စပ်ဖတ်ပါ၊ မှတ်ပါ။ ကျန်သွားတာ မရှိစေနှင့်။ တိတိကျကျရေးမှတ်၊ အယူအဆလွဲချင်လွဲစေ၊ အနှစ်သာရမပျောက်စေနှင့်။ ဆရာအို၊ ဥပဒေပညာရှင်ကြီး တွေ ပြောဟောသော ဆုံးမသြဝါဒများ မမေ့သွားနှင့်ဦး။ ဆောင်းပါးမရေးခင်ဆရာကြီးတွေကို ကြိုတင်တင်ပြ၊ ကြိုတင်မတင်ပြနိုင်လျှင် တယ်လီဖုန်းဖြင့်မေး၊ လုပ်ဖော်ကိုင်ဖက် ရှေ့နေကြီးများ၊ နိုတ္တီပဗ္ဗလစ် (Notary Public)နှင့် တရားလွှတ်တော်ရှေ့နေကြီးများ (Advocate) ကိုမေး။ မသိ၍ မေးတာ ရှက်စရာမဟုတ်။ သတင်းစာထဲမှာ ဥပဒေဆောင်းပါး ရေးရသည့်အလုပ်မှာ လွယ်သည်မထင်နှင့်။ ပညာရှင်အသီးသီးထံမှာ နည်းနာခံယူပြီးမှ ကိုယ့်အမြင်နှင့် ပေါင်းစပ်ရေးသင့်သည်ဟု သတိပေးသူရှိသည်။ စာရေးသူ၏ ဥပဒေအတွေ့အကြုံ လုပ်သက်အနှစ်(၄၀)ကျော်ဆိုတာ ဘာမှမဟုတ်သေး။ ဥပဒေပင်လယ်ကြီးမှာ ကူးခပ်စရာတွေ၊ မသိတာတွေ၊ မတတ်တာတွေ၊ မကြုံဖူးသေးတာတွေ လေ့လာမှတ်သားစရာတွေရှိသေးသည်ဟု စာရေးသူယုံကြည်သည်။ လေ့လာမှတ်သားသတိထားသည့်ကြားက မှားခဲ့တာတွေ၊ စေတနာအမှားပေမယ့် ဝေဒနာဖြစ်တတ်တာတွေ (အချို့အချို့သော ပုဂ္ဂိုလ်များကတော့ ဘယ်အကွက်၊ ဘယ်အချက်မှားမည်လဲဟုပင် မှန်ဘီလူးနှင့် စောင့်ကြည့်နေသည်)ဟု ရယ်စရာစကားပြောကြား၍ သတိပေးဝေဖန်အကြံပြုသူတွေ ရှိပေသေးသည်။ သတိပေးအကြံပြုသူများအား ဂါရဝဦးတင်လျက်---

**ဆရာကြီးဦးမြ၏အဆုံးအမ**

ဤနေရာတွင်တရားရေးလောကမှာ ထင်ရှားလှသော ဥပဒေပညာရှင် ဆရာကြီးဦးမြ၏ အဆုံးအမကို ကိုးကားခွင့်ပြုပါ။ စီရင်ထုံးများ လေ့လာမှုနှင့် စပ်ဆိုင်သောကြောင့် ဥပဒေလေ့လာသူများအတွက် အချက်တစ်ချက်ဖြစ်ပါလိမ့်မည်ဟု ကျွန်တော်ထင်ပါသည်။ **ကျွန်တော့် မှတ်စုစာအုပ်မှ မှတ်သားချက်ပါ။ ရှုပါ။**

"တစ်ချိန်က မှုခင်းများကိုဓမ္မသတ်များနှင့် စပ်ဟပ်အဖြေထုတ်ရာ၌ အခက်အခဲများတွေ့ခဲ့ကြောင်း စီရင်ထုံးများက ညွှန်ပြပါသည်။ မှားယွင်းထုံးပြုခဲ့သော စီရင်ထုံးအများအပြားကို တွေ့မြင်နိုင်ပါသည်။ နောက်ပိုင်းစီရင်ထုံးများတွင် ဥပဒေအမှန်ကို ဖော်ထုတ်ရာ၌ ဦးချန်ထွန်းနှင့် ဦးမေအောင်ကဲ့သို့ မြန်မာပညာရှင်များ၊ ကြိုးကြိုးစားစားအဖြေ ရှာတင်ပြသော ရှေ့နေများ၏ လုံ့လရသကြောင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေဖြစ်ထွန်းတိုးတက်လာခဲ့သည်ကို စီရင်ထုံးသမိုင်းက ညွှန်ပြလျက်ရှိပါသည်။ မှုခင်းများကို မြန်မြန်နှင့်မှန်မှန် ဆုံးဖြတ်နိုင်ရေးမှာ ရှေ့နေများအပေါ် တည်တံ့သလောက် တည်နေပါ၍ ဆိုင်ရာသက်သေခံချက်များရှာဖွေ၍ ပြည့်ပြည့်စုံစုံတင်ပြနိုင်ရန် လည်းကောင်း၊ ဆိုင်ရာဥပဒေသများကို မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံ တင်ပြနိုင်စေရေးအတွက် လည်းကောင်း ဆက်လက်လေ့လာရန် ရှင်းလင်းချက်များတွင် ဆက်စပ်သော စီရင်ထုံးများနှင့် ဥပဒေသများကို ဖော်ပြထားသည်ဖြစ်ရာ အထောက်အကူရရှိလိမ့်မည်ဟု မျှော်လင့်ပါသည်။ တစ်ဖက်တွင် ထိုစီရင်ထုံးများကို ရှေ့နေအများစုက လက်လှမ်းမီပါမည်လောဟု သံသယရှိပါသဖြင့် လိုအပ်သမျှ ကောက်နုတ်ဖော်ပြထားပါသည်။ အင်္ဂလိပ်ဘာသာဖြင့် စီရင်ထားသော မူရင်းကို သိခွင့်ရစေရန်ဖော်ပြသည်များလည်းရှိပါသည်။ ပယ်ဖျက်သောစီရင်ထုံးများ မပေါ်ပေါက်သေးသရွေ့ တရားမမှုခင်းဖြတ်ထုံးများစာအုပ်အသီးသီးတွင် စုဆောင်းတင်ပြသော ဖြတ်ထုံးများမှာ အခိုင်မာဆုံးထုံးသာဓကများ (highest authoritative precedents)ဖြစ်ပါသည်။

ယခင် တရားလွှတ်တော်ချုပ်သည် 1953-B.L.R (S.C)116 (D 3C 453)နှင့် 1958.B.L.R 160 (D4C 238-ပြစ်မှု)အမှုများတွင် ဥပဒေအမြင်ကွဲလွဲခဲ့ဖူးပါသည်။ တရားမမှုခင်းဖြတ်ထုံးအနည်းငယ်သည်လည်း အလားတူကွဲလွဲလျက်ရှိရာ 1957 B.L.R(H.C)259 (D4C 977) စီရင်ထုံးပါ လမ်းညွှန်မှုအတိုင်း လိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်။ ဖြတ်ထုံးထက်စီရင်ထုံးက ပို၍ခိုင်မာပါသည်။

မြန်မာနိုင်ငံတွင် စီရင်ထုံးသမိုင်းကို S.J(Selected Judgments)မှစခဲ့ပါသည်။ ရွေးနုတ်ထုံးပြုခြင်းဖြစ်၍ ထိုစဉ်က အမြင့်ဆုံးတရားရုံး၏ ဖြတ်ထုံးအားလုံးကို ထုံးပြုနိုင်ခြင်းမရှိပါ။ အိန္ဒိယနိုင်ငံ A.l.R,L.B,U.B နှင့် Ran စီရင်ထုံးများတွင် မြန်မာနိုင်ငံကထုတ်ဝေသည့် စီရင်ထုံးများ၌ မပါသောဖြတ်ထုံးများကို တွေ့နိုင်ပါသည်။ အချို့ဥပဒေများအကြောင်းရှားရှားပါးပါး ထုံးဖွဲ့ချက်များပါရှိပါသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် A.l.R.Ran စီရင်ထုံးများ မထွက်တော့ပါ။ အမြင့်ဆုံးတရားရုံး၏ ဖြတ်ထုံးအချို့ရာသက်ပန်ပျောက်ကွယ်သွားခဲ့သည်မှာ **ဝမ်းနည်းဖွယ်ဖြစ်ရပ်ဖြစ်ပါသည်။ သမိုင်းရှုထောင့်မှကြည့်လျှင် ဆုံးရှုံးမှုကြီးတစ်ရပ်ဖြစ်ပါသည်။**

(ဆရာကြီးဦးမြ၊ ပြုစုသောတရားမမှုခင်းဖြတ်ထုံးများပေါင်းချုပ်၊ ဒုတိယတွဲ၊ အမှာစာကောက်နုတ်ချက်၊ စစ်သည်တော်စာပေမှ ၂၀၀၃ ခုနှစ် ဇူလိုင်လ ထုတ်ဝေသည်၊)

**တင်ပြချက်**

(၁) ပြန်လည်သုံးသပ်ခြင်းဖြစ်ပါသည်။
(၂) အမှားအယွင်းမကင်းနိုင်သော လူ့သဘောကို အမြဲ စောကြော၊ ဆင်ခြင်၊ သဘောပေါက်ပါသည်။
(၃) စေတနာအခြေတည်ကာ ပြည်သူ့အနှံ့ ဥပဒေပညာ ပြန့်စေဖို့ ကြိုးပမ်းပါဦးမည်။
(၄) ချို့ယွင်းအားနည်းချက်များကို ဖွေရှာကာရည်မှန်းချက်ပန်းတိုင်သို့အရောက်လှမ်းမည့် ကျွန်တော်၏ ဥပဒေအတွေးမျှသာပါ...။

## ကျူးကျော်အဆောက်အအုံများ ရှင်းလင်းဖယ်ရှားရန် စီစဉ်ဆောင်ရွက်

**လှိုင်ကော် နိုဝင်ဘာ ၃**

ကယားပြည်နယ် လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း လမ်းမြေများပေါ်တွင် ကျူးကျော်ဆောက်လုပ်ထားသည့် ဈေးဆိုင်ခန်းများအား ရှင်းလင်းဖယ်ရှားသွားနိုင်ရန် လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လှိုင်ကော်မြို့ ဒေါ်ဥဒူရပ်ကွက်အတွင်း ဦးသီရိလမ်းပေါ်တွင်ကျူးကျော်ဆောက်လုပ်ထားသည့် ဈေးဆိုင်ခုနစ်ဆိုင်၊ ကြည်သာယာရပ်ကွက်နှင့် နမ့်ဘော်ဝမ်(က) ရပ်ကွက်တို့အတွင်း ပြည်ထောင်စုလမ်းပေါ်တွင် ကျူးကျော်ဆောက်လုပ်ထားကြသည့် ဈေးဆိုင်ခန်းလေးခန်း၊ မင်းစုရပ်ကွက်အတွင်း အထက(၁)ကျောင်းရှေ့တွင် ကျူးကျော်ဆောက်လုပ်ထားသည့် ဈေးဆိုင်ခန်းလေးခန်း၊ လှိုင်ကော်ဆေးရုံကြီးရှေ့တွင် ကျူးကျော်ဆောက်လုပ်ထားသည့် ဈေးဆိုင်လေးခန်းနှင့် ဥတ္တရာရုံရပ်ကွက်အတွင်း ဆုတောင်းပြည့်မြို့နာမ်ရွှေစေတီတော်နောက်တွင် ကျူးကျော်ဆောက်လုပ်ထားသည့် ဈေးဆိုင်ခန်းလေးခန်း စုစုပေါင်း ကျူးကျော်ဈေးဆိုင် ၂၃ ခန်းတို့ထံ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဇူလိုင် ၂၁ ရက်၊ ၂၉ ရက်နှင့် ဩဂုတ် ၂ ရက်တို့တွင် ရှင်းလင်းဖယ်ရှားပေးနိုင်ရန် အကြောင်းကြားစာသုံးကြိမ် ပေးဖို့ထားပြီးရှင်းလင်းဖယ်ရှားခြင်းမရှိပါက တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆိုင်ခန်းများကို ရှင်းလင်းဖယ်ရှားရန် အကြောင်းကြားစာများ ပေးပို့ခဲ့ရာတွင် ဈေးဆိုင် ၂၀ တို့က ရှင်းလင်းဖယ်ရှားသွားမည့် အကြောင်း ဝန်ခံကတိပြုထားကြပြီး ဈေးဆိုင်သုံးခန်းကမူ အသနားခံစာပေးပို့တင်ပြထားခဲ့ကြကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။

ယခုအခါ ရှင်းလင်းဖယ်ရှားခြင်းမပြုသည့် ဈေးဆိုင်များအား တည်ဆဲဥပဒေအရ တရားစွဲဆိုအရေးယူသွားနိုင်ရေးအတွက် မြို့နယ်ဥပဒေရုံးတွင် ဥပဒေအကြံပြုချက်တောင်းခံထားပြီး ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းဆိုင်ခန်းများ စိစစ်၍စာရင်းကောက်ယူကာ ရှင်းလင်းဖယ်ရှားရန် ကနဦးဆောင်ရွက်ခြင်းဖြစ်ပြီး လမ်းနယ်နိမိတ်အတွင်းသို့ အဖီဆွဲချထားခြင်း၊ အမိုးအစွန်းထွက်နေခြင်း၊ ဆိုင်းဘုတ်များ လမ်းနယ်နိမိတ်အတွင်း ကျရောက်နေခြင်းအစရှိသည့် ဈေးဆိုင်နှင့် နေအိမ်အဆောက်အအုံ ၅၀ ခန့်ကိုလည်း ဆက်လက်ရှင်းလင်းဖယ်ရှားသွားရန် စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

# မြေယာပိုင်ဆိုင်ခြင်းအငြင်းပွားမှုဆိုင်ရာ တင်ပြတိုင်ကြားစာများကို လုံးဝပယ်ခြင်းမရှိဘဲ စိစစ်၍ ဆောင်ရွက်ပေးလျက်ရှိ

**ဘားအံ နိုဝင်ဘာ ၃**
ကရင်ပြည်နယ်အတွင်းမှ မြေယာပိုင်ဆိုင်ခြင်းအငြင်းပွားမှုများနှင့်ပတ်သက်သည့် တိုင်ကြားစာများတွင် တိုင်စာများကို တစ်စောင်မှပယ်ခြင်းမရှိဘဲ အားလုံးကို စိစစ်ဆောင်ရွက်ပေးလျက်ရှိပြီး တိုင်ကြားသူများအနေဖြင့်လည်း ပိုင်ဆိုင်မှုအထောက်အထားများ ပြည့်စုံစွာ တင်ပြတိုင်ကြားစေလိုကြောင်း ကရင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက ပြောသည်။

ဝန်ကြီးက "ကျွန်တော်တို့အစိုးရအနေနဲ့ လယ်ယာမြေကိစ္စများကို အကြီးမားဆုံးကိုင်တွယ်ဖြေရှင်းနေပါတယ်။ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စစ်ဆေးရေးကော်မတီကို ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်တွေ အသီးသီးဖွဲ့စည်းထားပြီး အဆင့်ဆင့်ဖြေရှင်းဆောင်ရွက်မှုများကိုလည်း လစဉ်ပြုလုပ်ပေးနေပါတယ်။ ဟိုအရင်ခေတ်တုန်းက လယ်သမားများဟာ တာဝန်ကျေစပါးတွေ ရောင်းချခဲ့ရလို့ တွက်ခြေမကိုက်ဘဲ တစ်ဖက်နိုင်ငံမှာ အလုပ်သွားလုပ်ရတဲ့အတွက် ပလပ်မြေတွေ ဖြစ်ပေါ်ခဲ့ရတယ်။ ပြင်ပနိုင်ငံများရဲ့ စီးပွားရေးပိတ်ဆို့မှုတွေကြောင့် လယ်ယာမြေများကို လုပ်ငန်းရှင်များသို့ ခွင့်ပြုလုပ်ကိုင်စေခဲ့ရပါတယ်။ ဒီမိုကရေစီကို ဖော်ဆောင်တဲ့ ယခုလိုခေတ်အခါတွင် မြေယာတန်ဖိုးတွေမြင့်လာခဲ့တယ်။ မြေယာပိုင်ဆိုင်ခြင်း အငြင်းပွားမှုတွေကြောင့် တင်ပြတိုင်ကြားစာတွေ အများဆုံးဖြစ်ပေါ်လာခဲ့တယ်"ဟု ပြောသည်။

မြေယာပိုင်ဆိုင်ခြင်းအငြင်းပွားမှု တင်ပြတိုင်ကြားစာများကို စိစစ်ဆောင်ရွက်ပေးမှုနှင့် ပတ်သက်၍ "တိုင်ကြားစာတွေကိုတစ်စောင်မှ မပယ်ပါဘူး။ အားလုံးကို စိစစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လယ်ယာမြေကို အခြားနည်းနဲ့ အသုံးချခွင့်မရှိပါဘူး။ ဥပဒေနှင့်အညီစိစစ်ပြီး ကျူးလွန်မှုရှိရင်တော့ ထောင်ဒဏ် နှစ် နှစ်အထိ ချနိုင်ပါတယ်။ ကရင်ပြည်နယ်မှာ ပလပ်မြေ ဧက ၆၀၀၀၀ ကျော် ရှိပါတယ်။ လယ်သမားများအနေနဲ့လည်း ပလပ်မြေမထားဘဲ စိုက်ပျိုးကြဖို့ တိုက်တွန်းလိုပါတယ်။ မြေစာရင်းဌာနက လယ်ယာမြေကိုပဲ စီမံဆောင်ရွက်ရပါမယ်။ သစ်တောမြေဟာ မြေစာရင်းနဲ့မဆိုင်ဘူး။ စားကျက်မြေဟာ ရွာကထိန်းသိမ်းထားတာဖြစ်ပါတယ်။ သချိုင်းမြေကတော့ စည်ပင်နဲ့ပဲ ဆိုင်ပါတယ်။ မြေခွန်ပြေစာဆိုတာ သီးနှံစိုက်တဲ့အခွန်ဖြစ်ပါတယ်။ ပိုင်ဆိုင်မှုမဟုတ်ပါဘူး။ လယ်ဦးလယ်ထိပ်တွေကလည်း မြေလွတ်မြေလပ်တွေသာဖြစ်ပါတယ်။ မေတ္တာရပ်ခံ အကြံပြုလိုတာက တိုင်ကြားလိုတဲ့မြေ အတိအကျဖြစ်ဖို့ ပိုင်ဆိုင်မှုအထောက်အထားတွေ ပြည့်ပြည့်စုံစုံ တင်ပြတိုင်ကြားပေးကြပါ။ ယခုလို အရပ်ဘက်လူမှုအဖွဲ့အစည်းများကလည်း လယ်သမားတွေရဲ့အကျိုးကို ဆောင်ရွက်ပေးနေတဲ့အတွက် အဖွဲ့အစည်းများကို အထူးပဲကျေးဇူးတင်ပါတယ်"ဟု ဆက်လက်ပြောကြားသည်။

ဘားအံမြို့အမှတ်(၁)ရပ်ကွက် ခွယ်ကဘောင်ခန်းမ၌ နိုဝင်ဘာ ၁ ရက်က ကျင်းပခဲ့သော ကရင်ပြည်နယ် မြေယာပြဿနာများဆိုင်ရာ လေ့လာတင်ပြချက်စာအုပ်ဖြစ်သည့် 'ဇွဲကပင်သက်သေ ဒို့ယာမြေ'စာအုပ် မိတ်ဆက်ပွဲတွင် ဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။

စာအုပ်မိတ်ဆက်ပွဲတွင် အရပ်ဘက်လူမှုအဖွဲ့အစည်း EPRP မွန်ပြည်နယ်ရုံးမှ ဦးအာကာရော့ခ်က ဇွဲကပင်သက်သေ ဒို့ယာမြေစာအုပ် ဖြစ်ပေါ်လာပုံအကြောင်းကို ရှင်းလင်းတင်ပြခဲ့ပြီး မြေယာပြဿနာများနှင့်ပတ်သက်၍ ကွင်းဆင်းတွေ့ဆုံမေးမြန်းခဲ့သည့် အဖွဲ့အစည်းများ၏ကိုယ်စား ဒေါ်ခင်မြင့်မော်နှင့် စောကြည်ဝင်းတို့က လုပ်ငန်းစဉ်များကိုရှင်းလင်းပြောကြားကာ စောအောင်ဆန်းဦးနှင့်နန်းခင်စန်းဝေတို့က လယ်ယာမြေပြဿနာများနှင့်ပတ်သက်သည့် အဓိကတွေ့ရှိချက်များနှင့် အကြံပြုတိုက်တွန်းချက်များကို ရှင်းလင်းတင်ပြခဲ့ကြသည်။

ထို့နောက် ၂၀၁၀ မှ ၂၀၁၅ ခုနှစ်အထိ ဘားအံမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဆရာမဒေါ်နန်းစေးအွာက လယ်ယာမြေနှင့်စပ်လျဉ်းသည့် အတွေ့အကြုံများကို ရှင်းလင်းပြောကြားပြီး မြေသိမ်းခံရသည့် တောင်သူအချို့က ရင်ဖွင့်စကားများ ပြောကြားခဲ့သည်။ **ထွန်းထွန်းထွေး(ဘားအံ)**



# ဗုဒ္ဓမြတ်စွယ်တော်နှင့် ဓာတ်တော်များ နောင်တရားမြို့သို့ပင့်ဆောင် အပူဇော်ခံ

**နောင်တရား နိုဝင်ဘာ ၃**
မွေတော်ကက္ကူဘုရားကျောင်းတော်တွင် သီတင်းသုံးတော်မူသော ဗုဒ္ဓမြတ်စွယ်တော်၊ ဓာတ်တော်များကို ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် နောင်တရားမြို့ နန်းပုလင်းကျေးရွာအုပ်စု နန်းပုလင်းဘုန်းတော်ကြီးကျောင်းသို့ အောက်တိုဘာ ၃၁ ရက်က ပင့်ဆောင်ရောက်ရှိ အပူဇော်ခံပြီးနောက် နိုဝင်ဘာ ၁ ရက်တွင် နောင်တရားမြို့၌ လှည့်လည်အပူဇော်ခံခဲ့ကြောင်း သိရသည်။

စွယ်တော်နှင့် ဓာတ်တော်များကို နောင်တရားမြို့ ဒေသခံပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် သွားရောက်ပင့်ဆောင် အပူဇော်ခံခဲ့ခြင်းဖြစ်ကြောင်း၊ နောင်တရားမြို့ နန်းပုလင်းဘုန်းတော်ကြီးကျောင်းသို့ အပူဇော်ခံကြွရောက်လာသော ဗုဒ္ဓမြတ်စွယ်တော်၊ ဓာတ်တော်များကို ဒေသခံပြည်သူများက စည်ကားသိုက်မြိုက်စွာ လာရောက်ဖူးမြော်ပူဇော်ခဲ့ကြောင်း သိရသည်။

ဒေသစာရီခရီးစဉ်အနေဖြင့် မွေတော်ကက္ကူဘုရားကျောင်းတော်မှ ကျောက်တလုံးကြီး၊ မော်ဘီကျောင်း၊ နန်းပုလင်းကျောင်း၊ နောင်မွန်ကျောင်း၊ နန်းတိုင်းကျောင်း၊ ထီရီးမွေတော်ကျောင်း၊ ထီရွေးထီရယ်ကျောင်း၊ ဆောင်တွမ်ကျောင်း၊ မင်းပူးကျောင်း၊ ပင်လိုင်ကျောင်း၊ ထီဖီကျောင်း၊ နောင်ဝိုးကျောင်း၊ တဲင်းထဲက်ကျောင်း၊ ပင်လောင်းမြို့ မွေတော်ဘုရားကြီး၊ နောင်ပီးကျောင်း၊ သပြေကုန်းကျောင်း၊ ကောင်လေကျောင်း၊ နောင်ခဲကျောင်းများသို့ လှည့်လည်အပူဇော်ခံမည်ဖြစ်ပြီး မွေတော်ကက္ကူဘုရားကျောင်းတော်သို့ ပြန်လည်ကြွချီမည်ဟု သိရသည်။ ဒေသစာရီခရီးစဉ်အတွင်း အလှူခံရရှိသော လှူဖွယ်ဝတ္ထုငွေများကို ဗုဒ္ဓမြတ်စွယ်တော်များ စံကျောင်းတော် ပြန်လည်ဆောက်လုပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

# သဘာဝဘေးသင့်ခဲ့သောကျေးရွာ၌ ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ဆောင်ရွက်ပေး

**ကလေး နိုဝင်ဘာ ၃**
ကလေးမြို့ ကက်သလစ်သာသနာပိုင်ဆရာတော်ကြီး၏လမ်းညွှန်မှုဖြင့် ကလေးကက်သလစ်သာသနာ့နယ် အတွင်းမှ သဘာဝဘေးအန္တရာယ်သင့်ပြည်သူများအား အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီ၏(၁၀)ကြိမ်မြောက် အခမဲ့ ကွင်းဆင်းကျန်းမာရေးစောင့်ရှောက်မှုအဖြစ် အောက်တိုဘာ ၃၀ ရက်က ကလေးမြို့နယ် ပြည်တော်သာကျေးရွာမှ ပြည်သူများအား ဆေးဝါးကုသမှုများ သွားရောက် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ကွင်းဆင်းကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ဆေးကုသမှုအဖွဲ့ဝင်များအဖြစ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဂိုခန့်နွမ်းနှင့် အထွေထွေရောဂါကု လက်ထောက် ဆရာဝန် ရှစ်ဦး၊ သွားနှင့်ခံတွင်းအထူးကုဆရာဝန်ကြီး ဒေါက်တာထွမ်ခန့်ဆွမ်နှင့် သွားဘက်ဆိုင်ရာဆရာဝန်ခြောက်ဦးနှင့်အတူ သူနာပြုဆရာမများ စုစုပေါင်း ၄၈ ဦးပါဝင်၍ အခမဲ့ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ရာ ကလေးလူနာ ၁၆၈ ဦး၊ သားဖွားမီးယပ်ဆိုင်ရာလူနာ ၄၇ ဦး၊ သွားနှင့်ခံတွင်းဆိုင်ရာလူနာ ၄၀ ဦး၊ အထွေထွေလူနာ ၄၇၅ ဦး စုစုပေါင်း လူနာ ၇၃၀ ဦးအား အခမဲ့ဆေးကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့သည့်အပြင် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများလည်း ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

"အရင်နှစ် သဘာဝရေဘေးဒဏ် ကျရောက်တဲ့အချိန်ကစပြီး အခုချိန်အထိ ဘယ်ဆေးကုသမှုအဖွဲ့မှ လာရောက်ကုသတယ်ဆိုတာ မရှိသေးဘူး။ အဖြစ်များတဲ့ ရောဂါကတော့ တုပ်ကွေး၊ ရိုးရိုးဖျားနာ၊ ဝမ်းနဲ့ပတ်သက်တဲ့ရောဂါတွေဖြစ်ပြီး သေဆုံးမှုကတော့ မရှိခဲ့ပါဘူး။ ကျွန်တော်တို့ရွာမှာ ကျန်းမာရေးကုသတဲ့ လွှမ်းခြုံမှုအင်အား အလွန်နည်းပါးတဲ့အတွက် ဖြစ်နိုင်ရင် ကျေးလက်ကျန်းမာရေးဌာနကနေ တိုက်နယ်ဆေးရုံအထိကို တိုးမြှင့်ပေးနိုင်ဖို့ အထူးပဲမျှော်လင့်နေပါတယ်။ အခုလိုမျိုး အခမဲ့ဆေးဝါးကုသမှုအတွက် အထူးကျေးဇူးတင်ရှိတဲ့အပြင် ဒေသခံကျေးရွာလူထုတွေကိုလည်း စိတ်ပိုင်းဆိုင်ရာ ကုသမြှင့်တင်ပေးသလိုခံစားရပြီး အားရကျေနပ်မှုတွေရှိကြပါတယ်"ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတွောင်ခန့်ကပ်က ပြောသည်။ **ချင်းတွင်းသား**

# ဖွံ့ဖြိုးတိုးတက်မှုနှင့် လျှပ်စစ်ဓာတ်အားအကြောင်း ကျပန်းစကားပြောပြိုင်ပွဲ မြစ်ကြီးနား၌ ကျင်းပ

**မြစ်ကြီးနား နိုဝင်ဘာ ၃**
ရောဝတီမြစ်အထက်ပိုင်း မြစ်ညှာမြစ်ဝှမ်း ရေအားလျှပ်စစ်ထုတ်လုပ်ရေးကုမ္ပဏီ (ACHC)၏ ပံ့ပိုးကူညီမှုဖြင့် ဖွံ့ဖြိုးတိုးတက်မှုနှင့် လျှပ်စစ်ဓာတ်အားအကြောင်း ကျပန်းစကားပြောပြိုင်ပွဲကို မြစ်ကြီးနားမြို့ အောင်မြင်သာစံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ နိုဝင်ဘာ ၁ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် ACHC ကုမ္ပဏီ မြစ်ကြီးနားရုံးခွဲမှ ဆက်ဆံရေးတာဝန်ခံ မစ္စတာကျန်းဟမ်းဖွေ့က "ACHC အနေနဲ့ အောင်မြင်သာစံပြကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး၊ အိမ်ရာများ ပြန်လည်ပြုပြင်ရေးတွေကို လုပ်ဆောင်ပေးလျက်ရှိပါတယ်။ ဆန်၊ စပါး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေး ကိစ္စရပ်တွေမှာလည်း ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကမ္ဘာပေါ်မှာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် နေရောင်ခြည်၊ ရေအားလျှပ်စစ်၊ နျူကလီးယားလျှပ်စစ်ထုတ်လုပ်မှုတွေဟာ အကုန်ကျသက်သာသော လုပ်ငန်းကြီးတစ်ခုဖြစ်သလို သန့်ရှင်းသောထုတ်လုပ်မှုကြီးတစ်ရပ်ပဲ ဖြစ်ပါတယ်။ ကမ္ဘာတစ်ဝန်းမှာ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးဖို့အတွက် ရေအားလျှပ်စစ်ကို အဓိကထားထုတ်လုပ်လျက်ရှိပါတယ်။ လျှပ်စစ်ဓာတ်အားသည် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ လူနေမှုဘဝ မြှင့်တင်ပေးတဲ့အပြင် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဝ အာမခံချက်တစ်ခုကို ဖန်တီးပေးနိုင်သောအချက်ဖြစ်ပါတယ်"ဟု အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးသန်းထွန်းအောင်က လျှပ်စစ်အန္တရာယ် ဖြစ်ပေါ်နိုင်သည့်အကြောင်းရင်းများနှင့် လျှပ်စစ်အန္တရာယ်မဖြစ်ပေါ်စေရန် ရှောင်ကြဉ်ရမည့်အချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ကျပန်းစကားပြောပြိုင်ပွဲကို ကျင်းပရာ 'လျှပ်စစ်စွမ်းအား ပြည်ထွန်းကား'ခေါင်းစဉ်ဖြင့် အခြေခံပညာ မူလတန်းအဆင့် ကျောင်းသားကျောင်းသူ ကိုးဦး၊ အလယ်တန်းအဆင့် ၁၀ ဦး၊ အထက်တန်းအဆင့် ခုနစ်ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရကျောင်းသားကျောင်းသူများအား ACHC ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ဒုတိယအင်ဂျင်နီယာချုပ်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေဒီဆိုင်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။
**မင်းရာဇာ**

# ကလေးသူငယ်အခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေး

**ဒီးမော့ဆို နိုဝင်ဘာ ၃**
ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် World Vision တို့ ပူးပေါင်းပြီး ကလေးသူငယ်အခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့်ပတ်သက်၍ သိရှိနားလည်ရန်၊ ဒေသတွင်းမှ ကလေးသူငယ်များ၏ ပြဿနာများကို သိရှိပြီး ကလေးသူငယ်အခွင့်အရေးဆောင်ရွက်နေသော ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ အချင်းချင်း ချိတ်ဆက်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဆွေးနွေးပွဲကို ပြုလုပ်ခြင်းဖြစ်သည်။ ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ဝင်းက အမှာစကားပြောကြားပြီး World Vision မှ တောင်တန်းဒေသဇုန်မန်နေဂျာ ဦးစထရီးနိုက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ World Vision မှ နည်းပညာပံ့ပိုးသူ ဦးဇော်ဦးက အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆွေးနွေးပွဲသို့ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကလေးသူငယ်အခွင့်အရေးဆောင်ရွက်နေသော အဖွဲ့အစည်းများ တက်ရောက်ပြီး ကလေးသူငယ်များ၏ မျှော်လင့်ချက်များ၊ စိုးရိမ်ပူပန်မှုများ၊ အခြေခံစည်းမျဉ်းများ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံ သဘောတူစာချုပ်နှင့် မြန်မာနိုင်ငံ ကလေးသူငယ်ဥပဒေများအကြောင်း၊ CRC အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် စောင့်ကြည့်ကြီးကြပ်မှု လုပ်ငန်းစဉ်များ၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ခြင်း အကြောင်းအရာများ၊ ဒီးမော့ဆိုမြို့နယ်အတွက် World Vision ဒေသဖွံ့ဖြိုးရေးစီမံကိန်း၏ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းစဉ်များနှင့် ချိတ်ဆက်ဆောင်ရွက်မှုများကို နိုဝင်ဘာ ၂ ရက်နှင့် ၃ ရက် နှစ်ရက်ကြာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

## လှိုင်သာယာ၌ အချိန်အခါမရွေး မီးပျက်နေ၍ ညပိုင်းအချိန်တွင် ဒုစရိုက်မှုများအတွက် စိုးရိမ်ဖွယ်ဖြစ်နေ

**ရန်ကုန် နိုဝင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီးတွင် လူဦးရေအထူထပ်ဆုံးဖြစ်ပြီး မှုခင်းဖြစ်ပွားမှုနှင့် ယာဉ်မတော်တဆမှု အများဆုံးဖြစ်နေသည့် မြို့နယ်ဖြစ်သော လှိုင်သာယာမြို့နယ်တွင် ယခုရက်အတွင်း နေ့စဉ်နီးပါး အချိန်အခါမရွေး လျှပ်စစ်မီးပြတ်တောက်မှုဖြစ်နေသဖြင့် ပြည်သူတို့၏ လူမှုစီးပွားဘဝများ ထိခိုက်လာသကဲ့သို့ ဒုစရိုက်မှုဖြစ်ပွားရန် တွန်းအားပေးသကဲ့သို့လည်း ဖြစ်နေသဖြင့် လျှပ်စစ်မီးပြတ်တောက်မှု မဖြစ်ပေါ်စေရန် ပြည်သူများ ဆန္ဒရှိနေကြကြောင်း သိရသည်။

အမှတ်(၇)ရပ်ကွက်မှ ရပ်မိရပ်ဖတစ်ဦးက "လျှပ်စစ်မီးက မိုးရာသီမှာလည်း ပျက်ခဲ့တယ်။ နွေရာသီမှာ ပိုပြီးပျက်နိုင်တယ်။ ရန်ကုန်-ပုသိမ်၊ ရန်ကုန်-ညောင်တုန်း ကားလမ်းမကြီးတွေမှာ လမ်းမီးမရှိလို့ စက်ရုံဆင်းကလေးမလေးတွေရဲ့ဘဝ မလုံခြုံသလို ရပ်ကွက်လမ်းပေါ်မှာ သွားလာနေတဲ့ လူငယ်တွေရဲ့ဘဝဟာလည်း နေ့စဉ်လိုလို ညပိုင်း လျှပ်စစ်မီးပြတ်တောက်မှုကြောင့် လုယက်မှုတွေကြုံနေရတဲ့အတွက် လုံခြုံမှုရှိမှာမဟုတ်ဘူး။ အဓိကလုပ်ဆောင်ရမှာက ထရန်စဖော်မာပုံးတွေ မီးအားမနိုင်လို့ လဲလှယ်တာနဲ့ ရပ်ကွက်ထဲက နစ်ကြာနေပြီဖြစ်တဲ့ ခါတ်ကြိုးတွေကို မီးလောင်မှုမဖြစ်အောင် လဲလှယ်ဖို့ အသိပညာပေးတာတွေ လုပ်ဆောင်သင့်တယ်"ဟု ပြောသည်။

နိုဝင်ဘာ ၁ ရက်ကလည်း နံနက်ပိုင်းတွင်တစ်ကြိမ်၊ ညနေပိုင်းတွင်တစ်ကြိမ် လျှပ်စစ်မီးပြတ်တောက်ခဲ့ပြီး လျှပ်စစ်မီးပြတ်တောက်မှုသည် ဂက်စ်တာဘိုင်ပေါက်နေ၍ ဖြစ်ကာ အလှည့်ကျဖြင့် မီးသုံးစွဲနိုင်မည်ဖြစ်ကြောင်း မြို့နယ် EPC ရုံးမှ လျှပ်စစ်အင်ဂျင်နီယာ ဦးသီဟထွန်းက ပြောကြားသည်။

မီးပျက်ခြင်းကြောင့် ရပ်ကွက်အတွင်းမှ အိမ်ရှင်မများမှာ မီးသွေးဈေးနှုန်းမြင့်တက်လာမှုနှင့်ပတ်သက်၍ ညည်းတွားလျက်ရှိသည်။ ညနေပိုင်း လျှပ်စစ်မီးပြန်လာသည့်အချိန်တွင်လည်း မီးအားမြှင့်စက်ရှိသူများက ဝိုင်းဆွဲအသုံးပြုကြ၍ မီးအားမြှင့်စက်မရှိသောအိမ်များမှာ မီးလင်းရုံသာ အသုံးပြုခွင့်ရခဲ့ကာ ယခုရက်ပိုင်းတွင် နေ့စဉ်နီးပါး မီးပြတ်နေမှုကြောင့် ပြည်သူများမှာ ထိုအခက်အခဲများကို မကြာခဏ ကြုံတွေ့နေရကြောင်း သိရသည်။

(၁၆၄)



## ဗျတ္တပန်းဆက်လမ်းပိုင်းတွင် တစ်ဖက် ၁၁ ပေစီ လမ်းတိုးချဲ့

**ညောင်ဦး နိုဝင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ ဗျတ္တပန်းဆက်လမ်းပိုင်း လမ်းအရှည်ပေ ၈ မိုင် ၃ ဖာလုံတွင် ဒေသခံပြည်သူနှင့် ဘုရားဖူးဧည့်သည်များ ယာဉ်အန္တရာယ်ကင်းစွာ မောင်းနှင်သွားလာနိုင်ရေးအတွက် မူလကတ္တရာလမ်းအကျယ် ၁၈ ပေအစား လမ်းဘေး(ဝဲ၊ ယာ)တစ်ဖက်လျှင် အကျယ် ၁၁ ပေစီ တိုးချဲ့ကာ စုစုပေါင်း လမ်းအကျယ် ပေ ၄၀ အထိရှိအောင် ပြုပြင်ဆောင်ရွက်ပေးနေကြောင်း ညောင်ဦးခရိုင် လမ်းဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

လမ်းလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ညောင်ဦးခရိုင်နှင့် မြို့နယ် လမ်းဦးစီးဌာနက ကြီးကြပ်၍ တင်ဒါအောင်ကုမ္ပဏီများက ဆောင်ရွက်ခြင်းဖြစ်ပြီး လမ်းတိုးချဲ့သည့်အပိုင်းကို တိုင်းဒေသကြီးအစိုးရခွင့်ပြုငွေ ကျပ် ၁၀၈ သန်းဖြင့် ကုဋ္ဌေကျော်ကုမ္ပဏီက ဆောင်ရွက်ကာ လမ်းပိုင်းအရှည်သုံးမိုင်တွင် ကတ္တရာထပ်ပိုးလွှာခင်း ပြင်ဆင်ထိန်းသိမ်းသည့်အပိုင်းကို King General ကုမ္ပဏီက တိုင်းဒေသကြီးအစိုးရ၏ ပြင်ဆင်ထိန်းသိမ်းခြင်း ခွင့်ပြုငွေ ကျပ် ၂၀၈ ဒသမ ၆၁ သန်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လုပ်ငန်းများကို စက်တင်ဘာလဆန်းပိုင်းမှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ လမ်းအကျယ်တိုးချဲ့မှုမှာ ၄၅ ရာခိုင်နှုန်းခန့် ပြီးစီးကာ ပြင်ဆင်ထိန်းသိမ်းမှုအပိုင်းမှာ ၂၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း၊ လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ ပြီးစီးအောင်ဆောင်ရွက်ရေးအတွက် ညောင်ဦးခရိုင်နှင့် မြို့နယ် လမ်းဦးစီးဌာန တာဝန်ရှိသူများက ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



## ကသာဆိပ်ကမ်းအနီး ဧရာဝတီမြစ်အတွင်း ရေလမ်းကြောင်းကောင်းမွန်စေရန် သဲသောင်များကို သောင်တူးသင်္ဘောဖြင့် တူးဖော်လျက်ရှိ

**ကသာ နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့အနီးတွင် ဧရာဝတီမြစ်ရေလျော့ကျလာခြင်းကြောင့် သဲသောင်ခုံများနှင့် နုန်းတင်မြေနုကျွန်းများ ဖြစ်ပေါ်လာလျက်ရှိပြီး ဆိပ်ကမ်းအနီးရှိ သောင်များကြောင့် မြို့အဝင်ရေလမ်းကြောင်းများတွင် ရေယာဉ်များသွားလာရန် ခက်ခဲလာသဖြင့် ရေလမ်းကြောင်းကောင်းမွန်ရေးအတွက် သောင်တူးသင်္ဘောဖြင့် တူးဖော်လျက်ရှိကြောင်း သိရသည်။

သောင်တူးသင်္ဘော ဗ-၆၀၁ နှင့် အကူရေယာဉ် မက-၉ တို့ဖြင့် တူးဖော်နေခြင်းဖြစ်ကာ သောင်တူးသင်္ဘောများကို ကသာမြို့ဆိပ်ကမ်း၏တောင်ဘက်တွင် ကျောက်ချရပ်၍ သောင်တူးစက်ဖြင့် ရေလမ်းကြောင်း စတင်ဖောက်လုပ်လျက်ရှိကြောင်း၊ မကြာမီ ကသာမြို့ အဝင်အထွက်ရေလမ်းကြောင်းများ အဆင်ပြေချောမွေ့လာကာ ကုန်စည်စီးဆင်းမှုများလည်း ပုံမှန်အတိုင်း လည်ပတ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

"ယခင်နှစ်ကတည်းက ရေလမ်းကြောင်းတွေ ပြောင်းလဲလာတာဆိုတော့ ဒီရွှေ့လျားလာတဲ့ သဲသောင်ခုံတွေနဲ့ စီးတိမ်လို ရေတိမ်ပိုင်းတွေ ဖြစ်ပေါ်နေသရွေ့ ဧရာဝတီမြစ်အတွင်းမှာ သွားလာခုတ်မောင်းနေတဲ့ရေယာဉ်တွေ၊ သင်္ဘောတွေ အထူးသတိထားပြီး သွားလာခုတ်မောင်းကြဖို့ လိုအပ်လိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ဧရာဝတီမြစ်ရေက တစ်ရက်နဲ့တစ်ရက်၊ တစ်လနဲ့တစ်လ မတူဘူး။ ရေလမ်းကြောင်းပြတဲ့ အချက်ပြ အမှတ်အသားတွေကိုကြည့်ပြီး နေမှာ အချိန်ရှိသရွေ့မောင်းပြီး ညမှာ ရပ်နားဖို့လိုအပ်တယ်။ ဒါမှသာ ရေယာဉ်တွေအတွက်ရော၊ ခရီးသည်တွေအတွက်ပါ အန္တရာယ်ကင်းမှာ"ဟု ရေယာဉ်ပိုင်ရှင်တစ်ဦးက ပြောသည် ။

ယခုအခါ ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့အနီး၌ လက်ရှိရေမှတ်မှ တဖြည်းဖြည်း လျော့ကျလာလျက်ရှိကာ မြစ်ကြောင်းတစ်လျှောက်တွင် သဲသောင်ခုံများနှင့် ရေတိမ်ပိုင်းများ ဖြစ်ပေါ်လျက်ရှိသည်။ ကသာမြို့အနီးတွင် ယခုနှစ် ဖြစ်ပေါ်လျက်ရှိသော သဲသောင်ခုံနှင့် နုန်းတင်မြေနုကျွန်းမှာ ယခင်နှစ်ထက် ပိုမိုရှည်လျား၍ ကျယ်ပြန့်သောကြောင့် လက်ရှိအချိန်တွင် ခရီးသည်သယ်ယူပို့ဆောင်ရေး စက်တပ်ရေယာဉ်များ၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး သင်္ဘောများနှင့် ကုန်တင်ရေယာဉ်များမှာ ကသာမြို့ဆိပ်ကမ်းသို့ အဝင်အထွက်ခက်နေသည်နှင့်အမျှ ကုန်စည်စီးဆင်းမှုများမှာလည်း နှောင့်နှေးကြန့်ကြာမှုများရှိနေကြောင်း ဒေသခံများ၏ ပြောကြားချက်များအရ သိရသည်။

**မောင်ငြိမ်းဝင့်**

## ပြည်သူများယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ရှောင်တခင်စစ်ဆေးမှုများပြုလုပ်

**ပလောက် နိုဝင်ဘာ ၃**

မြိတ်မြို့နယ် ပလောက်မြို့အတွင်း မော်တော်ယာဉ်ဖြင့် ခရီးသွားလာကြသော ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်စေရေးအတွက် ရန်ကုန်မြို့မှ မြိတ်မြို့သို့ပြေးဆွဲနေသော မော်တော်ယာဉ်များတွင် သတ်မှတ်လူဦးရေထက် ပိုမိုတင်ဆောင်မှုမရှိစေရန်၊ တရားမဝင်ပစ္စည်းများ တင်ဆောင်မှုမရှိစေရန် ရှောင်တခင်စစ်ဆေးမှုများကို နိုဝင်ဘာ ၂ ရက်က ရန်ကုန်-ထားဝယ်-မြိတ် ပြည်ထောင်စုလမ်းမကြီး ပလောက်မြို့ တံတားအရှေ့၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။



ရှောင်တခင် ပိတ်ဆို့စစ်ဆေးရာတွင် ပလောက်မြို့နယ်မြေရဲစခန်းမှ ရဲအုပ်ဝဏ္ဏနှင့် တပ်ဖွဲ့ဝင်များ၊ ပလောက်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဝေ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ပလောက်မြို့ဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အမှတ်(၁) ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများပါဝင်သည့် ပူးပေါင်းအဖွဲ့က ခရီးသွားမော်တော်ယာဉ်များကို ရပ်တန့်စေပြီး ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**




## အလုပ်သမားဥပဒေပါ စည်းကမ်းချက်များလိုက်နာရန် အသိပေးဆွေးနွေး

**လောင်းလုံး နိုဝင်ဘာ ၃**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အတွင်းရှိ အလုပ်ရှင်များနှင့် အလုပ်သမားများအနေဖြင့် အလုပ်သမားဥပဒေပါ စည်းကမ်းချက်များကို လိုက်နာနိုင်စေရန် အသိပေးဆွေးနွေးပွဲကို လောင်းလုံးမြို့နယ် မောင်းမကန်ကျေးရွာ မောင်းမကန်ဟိုတယ်၌ နိုဝင်ဘာ ၁ ရက်က ပြုလုပ်ခဲ့ကြောင်းသိရသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး အလုပ်ရုံနှင့်အလုပ်သမားဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မေလတ်က ဦးစီးဌာနအနေဖြင့် အလုပ်သမားများ ဥပဒေပါ အကျိုးခံစားခွင့်များ ရရှိစေရန် စည်းကြပ်အကောင်အထည်ဖော်နေကြောင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာများကိုပါ ဆောင်ရွက်ပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားပြီး ခရိုင် အလုပ်ရုံနှင့်အလုပ်သမားဦးစီးဌာန ဦးစီးအရာရှိ (အလုပ်ရုံစစ်ဆေးရေး)ဒေါ်သဥ္ဇာထက်က လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်ရန်၊ရှောင်ရန်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ထားဝယ်ခရိုင်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံ၊ ဈေးဆိုင်နှင့် အလုပ်ဌာနများမှ အလုပ်ရှင်များ၊ မန်နေဂျာများ၊ တာဝန်ရှိသူများနှင့် အလုပ်သမားများက ၁၉၅၁ ခုနှစ် ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေ၊ ၂၀၁၆ ခုနှစ် အခကြေးငွေပေးချေရေးဥပဒေနှင့် ဆိုင်ရာများ၊ အလုပ်ဌာနများ ဥပဒေပါ အကြောင်းအရာများ၊ အလုပ်သမားများဥပဒေပါ ရပိုင်ခွင့်များ မှန်ကန်ပြည့်ဝစွာရရှိစေရေး၊ ကုန်ထုတ်လုပ်မှုစွမ်းအားမြင့်မားလာစေရေး စသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**စိုးထွန်း(ပြန်/ဆက်)**



# အပယ်ခံတစ်ယောက်ရဲ့တောက်ပချိန် သို့မဟုတ် ဗစ်တာမော့ဆက်စ်ရဲ့ တောက်ပမှု

**အောင်က**

ချယ်လ်ဆီးအသင်းရဲ့တောင်ပံ ကစားသမားဗစ်တာမော့ဆက်။ သူဟာ ပြီးခဲ့တဲ့ရာသီတွေက အသင်းရဲ့အပယ်ခံ။ လီဗာပူး၊ စတုတ်နဲ့ ဝက်စ်ဟမ်းအသင်းတို့မှာ အငှားနဲ့ကစားခဲ့ပေမယ့် ဘယ်အသင်းကမှ အသိအမှတ်ပြုခြင်းမခံခဲ့ရတဲ့ သူလို့လည်း ပြောနိုင်တယ်။ ဒါကြောင့် ပြီးခဲ့တဲ့ရာသီတွေက သူပိုင်ဆိုင်ခဲ့တဲ့ အချိန်တွေကို ပြောရမယ်ဆိုရင် မတောက်ပသလို ထင်ရှားခြင်းမရှိတဲ့ ကစားသမားတစ်ဦးလို့တော့ မှတ်ချက်ချရမှာဖြစ်တယ်။ အထူးသဖြင့် ချယ်လ်ဆီးအသင်းလိုအသင်းကြီးမှာ ကစားခွင့်မရရှိခြင်း ဖြစ်ပါတယ်။

**အပြောင်းအလဲ**

ဒါပေမယ့် ချယ်လ်ဆီးအသင်းကို မန်နေဂျာကွန်တီ ရောက်ရှိလာခဲ့ပြီးတဲ့နောက်မှာတော့ နိုင်ဂျီးရီးယားကစားသမား မော့ဆက်စ်ရဲ့အနာဂတ်ဟာ တစ်မျိုးတစ်ဖုံပြောင်းလဲလာတယ်လို့ ဆိုရမယ်။ ကွန်တီဟာ ချယ်လ်ဆီးအသင်းကို စတင်ကိုင်တွယ်သည်နဲ့တစ်ပြိုင်နက် တောင်ပံကစားသမားမော့ဆက်စ်ကို အသင်းရဲ့အစီအစဉ်မှာ ထည့်သွင်းခဲ့ပါတယ်။ ဒီနှစ်ရာသီမှာ မော့ဆက်စ်ရဲ့အသင်းမှာ ပထမဦးဆုံး ပါဝင်ကစားခွင့်ရရှိခဲ့တဲ့ပွဲကတော့ ဝက်စ်ဟမ်းအသင်းနဲ့ ကစားခဲ့တဲ့ပွဲ။ အဲ့ဒီပွဲမှာ မော့ဆက်စ်ဟာ အရန်ခုံကနေ အသင်းအတွက် ပါဝင်ကစားခွင့် ရရှိခဲ့ပါတယ်။ ဒါဟာ နှစ်ပေါင်းများစွာ အသင်းမှာ နေရာပျောက်နေခဲ့တဲ့ မော့ဆက်စ်အတွက်တော့ ပြန်လည်နေရာရရှိခဲ့တဲ့ပွဲလို့ ပြောရမှာလည်း ဖြစ်ပါတယ်။

မော့ဆက်စ်အနေနဲ့ အသင်းအတွက်ဂိုးသွင်းယူနိုင်ခဲ့တဲ့ပွဲကတော့ ဘန်လေအသင်းကို ၃-၀ဂိုးနဲ့ နိုင်ခဲ့တဲ့ပွဲဖြစ်ပါတယ်။ အဲ့ဒီပွဲမှာ သူဟာ ၇၇ မိနစ် မှာ ဝီလီယံနေရာကနေ လူစားလဲပါဝင်ကစားခဲ့ပြီး ၈၉ မိနစ်မှာ အသင်းအတွက် တတိယမြောက်ဂိုးကို သွင်းယူပေးခဲ့တာလည်းဖြစ်ပါတယ်။ ဒါပေမယ့် မော့ဆက်စ်အနေနဲ့ အသင်းမှာပွဲ ထွက်ကစားခွင့် စတင်ရရှိခဲ့တဲ့ပွဲကတော့ ဟားလ်စီးတီးအသင်းကို ၂-၀ နဲ့ နိုင်ခဲ့တဲ့ပွဲဖြစ်ပါတယ်။ အဲ့ဒီပွဲမှာ သူဟာ အသင်းမှာ ၈၅ မိနစ်အထိ ကစားခွင့်ရရှိခဲ့ပါတယ်။ ချယ်လ်ဆီးအသင်းမှာ ပုံမှန်ပွဲထွက်ကစားခွင့်ရရှိစေဖို့ မော့ဆက်စ်အတွက် အာမခံချက်ရရှိခဲ့တဲ့ပွဲကတော့ လက်စတာအသင်းနဲ့ပွဲလို့ ပြောရမှာပါ။ အဲ့ဒီပွဲမှာလည်း သူဟာပွဲထွက်ကစားခွင့် ရရှိခဲ့ပြီး မိနစ် ၈၀ မှာ ချယ်လ်ဆီးအသင်းအတွက် ဂိုးသွင်းယူပေးခဲ့ပါတယ်။ ဒါကြောင့် လက်ရှိအချိန်မှာ မော့ဆက်စ် အသင်းအနေနဲ့ ချယ်လ်ဆီးအသင်းမှာ ပရီမီယာလိဂ်ကိုးပွဲ ပါဝင်ကစားထားခဲ့ပြီး ပွဲထွက်ကစားသမားအဖြစ် ကစားခဲ့တဲ့ပွဲကလေးပွဲရှိပြီး သူပွဲထွက်ပါဝင်ကစားခွင့်ရရှိခဲ့တဲ့ပွဲတိုင်းမှာ အသင်းဟာ ပေးဂိုးမရှိ နိုင်ပွဲတွေဆက်တိုက်ရရှိနေခဲ့ပါတယ်။ ဒါတွေကိုကြည့်တာနဲ့ မန်နေဂျာကွန်တီအနေနဲ့ မော့ဆက်စ်ကို သုံးစွဲနေခြင်းဟာ အသင်းအတွက်တော့ အကျိုးဖြစ်ထွန်းနေပြီလို့ ပြောရမှာ ဖြစ်ပါတယ်။

**ခြေစွမ်းကောင်းမွန်လာမှု**

ဒါ့အပြင်ဒီနှစ်ရာသီမှာ မော့ဆက်စ်ရဲ့ခြေစွမ်းကို လူတိုင်းက သတိပြုမိခဲ့တာကတော့ ညာတောင်ပံကနေ အကောင်းဆုံး ကစားပေးနိုင်ခြင်းကြောင့်ဖြစ်သလို နည်းစနစ်ပိုင်းကောင်းမွန်မှု၊ ညာတောင်ပံကနေ ညာတောင်ပံခံစစ်မှူး အက်စ်ပီလီကျူတာကိုလည်း ခံစစ်ပိုင်းအတွက် ကူညီကစားပေးနိုင်မှုတွေကြောင့်ဖြစ်ပါတယ်။ ဒါကြောင့်လည်း မော့ဆက်စ် ပွဲချိန်ပြည့်နီးပါး ပါဝင်ကစားခဲ့တဲ့ ပွဲတွေမှာတော့ ခံစစ်ပိုင်းအတွက်ပါ ကူညီကစားပေးနိုင်ခဲ့တာတွေကြောင့် ခံစစ်ဂိုးမပေးခဲ့ရတာလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း ညာတောင်ပံနေရာဟာ မော့ဆက်စ်အတွက်တော့ ချယ်လ်ဆီးအသင်းအတွက် အကျိုးပြုပေးနိုင်ဆုံးနေရာလို့တောင် ပြောရမှာ ဖြစ်ပါတယ်။

မော့ဆက်စ်ဟာ အသင်းနဲ့အတူ ပွဲချိန်ပြည့်ပါဝင်ကစားခွင့်ရရှိထားခဲ့တဲ့လေးပွဲမှာတစ်ဂိုးသာသွင်းယူနိုင်ပြီး ဂိုးရရှိဖို့ တစ်ကြိမ်သာ ပံ့ပိုးပေးနိုင်ခဲ့ပေမယ့် သူ့ရဲ့အသင်းအပေါ် ဘောလုံးဖြန့်ဝေပေးမှုအပိုင်းကတော့ အသိအမှတ်ပြုဖွယ် ကောင်းခဲ့ပါတယ်။ ဒါ့အပြင် ဘောလုံးပေးပို့ရာမှာ တိကျမှုကလည်း ၈၀.၃ ရာခိုင်နှုန်းတောင်ရှိပါတယ်။ တစ်ပွဲချင်းစီမှာ အဓိကပေးပို့နိုင်မှုတွေကို ကြည့်မယ်ဆိုရင်လည်း ၁.၃ ရာခိုင်နှုန်းရှိတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် နောက်ဆုံးကစားခဲ့တဲ့လေးပွဲမှာ ဘောလုံးပေးပို့နိုင်မှု ၁၉ ကြိမ်ရှိခဲ့တာကိုလည်း တွေ့ရမှာပါ။ အသင်းရဲ့ခံစစ်ပိုင်းအတွက် ကူညီပေးနိုင်မှုကိုကြည့်မယ်ဆိုရင်လည်း တစ်ပွဲစီမှာ လုယူနိုင်မှုနဲ့ ဘောလုံးဖြတ်ထုတ်နိုင်မှုမှာတော့ ၂.၃ ရာခိုင်းနှုန်း ရှိခဲ့ပါတယ်။ ဒါကြောင့်လည်း ဒီနှစ်ရာသီမှာ မော့ဆက်စ်ရဲ့ခြေစွမ်းပိုင်းကတော့ အသိအမှတ်ပြုဖွယ် ကောင်းနေတယ်ဆိုတာကတော့ သေချာပါတယ်။

**အတိတ်နဲ့ အနာဂတ်**

မော့ဆက်စ်ဟာ ဗြိတိန်ကို အသက် ၁၁ နှစ်အရွယ်က မိဘနှစ်ပါး အသတ်ခံရပြီး တစ်ပတ်အကြာမှာတော့ နိုင်ဂျီရီးယားကနေ ပြောင်းရွှေ့ရောက်ရှိလာခဲ့တာလည်း ဖြစ်ပါတယ်။ သူဟာ ငယ်စဉ်ကတည်းက ခရစ္စတယ်ပဲလေ့စ် လူငယ်အကယ်ဒမီကို ရောက်ရှိခဲ့သူဖြစ်ပြီး ၁၆ နှစ်အရွယ်က ခရစ္စတယ်ပဲလေ့စ် အသင်းကြီးမှာ ပါဝင်ကစားခွင့် ရရှိခဲ့သူဖြစ်ပါတယ်။ မော့ဆက်စ်အနေနဲ့ ခရစ္စတယ်ပဲလေ့စ်အသင်းမှာ ခြေစွမ်းပြကစားနိုင်မှုတွေကြောင့် ဝီဂန်အသင်းက ၂၀၁၀ခုနှစ်၊ ဇန်နဝါရီမှာ ပေါင် ၂.၅ သန်းနဲ့ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။ သူဟာ ဝီဂန်အသင်းကို ပြောင်းရွှေ့ခဲ့ပြီးနောက်ပိုင်း အသင်းမှာ ပုံမှန်ကစားခွင့်ရရှိပြီး ခြေစွမ်းပြ ကစားနိုင်မှုတွေကြောင့် ၂၀၁၂ မှာ ချယ်လ်ဆီးအသင်းကို ပြောင်းရွှေ့ခဲ့ခြင်း ဖြစ်ပါတယ်။ သူ့အတွက်တော့ ချယ်လ်ဆီးအသင်းကို ပြောင်းရွှေ့ခြင်းဟာ အတက်အကျ၊ အနိမ့်အမြင့်တွေကြားမှာ ရောထွေးနေတဲ့ နေရာတစ်ခုလို့ပြောရမလို ဖြစ်နေခဲ့ပါတယ်။ ဒါပေမယ့်ဒီနှစ် ရာသီမှာတော့ မော့ဆက်စ်ဟာ မန်နေဂျာကွန်တီရဲ့လက်အောက်မှာ ပုံမှန်ကစားခွင့်ရရှိနေခဲ့ပြီလို့ ပြောရမှာပါ။ ဒါကြောင့် တစ်ချိန်တုန်းက ချယ်လ်ဆီးအသင်းရဲ့အပယ်ခံဖြစ်ခဲ့တဲ့ မော့ဆက်စ်အနေနဲ့ အသင်းမှာ ဘယ်လောက်အထိ ဆက်လက်တောက်ပနိုင်ဦးမလဲဆိုတာကတော့ မြက်ခင်းစိမ်းတွေပေါ်က ပွဲတွေကို ဆက်လက်စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။

## ပရီမီယာလိဂ်ပွဲစဉ်(၁၁)

| | |
|---|---|
| **စနေနေ့ (၅-၁၁-၁၆)** | |
| ည ၉း၃၀ | ဘုန်းမောက် - ဆန်းဒါးလန်း |
| ည ၉း၃၀ | ဘန်လေ - ပဲလေ့စ် |
| ည ၉း၃၀ | မန်စီးတီး - မစ်ဒယ်ဘရော့ |
| ည ၉း၃၀ | ဝက်စ်ဟမ်း - စတုတ် |
| နံနက် ၀၀း၀၀ (တနင်္ဂနွေနံနက်) | ချယ်လ်ဆီး - အဲဗာတန် |
| **တနင်္ဂနွေနေ့ (၆-၁၁-၁၆)** | |
| ည ၆း၃၀ | အာဆင်နယ် - စပါး |
| ည ၇း၄၅ | ဟားလ်စီးတီး - ဆောက်သမ်တန် |
| ည ၇း၄၅ | လီဗာပူး - ဝက်ဖို့ဒ် |
| ည ၉း၃၀ | ဆွမ်ဆီး - မန်ယူ |
| ည ၁၁း၀၀ | လက်စတာ - ဝက်စ်ဘရွန်း |

## ဘွန်ဒက်စ်လီဂါပွဲစဉ်(၁၀)

| | |
|---|---|
| **သောကြာနေ့ (၄-၁၁-၁၆)** | |
| နံနက် ၂း၀၀ (စနေနံနက်) | ဟာသာဘာလင် - ဂလာဘတ်ချ် |
| **စနေနေ့ (၅-၁၁-၁၆)** | |
| ည ၉း၀၀ | ဘိုင်ယန် - ဟော့ဖန်ဟိန်း |
| ည ၉း၀၀ | လေဗာကူဆင် - ဒရမ်စတက် |
| ည ၉း၀၀ | ဟမ်းဘတ် - ဒေါ့မွန် |
| ည ၉း၀၀ | အင်ဂိုစတက် - အော့ဘတ် |
| ည ၉း၀၀ | ဖရိုင်းဘတ် - ဝုဖ်ဘတ် |
| နံနက် ၀၀း၀၀ (တနင်္ဂနွေနံနက်) | ဖရန့်ဖွတ် - ကိုလုံး |
| **တနင်္ဂနွေနေ့ (၆-၁၁-၁၆)** | |
| ည ၉း၀၀ | လိုက်ပဇစ် - မိန့်ဇ် |
| ည ၁၁း၀၀ | ရှော်လ်ကာ - ဝါဒါဘရီမင် |

## စပိန်လာလီဂါပွဲစဉ်(၁၁)

| | |
|---|---|
| **သောကြာနေ့ (၄-၁၁-၁၆)** | |
| နံနက် ၂း၁၅ (စနေနံနက်) | မာလာဂါ - ဂီဂျွန် |
| **စနေနေ့ (၅-၁၁-၁၆)** | |
| ညနေ ၆း၃၀ | ဂရန်နာဒါ - ဒီပို့တီဗို |
| ည ၉း၄၅ | ဆိုစီဒက်စ် - အက်သလက် |
| နံနက် ၀၀း၀၀ (တနင်္ဂနွေနံနက်) | အိုဆာစူနာ - အလာဗက်စ် |
| နံနက် ၂း၁၅ (တနင်္ဂနွေနံနက်) | လက်စ်ပဲလ်မက်စ် - အီဘား |
| **တနင်္ဂနွေနေ့ (၆-၁၁-၁၆)** | |
| ညနေ ၅း၃၀ | ရီးရဲ - လီဂါနက်စ် |
| ည ၉း၄၅ | အက်စ်ပန်ညော - ဘီလ်ဘို |
| ည ၉း၄၅ | ဆယ်တာဗီဂို - ဗလန်စီယာ |
| နံနက် ၀၀း၀၀ (တနင်္လာနံနက်) | ဗီလာရီးရဲ - ဘက်တစ် |
| နံနက် ၂း၁၅ (တနင်္လာနံနက်) | ဆီဗီလာ - ဘာစီလိုနာ |

## ပြင်သစ်ပထမတန်းပွဲစဉ်(၁၂)

| | |
|---|---|
| **သောကြာနေ့ (၄-၁၁-၁၆)** | |
| နံနက် ၂း၁၅ (စနေနံနက်) | မောင့်ပယ်လီယာ - မာဆေး |
| **စနေနေ့ (၅-၁၁-၁၆)** | |
| ည ၁၀း၃၀ | မိုနာကို - နန့်စီ |
| နံနက် ၁း၃၀ (တနင်္ဂနွေနံနက်) | ဘော်ဒိုး - လောရီယင့် |
| နံနက် ၁း၃၀ (တနင်္ဂနွေနံနက်) | လယွန် - ဘတ်စတီယာ |
| နံနက် ၁း၃၀ (တနင်္ဂနွေနံနက်) | ဒီဂျွန် - ဂူအင်ဂမ့် |
| နံနက် ၁း၃၀ (တနင်္ဂနွေနံနက်) | အန်ဂျာစ် - လေလီ |
| နံနက် ၁း၃၀ (တနင်္ဂနွေနံနက်) | နန့်စ် - တူးလောက်စ် |
| **တနင်္ဂနွေနေ့ (၆-၁၁-၁၆)** | |
| ည ၇း၃၀ | ကိန်းစ် - နိုက်စ် |
| ည ၁၀း၃၀ | မက်ဇ် - စိန့်အေတီယန် |
| နံနက် ၂း၁၅ (တနင်္လာနံနက်) | ပီအက်စ်ဂျီ - ရိန်းစ် |

## Ballon d'Or ဆု ရရှိရေး ပူပန်မှုမရှိဟု ရီးရဲကစားသမား ဂါးရက်ဘေးလ် ပြောဆို

ရီးရဲမက်ဒရစ်အသင်း တောင်ပံကစားသမား ဂါးရက်ဘေးလ်က Ballon d'Or ဆု ရရှိရေးအတွက် အလွန်အမင်းစိတ်ပူပန်နေမှုမရှိကြောင်း၊ ဆုဖလားများ ရရှိရေးကိုသာ ပိုမိုလိုလားကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

အသက် ၂၇ နှစ်အရွယ်ရှိ ဂါးရက်ဘေးလ်သည် ၂၀၁၆ ခုနှစ် Ballon d'Or ဆုအတွက် ဆန်ခါတင်ကစားသမား ၃၀ စာရင်းတွင် ထည့်သွင်းရွေးချယ်ခံထားရသူ ဖြစ်သည်။ ဂါးရက်ဘေးလ်နှင့် ရီးရဲမက်ဒရစ်အသင်းတို့သည် ပြီးခဲ့သည့်လကုန်ပိုင်းတွင် ၆ နှစ် သက်တမ်းရှိ စာချုပ်ချုပ်ဆိုခဲ့ပြီး အဆိုပါ စာချုပ်အရ ဂါးရက်ဘေးလ်သည် ရီးရဲအသင်းတွင် ၂၀၂၂ ခုနှစ်အထိ ရှိနေမည်ဖြစ်သည်။

စပါးကစားသမားဟောင်း ဂါးရက်ဘေးလ်က မီဒီယာများနှင့် တွေ့ဆုံရာတွင် "Ballon d'Or ဆုဟာ ကျွန် တော်ရဲ့ ပစ်မှတ်မဟုတ်ပါဘူး။ ဒီဆုရဖို့ကိုလည်း ဘယ်တုန်းကမှ အိပ်မက် မမက်ဖူးဘူး။ ကျွန်တော့် အိပ်မက်က ချန်ပီယံလိဂ်ဆုဖလားနဲ့ အမှတ်ပေးချန်ပီယံဆုဖလားတွေ ရရှိဖို့သာ ဖြစ်ပါတယ်။ ဒီလို ဆုဖလားတွေရရှိပြီး ကလပ်နဲ့ နိုင်ငံအသင်းအတွက် ခြေစွမ်းပြကစားပေးနိုင်မယ်ဆိုရင် Ballon d'Or ဆု ရရှိလာပါလိမ့်မယ်။ Ballon d'Or ဆုရဖို့ စိတ်မကူးပေမယ့် ဆုရရှိလာခဲ့ရင်လည်း တကယ့်ကို ကောင်းမွန်တဲ့ ကိစ္စဖြစ်လာပါလိမ့်မယ်"ဟု ပြောဆိုခဲ့သည်။

၂၀၁၆ ခုနှစ် Ballon d'Or ဆု ရရှိနိုင်သူများအဖြစ် ဂါးရက်ဘေးလ်၏ ရီးရဲအသင်းကစားဖော် ခရစ္စတီယာနိုရော်နယ်ဒိုနှင့် ဘာစီလိုနာကစားသမား မက်ဆီတို့ ရေပန်းအစားဆုံး ဖြစ်နေသည်။ ဂါးရက်ဘေးလ်ကမူ အဆိုပါ ရရှိနိုင်မည့် ကစားသမားအား ရွေးချယ်မှတ်ချက်ပြုပေးရန် တောင်းဆိုမှုကို ငြင်းဆိုခဲ့သည်။

"ကောင်းမွန်တဲ့ ရာသီတစ်ခုကို ဖြတ်သန်းနိုင်ခဲ့တဲ့ ကစားသမားတွေ အများကြီးရှိပါတယ်။ မက်ဆီရော ရော်နယ်ဒိုပါ တကယ့်ကို ကောင်းမွန်တဲ့ ရာသီတွေကို ပိုင်ဆိုင်နိုင်ခဲ့တယ်။ ရော်နယ်ဒိုဆိုရင် ပြီးခဲ့တဲ့ ဘောလုံးရာသီရဲ့ ချန်ပီယံလိဂ်ဆုဖလားနဲ့ ယူရို ၂၀၁၆ ချန်ပီယံဆုဖလားတွေကို ရယူပေးနိုင်ခဲ့သူဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်က ဒိုင်လူကြီးမဟုတ်ပါဘူး။ ဒါကြောင့် ဒီဆုကို ဘယ်သူရမယ်ဆိုတာ မပြောနိုင်ဘူး။ ကျွန်တော့်အသင်းဖော်တွေ ကံကောင်းစေဖို့ ဆန္ဒပြုပါတယ်" ဟု ဂါးရက်ဘေးလ်က ဆက်လက်ပြောဆိုခဲ့သည်။



**ထက်အောင်**

၂၀၁၆ ခုနှစ် Ballon d'Or ဆုအတွက် ဆန်ခါတင်ကစားသမား ၃၀ စာရင်း၌ ရီးရဲမက်ဒရစ်အသင်းမှ ရော်နယ်ဒို၊ ဂါးရက်ဘေးလ်တို့အပြင် လုကာမိုဒရစ်၊ ပီပီ၊ ဆာဂျီယိုရာမို့စ်၊ တိုနီခရုစ် စသည့်ကစားသမားများ ပါဝင်နေသည်။

# ပွဲထွက်စာရင်းကို အကောင်းဆုံး မဖန်တီးနိုင်ပါက မန်ယူအသင်း ထိပ်ဆုံးလေးသင်းစာရင်းဝင်မည်မဟုတ်ဟု ဟားဂရေ့ဗ် မှတ်ချက်ပြု



မန်ယူအသင်း မန်နေဂျာ မော်ရင်ညိုအနေဖြင့် ပွဲထွက်ကစားသမား ၁၁ ဦးစာရင်းအား အကောင်းဆုံးဖြစ်ရန် ချိန်ညှိနိုင်ခြင်းမရှိပါက မန်ယူအနေဖြင့် ယခုနှစ် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ထိပ်ဆုံးလေးသင်းစာရင်းဝင်ရန် ခက်ခဲပြီး လာမည့်ရာသီ၌ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိလိမ့်မည်မဟုတ်ကြောင်း မန်ယူကွင်းလယ်ကစားသမားဟောင်း အိုဝင်ဟားဂရေ့ဗ်က ထုတ်ဖော်ပြောဆိုလိုက်သည်။

မန်ယူအသင်းသည် နောက်ဆုံးကစားခဲ့သည့် ပရီမီယာလိဂ်ပွဲ လေးပွဲဆက်တိုက်နိုင်ပွဲရရှိခဲ့ခြင်းမရှိဘဲ ပွဲစဉ် ၁၀ပွဲ ကစားပြီးချိန်၌ ရမှတ် ၁၅ မှတ်သာ ရရှိထားသေးကာ အဆင့် ၈ နေရာတွင် ရပ်တည်နေသည်။ မန်ယူသည် အမှတ်ပေးဇယား ထိပ်ဆုံးမှ မန်စီးတီး ထက် ၈ မှတ်၊ အဆင့် ၄ နေရာမှ ချယ်လ်ဆီးထက် ၇ မှတ်လျော့နည်းနေသည်။ မန်ယူအသင်းသည် ဘန်လေနှင့် နောက်ဆုံးကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်၌ ဂိုးပေါက်ကန်သွင်းမှု စံချိန်တင်ခဲ့သော်လည်း ဂိုးသွင်းယူနိုင်ခြင်း မရှိခဲ့ဘဲ ဂိုးမရှိ သရေရလဒ်သာ ရယူနိုင်ခဲ့သည်။

အင်္ဂလန်ကွင်းလယ်ကစားသမားဟောင်း ဟားဂရေ့ဗ် (၃၅နှစ်)က "မန်ယူ အသင်းရဲ့ ခံစစ်ကစားသမားလေးဦးဟာ အလွန်ကို တောင့်တင်းတယ်လို့ ကျွန်တော်ထင်ပါတယ်။ မန်ယူ ဂိုးသမား ကလည်း ပရီမီယာလိဂ်ပြိုင်ပွဲမှာ အကောင်းဆုံး ဂိုးသမားပါ။ ပွဲထွက်စာရင်းမှာ ကာရစ်ကို အသုံးပြုပြီး ညာဘက်မှာ ဟာရီရာ၊ ဘယ်ဘက်ပေါ့ဂ်ဘာတို့ကို အသုံးပြုသင့်ပါတယ်။ မန်ယူ အသင်းရဲ့စုဖွဲ့မှုက ပရီမီယာလိဂ်မှာ ကောင်းမွန်တဲ့ အသင်းတစ်သင်းလို့ ကျွန်တော်ယုံကြည်တယ်။ ဒါပေမယ့် လက်ရှိပုံစံအရတော့ မန်ယူအသင်းအနေနဲ့ ရာသီကုန်ဆုံးချိန်မှာ ထိပ်ဆုံးလေးသင်းစာရင်းဝင်ဖြစ်လိမ့်မယ်လို့ ကျွန်တော် မထင်ဘူး"ဟု ပြောဆိုခဲ့သည်။

မန်ယူအသင်းအနေဖြင့် ထိပ်ဆုံးလေးသင်းစာရင်းဝင်ဖြစ်ရေး ကြိုးပမ်းမှု အောင်မြင်နိုင်ရန်အတွက် တောင်ပံကစားသမား မီခီတာရန်အား ပွဲထွက်စာရင်းတွင် အသုံးပြုရန် လိုအပ်သည်ဟု ဟားဂရေ့ဗ်က ဆက်လက်ပြောဆို ခဲ့သည်။ ပြီးခဲ့သည့် နွေရာသီဈေးကွက် ကာလအတွင်းတွင် ဒေါ့မွန်မှ မန်ယူသို့ ပြောင်းရွှေ့လာသူ အာမေနီးယား ကစားသမား မီခီတာရန်သည် မန်ယူတွင် ပုံမှန်ကစားခွင့် ရရှိရန် ရုန်းကန်နေ ရပြီး ပရီမီယာလိဂ်ပြိုင်ပွဲ၌ ပွဲကစားချိန် မိနစ် ၁၀၀ သာ ရှိသေးသူဖြစ်သည်။

# ပရီမီယာလိဂ်ချန်ပီယံဆုအတွက် ခြောက်သင်း အားပြိုင်နေသည်ဟု ဂယ်ရီနေဗီးလ်ပြော





မန်ယူနှင့် အင်္ဂလန် ညာတောင်ပံ ခံစစ်မှူးဟောင်း ဂယ်ရီနေဗီးလ်က ယခုနှစ် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုအတွက် အားပြိုင်နေသည့် အသင်းခြောက်သင်းရှိသည်ဟု ယူဆကြောင်း၊ သို့သော်လည်း မန်စီးတီးနှင့် အာဆင်နယ်တို့သည် ချန်ပီယံဆုအတွက် အားပြိုင်မှုတွင် ဦးဆောင်နေသည်ဟု မယုံကြည်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲ၌ ပွဲစဉ် ၁၀ ယှဉ်ပြိုင်ကစားပြီးချိန်တွင် မန်စီးတီး၊ အာဆင်နယ်နှင့် လီဗာပူးအသင်းတို့သည် ရမှတ် ၂၃ မှတ်စီဖြင့် ဦးဆောင်နေပြီး ချယ်လ်ဆီးအသင်းသည် ရမှတ် ၂၂ မှတ်ဖြင့် စတုတ္ထနေရာတွင် လည်းကောင်း၊ စပါးအသင်းသည် ရမှတ် ၂၀ ဖြင့် ပဉ္စမနေရာတွင်လည်းကောင်း ရပ်တည်လျက်ရှိသည်။

ဂယ်ရီနေဗီးလ်က "စပါးအသင်း ကောင်းသလို လီဗာပူးလည်း ကောင်းတယ်လို့ ထင်ပါတယ်။ အလားတူပဲ စပါးအသင်းလိုမျိုး ချယ်လ်ဆီးအသင်းကလည်း ကောင်းမွန်မှုရှိတယ်လို့ ယူဆပါတယ်။ ဒါပေမယ့် စပါးအသင်းက ဥရောပပွဲတွေ ကစားနေရတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ပရီမီယာလိဂ်ချန်ပီယံဖြစ်ရေး အားပြိုင်မှုမှာ စပါးထက် ဥရောပပွဲတွေ မကစားရတဲ့ ချယ်လ်ဆီးနဲ့ လီဗာပူးတို့ကို ရှေ့မှာပိုထားချင်တယ်။ မန်စီးတီးနဲ့ အာဆင်နယ်တို့ကလည်း အသင်းကောင်းတွေဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီအသင်းတွေအပေါ် အပြည့်အဝယုံကြည်လို့ရပြီလား။ အပြည့်အဝယုံကြည်လို့ရပြီလို့ တွေးကြမယ်လို့ ကျွန်တော်မထင်ဘူး။ မန်စီးတီးနဲ့ အာဆင်နယ်တို့ဟာ အောင်မြင်မှုဆီ မရောက်ဘူးလို့တော့ မပြောနိုင်ပါဘူး။ ဒါပေမယ့် အာဆင်နယ်နဲ့ မန်စီးတီးတို့ကလည်း ဥရောပပြိုင်ပွဲမှာ ပါဝင်ကစားနေရတဲ့အသင်းတွေဖြစ်တယ်။ ဒါ့အပြင် အရင်က အာဆင်နယ်ပုံစံ၊ အရင်က မန်စီးတီးပုံစံမျိုးတွေကို တစ်ချက်တစ်ချက် မြင်တွေ့နေရတယ်။ ဒါကြောင့် အဲဒီအသင်းတွေ အပေါ်ယုံကြည်မှုအပြည့်အဝမထားရှိခင်မှာ ကျွန်တော့်အတွက် တွေးစရာတွေအများကြီးဖြစ်နေရတယ်။ မန်ယူကတော့ အဲဒီအသင်းတွေနဲ့ နှိုင်းယှဉ်ရင် အတော်လေး နောက်ကျကျန်ရစ်နေတယ်"ဟု ပြောဆိုခဲ့သည်။

၁၉၉၂ ခုနှစ်တွင် ပရော်ဖက်ရှင်နယ်ကစားသမားဘဝ စတင်ချိန်မှ စတင်ကာ ကစားသမားဘဝမှ အနားယူသည့် ၂၀၁၁ ခုနှစ်အထိ မန်ယူတွင်သာ ပါဝင်ကစားခဲ့သူ ဂယ်ရီနေဗီးလ် (၄၁နှစ်)သည် မန်ယူနှင့်အတူ ပရီမီယာလိဂ် ချန်ပီယံဆုဖလား ၈ ကြိမ် ရရှိခဲ့သူဖြစ်သည်။

# အနိုင်အရှုံးအဖြေပေါ်ဖို့ ခက်နေတဲ့ လန်ဒန်ဒါဘီ

## 2016-17 PREMIER LEAGUE WEEK 11

ပရီမီယာလိဂ်ပွဲစဉ်(၁၀)မှာတော့ စပါးကလက်စတာနဲ့သရေကျပြီး သုံးပွဲဆက်တိုက်အနိုင်မရ ဖြစ်ခဲ့ရတယ်။ ဒါကြောင့် ဒီပွဲစဉ် ၁၁ မှာအနိုင်ရယူနိုင်ဖို့အားစိုက်လာမှာဖြစ်ပေမယ့်လည်း ပြိုင်ဘက်က အာဆင်နယ်ဖြစ်နေတယ်။ ဒါကြောင့် စပါးတို့ နိုင်ပွဲရဖို့ ရုန်းကန်နေရဦးမှာဖြစ်တယ်။ ဒါ့အပြင် ပွဲစဉ် (၉)မှာအဝေးကွင်းပွဲတိုင်းရှုံးထားတဲ့ ဘန်လေကိုတောင်အနိုင်မရခဲ့တာကြောင့် မန်ယူအနေနဲ့ ဒီပွဲစဉ်မှာ နိုင်ပွဲရဖို့အားစိုက်လာမှာဖြစ်ပေမယ့် ပြိုင်ဘက်ကဒီနောက်ပိုင်းဆုံတွေ့တိုင်းမှာ ကစားရခက်တဲ့ ဆွမ်ဆီးဖြစ်နေတာကြောင့် မန်ယူအနေနဲ့လည်းနိုင်ပွဲပြန်ရဖို့ရုန်းကန်ရနိုင်တာ သတိပြုရမယ်။

### ချယ်လ်ဆီး v အဲဗာတန်

| ယမန်နှစ် | ချယ်လ်ဆီး | ၃ | ၃ | အဲဗာတန် |
|---|---|---|---|---|

ချယ်လ်ဆီးက မန်စီးတီး၊ အာဆင်နယ်၊ လီဗာပူးတို့ကို ဖိအားပေးနိုင်ဖို့အိမ်ကွင်းပွဲမှာ ရလဒ်ကောင်းရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ လက်ရှိအချိန်မှာ ချယ်လ်ဆီးရဲ့အသင်းလိုက်ခြေစွမ်းပိုင်းကလည်း ကောင်းမွန်မှုရှိနေကာ အိမ်ကွင်းလည်းဖြစ်တယ်။ ဒါပေမယ့် အဲဗာတန်ကလည်း အသင်းလိုက် စွမ်းဆောင်ရည်ကောင်းမွန်တဲ့ အသင်းဖြစ်ပြီး ချယ်လ်ဆီးကို တုံ့ပြန်ကစားနိုင်ခြေရှိပါတယ်။ ချယ်လ်ဆီးအိမ်ကွင်းမှာ ကပ်ပြီးသာနိုင်မယ်။

### လီဗာပူး v ဝက်ဖို့ဒ်

| ယမန်နှစ် | လီဗာပူး | ၂ | ၀ | ဝက်ဖို့ဒ် |
|---|---|---|---|---|

ပဲလေ့စ်ကိုအနိုင်ရခဲ့တဲ့ပွဲမှာ လီဗာပူးခြေစွမ်းပိုင်းက ကောင်းမွန်မှုရှိပါတယ်။ ခံစစ်ပိုင်းက အားနည်းမှုတွေရှိပေမယ့်လည်း တိုက်စစ်ပိုင်းကတော့ ထက်မြက်မှုအပြည့်ရှိခဲ့ပါတယ်။ အိမ်ကွင်းလည်းဖြစ်နေတဲ့အပြင် ဒီပွဲစဉ်မှာအာဆင်နယ်နဲ့ စပါးစ်ဆုံတွေ့နေတာကြောင့်လည်း လီဗာပူးတို့ အနိုင်ရရှိအောင် အားစိုက်လာမှာသေချာနေပါတယ်။ ဝက်ဖို့ဒ်ကတော့ ဟားလ်ကိုအနိုင်ရခဲ့ပေမယ့် ခြေစွမ်းပိုင်းသာမန်သာရှိပါတယ်။ လီဗာပူးပဲအနိုင်ရမယ်။

### ဘန်းမောက် v ဆန်းဒါးလန်း

| ယမန်နှစ် | ဘန်းမောက် | ၂ | ၀ | ဆန်းဒါးလန်း |
|---|---|---|---|---|

ဆန်းဒါးလန်းခြေက အားနည်းမှုတွေရှိနေပါတယ်။ အထူးသဖြင့် ခံစစ်ပိုင်းက အမှားများလွန်းနေပါတယ်။ အာဆင်နယ်ကို ရှုံးနိမ့်ခဲ့ရတဲ့ပွဲမှာလည်း ခံစစ်ပိုင်းအားနည်းမှုတွေကြောင့် ဂိုးပြတ်အရေးနိမ့်ခဲ့ရတာ ဖြစ်ပါတယ်။ ဘုန်းမောက်ကလည်း လက်ရှိအချိန်မှာရလဒ်ပိုင်း ဆိုးနေတယ်ဆိုပေမယ့် အသင်းလိုက်ခြေစွမ်းပိုင်းက ဆန်းဒါးလန်းထက်ပိုမိုကောင်းမွန်မှုရှိသလို အိမ်ကွင်းအားနဲ့လည်းဖိအားပေးကစားသွားမှာ ဖြစ်တယ်။ ဘုန်းမောက်အနိုင်ရဖို့သေချာတယ်။

### မန်စီးတီး v မစ်ဒယ်ဘရော့

| ယမန်နှစ် | တွေ့ဆုံမှုမရှိ |
|---|---|

ဘုန်းမောက်ကိုအနိုင်ရခဲ့တဲ့ပွဲမှာ မစ်ဒယ် ဘရော့ခြေစွမ်းပိုင်းက ကောင်းမွန်မှုရှိခဲ့ပါတယ်။ ဒီပွဲစဉ်မှာလည်း မစ်ဒယ်ဘရော့တို့အမှတ်ရရှိ အောင်ခံစစ်အားပြုကစားလာမှာ ဖြစ်သလိုအာ ဆင်နယ်ကိုသရေကစားနိုင်ခဲ့တဲ့ပွဲမှာလည်း မစ်ဒယ်ဘရော့ရဲ့ခံစစ်ပိုင်းကစားပုံကောင်းမွန်ခဲ့ တာကိုတွေ့ရပါတယ်။ မန်စီးတီးကတော့နိုင်ပွဲ ဆက်နိုင်အောင်အားစိုက်လာမှာဖြစ်ပေမယ့် ချန်ပီယံလိဂ်ကြောင့် ပွဲပန်းလာနိုင်ပါတယ်။ ဒါကြောင့် မန်စီးတီးပဲကပ်ပြီးသာနိုင်မယ်။

### အာဆင်နယ် v စပါးစ်

| ယမန်နှစ် | အာဆင်နယ် | ၁ | ၁ | စပါးစ် |
|---|---|---|---|---|

နှစ်သင်းလုံး ချန်ပီယံလိဂ်ကြောင့် ပွဲပန်းမှုတွေရှိလာနိုင်ပေမယ့်လည်း အရေးပါတဲ့ဆုံတွေ့မှုဖြစ်တာကြောင့် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ လက်ရှိအချိန်မှာ အာဆင်နယ် ခြေစွမ်းပိုင်းကောင်းမွန်နေသလို ဂျရူးကလည်း ဂိုးတွေသွင်းယူလာနိုင်ကာ အိမ်ကွင်းလည်းဖြစ်ပေမယ့် စပါးကလည်း ပရီမီယာလိဂ်မှာ ရလဒ်ပိုင်းတွေဆိုးရွားခဲ့တာကြောင့် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါကြောင့် အာဆင်နယ်အခက်တွေ့နိုင်ကာသရေပဲရမယ်။

### ဆွမ်ဆီး v မန်ယူ

| ယမန်နှစ် | ဆွမ်ဆီး | ၂ | ၁ | မန်ယူ |
|---|---|---|---|---|

မန်ယူခြေစွမ်းပိုင်းက အားနည်းလွန်းတယ်။ အဝေးကွင်းပွဲတိုင်းရှုံးနိမ့်ခဲ့တဲ့ဘန်လေကိုတောင် အနိုင်မရခဲ့ဘူး။ ထိုးဖောက်ကစားပုံကောင်းမွန်ပေမယ့် အဆုံးသတ်အားနည်းလွန်းတယ်။ ယူရိုပါလိဂ်ကြောင့်လည်း ပွဲပန်းလာနိုင်တယ်။ ဒါ ကြောင့် အိမ်ကွင်းအားနဲ့အမှတ်ရယူနိုင်ဖို့ အားစိုက်လာမယ့် ဆွမ်ဆီးရဲ့တုံ့ပြန်ကစားအားကို မန်ယူတို့ ခက်ခက်ခဲခဲရင်ဆိုင်ရနိုင်တယ်။ နောက်ပိုင်းပွဲတွေမှာလည်း ဆွမ်ဆီးနဲ့ တွေ့တိုင်း မန်ယူရုန်းကန်ရတော့ မန်ယူနိုင်ရင်တောင် မပြတ်ဘူး။

### ဘန်လေ v ပဲလေ့စ်

| ယမန်နှစ် | တွေ့ဆုံမှုမရှိ |
|---|---|

မန်ယူကိုသရေကစားနိုင်ခဲ့တဲ့ပွဲမှာ ဘန်လေရဲ့ခံစစ်ပိုင်း ကစားပုံကောင်းမွန်မှုရှိခဲ့တယ်။ ဂိုးသမားလက်စွမ်းပြနိုင်ခဲ့သလို ခံစစ်ပိုင်းက မာကျောမှုလည်းရှိခဲ့တယ်။ ဒါ့အပြင် ဘန်လေက အိမ်ကွင်းခြေစွမ်းပိုင်းလည်း ပိုမိုကောင်းမွန်မှုရှိတတ်တယ်။ ဒါပေမယ့်လီဗာပူးကိုရှုံးနိမ့်ခဲ့ရတဲ့ပွဲမှာ ပဲလေ့စ်ရဲ့ကစားအားကလည်း ကောင်းမွန်မှုရှိခဲ့တယ်။ တိုက်စစ်ပိုင်းကောင်းမွန်သလို ထိုးဖောက်ကစားပုံလည်းမြင့်တယ်။ ဘန်လေအိမ်ကွင်းမှာ သရေလောက်ပဲရမယ်။

### ဝက်စ်ဟမ်း v စတုတ်

| ယမန်နှစ် | ဝက်စ်ဟမ်း | ၀ | ၁ | စတုတ် |
|---|---|---|---|---|

ဝက်စ်ဟမ်းက အိမ်ကွင်းဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့အားစိုက်လာမှာ သေချာနေပါတယ်။ လက်ရှိအချိန်မှာ ဝက်စ်ဟမ်းခြေကလည်းမဆိုးဘူးလို့ ဆိုနိုင်သလို အိမ်ကွင်းပွဲတွေမှာလည်း ခြေစွမ်းပိုင်းပိုမိုကောင်းမွန်တတ်ပါတယ်။ စတုတ်ကတော့ လက်ရှိအချိန်မှာခြေစွမ်းပိုင်းတိုးတက်လာမှုတွေရှိနေပေမယ့် အဝေးကွင်းပွဲတွေမှာတော့ ခြေစွမ်းပိုင်းက ထင်သလောက်တည်ငြိမ်မှုမရှိတာကို တွေ့ရပါတယ်။ စတုတ်တို့ အမြင့်ဆုံးသရေလောက်ပဲ ကစားနိုင်မယ်။

### ဟားလ် v ဆောက်သမ်တန်

| ယမန်နှစ် | တွေ့ဆုံမှုမရှိ |
|---|---|

ဟားလ်ခြေစွမ်းပိုင်းကအတော်လေးကို အားနည်းနေပါတယ်။ နောက်ဆုံးပွဲစဉ်မှာလည်း ဝက်ဖို့ဒ်ကိုတောင် အရေးနိမ့်ခဲ့ရပါတယ်။ ဒီပွဲစဉ်မှာလည်း အိမ်ကွင်းဖြစ်တာကြောင့် ဟားလ်တို့ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပေမယ့် ခြေစွမ်းပိုင်းအားနည်းမှုတွေကြောင့် ဆောက်သမ်တန်ကို တုံ့ပြန်ကစားနိုင်ဖို့ဆိုတာ ခက်ခဲလွန်းနေပါတယ်။ ဆောက်သမ်တန်က ယူရိုပါလိဂ်ကြောင့် ပွဲပန်းလာနိုင်ပေမယ့် ဒီလိုပွဲမျိုးမှာအမှားခံမှာမဟုတ်သလို နိုင်ပွဲလည်းရသွားမှာပါ။

### လက်စတာ v ဝက်စ်ဘရွန်း

| ယမန်နှစ် | လက်စတာ | ၂ | ၂ | ဝက်စ်ဘရွန်း |
|---|---|---|---|---|

လက်စတာက စပါးနဲ့သရေကျခဲ့တာကြောင့် နိုင်ပွဲ ပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေတယ်။ အိမ်ကွင်းလည်းဖြစ်နေတာကြောင့် လက်စတာတို့နိုင်ပွဲကို ဦးတည်ကစားမှာဖြစ်ပါတယ်။ လက်စတာအနေနဲ့ ချန်ပီယံလိဂ်ကြောင့် ပွဲပန်းလာနိုင်ပေမယ့် ဝက်စ်ဘရွန်းကလည်း လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းက အားနည်းမှုတွေများလွန်းတယ်။ ခံစစ်ပိုင်းကအစ ပုံမှန်ခြေမရှိဘူး။ ဒါကြောင့် လည်း လက်စတာပဲအနိုင်ရဖို့ရှိပါတယ်။

# နယ်မြေလုံခြုံရေးအပေါ်မူတည်၍ ကျောင်းများကို အဆင့်ဆင့်သတ်မှတ်ပြီး ဖွင့်လှစ်ပေးရန် စီစဉ်ထား

## တွေ့ဆုံမေးမြန်း-လေးဝတီထွန်းစောခိုင်၊ ဓာတ်ပုံ-မညစော

အောက်တိုဘာ ၉ ရက်က ကျီးကန်းပြင်နယ်ခြားစောင့် ရဲကွပ်ကဲဌာနချုပ်နှင့် အခြားရဲကင်းနှင့် ရုံးဌာနနှစ်ခုအား အကြမ်းဖက်သမားများက ဝင်ရောက်တိုက်ခိုက်ကာ လက်နက်နှင့် ခဲယမ်းမျိုးစုံကို လုယူသွားခဲ့ကြသည်။ ဤသတင်းကြောင့် မောင်တောဒေသတစ်ခုလုံး တုန်လှုပ်သွားကာ ဒေသခံတိုင်းရင်းသားများသည် အသက်ဘေးကို ကြောက်၍ လုံခြုံရာနေရာများသို့ ထွက်ပြေးသွားကြရသည်။ ယင်းအချိန်တွင် မောင်တောဒေသရှိ ကျောင်းများအားလုံးကို နယ်မြေလုံခြုံရေးအခြေအနေအရ ပိတ်ထားလိုက်ရသည်။ အောက်တိုဘာ ၂၄ ရက်က အောက်တိုဘာ ကျောင်းပိတ်ရက်ပြီး၍ ကျောင်းများ ပြန်ဖွင့်သည်က တစ်ကြောင်း၊ နယ်မြေအချို့တည်ငြိမ်လာ၍ တစ်ကြောင်း မောင်တောဒေသတွင် ကျောင်းအချို့ကို ဖွင့်လှစ်ထားပြီဖြစ်ကြောင်း သိရသည်။ သို့သော် လုံခြုံရေးအရ မဖွင့်နိုင်သော ကျောင်းများစွာ ကျန်ရှိနေသေးသည်။ မောင်တောဒေသပညာရေးအခြေအနေများကို သိလို၍ အောက်တိုဘာ ၃၁ ရက်က ရခိုင်ပြည်နယ်ပညာရေးမှူး ဦးအောင်ကျော်ထွန်းနှင့် သွားရောက် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်ကို ပြည်သူများ သိရှိရန် ရေးသားတင်ပြလိုက်ရပါသည်။

**မေး။ ။ အကြမ်းဖက်တိုက်ခိုက်ခြင်းခံရတဲ့ မောင်တောဒေသ ကျောင်းဖွင့်လှစ်မှု အခြေအနေကို ပြောပေးပါ ဆရာကြီး။**

ဖြေ။ ။ ကျွန်တော်တို့အနေနဲ့ ကျောင်းတွေကို အောက်တိုဘာ ကျောင်းပိတ်ရက်ပြီးလို့ အောက်တိုဘာ ၂၄ ရက်က ကျောင်းပြန်ဖွင့်တဲ့အခါ မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်တွေမှာ လုံခြုံရေးအရ ဖွင့်လို့ရတဲ့ ကျောင်းတွေကို ပြန်ဖွင့်ခဲ့ပါတယ်။ မောင်တောမြို့နယ် ၂၄ ကျောင်း၊ ဘူးသီးတောင်မြို့နယ် ၂၆ ကျောင်း၊ ရသေ့တောင်မြို့နယ်မှာ ၁၇၇ ကျောင်းကို ဒီနေ့ထိဖွင့်လှစ်နိုင်ခဲ့ပါပြီ။ နောက်လည်း ဖွင့်လှစ်ပေးသွားမှာပါ။ လုံခြုံရေး ဆောင်ရွက်နေတဲ့ တပ်မတော်၊ ရဲတပ်ဖွဲ့အနေနဲ့ ဒီနယ်မြေတွေက ဖွင့်လို့ရပြီ၊ လုံခြုံနေပြီလို့ အကြောင်း ပြန်လာတဲ့အခါ သက်ဆိုင်ရာအစိုးရအဖွဲ့နဲ့ ညှိနှိုင်းပြီးတော့ ဖွင့်လှစ်ပေးသွားမှာဖြစ်ပါတယ်။ ဖွင့်လှစ်ဖို့ကျန်ရှိတာကတော့ မောင်တောမြို့နယ်မှာ ၁၅၉ ကျောင်း၊ ဘူးသီးတောင်မြို့နယ်မှာ ၁၉၃ ကျောင်း၊ ရသေ့တောင်မြို့နယ်မှာ ၁၃ ကျောင်းဖြစ်ပါတယ်။ ကျွန်တော်တို့လည်း ဖွင့်ချင်ပါတယ်။ ဒါပေမယ့် နယ်မြေလုံခြုံရေးက အဆင်မပြေနိုင်သေးလို့ ဖြစ်နေတာပါ။

**မေး။ ။ ကျောင်းတွေအတွက်ဘယ်လိုစီစဉ်ထားတာရှိပါသလဲ။**

ဖြေ။ ။ ကျွန်တော်တို့ ကျောင်းမဖွင့်ခင်ကတည်းက အဆင့်လေးဆင့်နဲ့သတ်မှတ်ထားပါတယ်။ ပထမအဆင့် အနေနဲ့လုံခြုံရေးကောင်းပြီး ပုံမှန်ဖွင့်လှစ်နိုင်တဲ့ကျောင်းတွေပါ။ မြို့ပေါ်ကျောင်းတွေပေါ့။ ဒုတိယအဆင့်ကနိုဝင်ဘာလဆန်းမှာ ဖွင့်မယ့်ကျောင်းတွေ၊ တတိယအဆင့်က နိုဝင်ဘာလလယ်လောက်မှာဖွင့်မယ့်ကျောင်းတွေ၊ စတုတ္ထအဆင့်ကတော့ နိုဝင်ဘာလနောက်ဆုံးပတ်ဖွင့်မယ့်ကျောင်းတွေဆိုပြီး ရှိပါတယ်။ လုံခြုံရေးနယ်မြေအလိုက် အဆင့်သတ်မှတ်ထားတာပါ။ ဘာပဲဖြစ်ဖြစ်ကျွန်တော်တို့ ဆရာ ဆရာမတွေအတွက်လုံခြုံရေးစိတ်မချရင်ဖွင့်နိုင်မှာ မဟုတ်ပါဘူး။ စိတ်ချရင်ဖွင့်ပေးမှာပါ။

**မေး။ ။ မောင်တောနယ်မြေတွေမှာ ဆရာ ဆရာမတွေကို ခုဘယ်လိုစီစဉ်ထားပါသလဲ။ နေရပ်ကိုပဲပြန်ခိုင်းထားတာလား။**

ဖြေ။ ။ မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့တွေမှာ ဒေသခံဆရာ ဆရာမတွေကို မိမိတို့နေရပ်မှာ နေခိုင်းထားပါတယ်။ ရပ်ဝေးက ဆရာ ဆရာမတွေကိုတော့ မိမိတို့ တာဝန်ကျရာ မြို့နယ်ရဲ့ ပညာရေးဌာနကို အောက်တိုဘာ ၂၄ ရက်ကတည်းက ခေါ်ထားပါပြီ။ ဒီနေ့လစာထုတ်တဲ့နေ့မှာ အကုန်လုံးလိုလိုရောက်နေပါပြီ။ သူတို့ကိုမြို့ပေါ်မှာပဲထားပြီးတော့ နယ်မြေအလိုက် ကျောင်းပြန်ဖွင့်တဲ့အခါ သက်ဆိုင်ရာ ကျောင်းတွေကို စေလွှတ်ဖို့စီစဉ်ထားပါတယ်။

**မေး။ ။ ဆရာ ဆရာမတွေသက်ဆိုင်ရာကျောင်းတွေကို သွားတဲ့အခါလုံခြုံရေးအရ ဘယ်လိုစီစဉ်ထားပါသလဲ။**

ဖြေ။ ။ ကျွန်တော်တို့အနေနဲ့ အရင်လိုလွှတ်ပြီးမထားတော့ပါဘူး။ စုရပ်နဲ့ထားမှာပါ။ နီးစပ်ရာကျောင်းတွေ အလိုက် စုရပ်တွေဖွဲ့ရန်ထားပါတယ်။ မောင်တောမြို့နယ်မှာ စုရပ် ၂၀ နဲ့ ဘူးသီးတောင်မြို့နယ်မှာ စုရပ် ၁၄ ခု စီစဉ်ထားပါတယ်။ စုရပ် တွေမှာလုံခြုံရေးပေးထားမှာပါ။ ကျောင်းတက်တဲ့အခါမှာလည်း လုံခြုံရေးပေးနိုင်မှသွားမှာပါ။ တိုင်းရင်းသားရွာတွေကိုတော့ အစ္စလာမ်ဘာသာဝင်တွေနေတဲ့ရွာတွေထက်စောပြီး ဖွင့်မှာပါ။ အဲဒီရွာတွေက များလည်းများတယ်။ လုံခြုံရေးအရလည်း လောလောဆယ်သွားလို့ မဖြစ်သေးဘူးဆိုတော့ လုံခြုံရေးတာဝန်ယူဆောင်ရွက်နေတဲ့ အဖွဲ့အစည်းတွေက တာဝန်ယူပေးမှ ဖွင့်ပေးနိုင်မှာပါ။ ပညာရေးဌာနမှာကဆရာတွေထက် ဆရာမတွေများပါတယ်။ အမျိုးသမီးတွေဆိုတော့ အဲဒီရွာတွေကို လုံခြုံရေးမပါရင် ဘယ်သူမှ သွားရဲမှာ မဟုတ်ဘူး။



ဦးအောင်ကျော်ထွန်း

**မေး။ ။ မောင်တောနယ်မြေမှာ ဆရာမတွေအစား ဆရာတွေကို ခန့်ပေးမယ်ဆိုတာ ဟုတ်ပါသလား။**

ဖြေ။ ။ ဟုတ်ပါတယ်။ကျွန်တော်တို့ ရခိုင်ပြည်နယ်အစိုးရရဲ့ ထောက်ခံချက်နဲ့ မောင်တောဒေသမှာ အသစ်ခန့်မယ့်နေရာတွေမှာ ကျောင်းဆရာတွေကို ခန့်ပေးဖို့အတွက် အတည်ပြုချက်ရယူဖို့ အခြေခံပညာဦးစီးဌာနကို တင်ပြထားပါတယ်။

**မေး။ ။ မောင်တောဒေသမှာ တာဝန်ထမ်းဆောင်မယ့် ပညာရေးဝန်ထမ်းတွေကို လုံခြုံရေးဆိုင်ရာ အသိအမြင်တွေ ပို့ချပေးမယ်ဆိုတာ မှန်ပါသလား။**

ဖြေ။ ။ ဒါကလည်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီးနဲ့ စီစဉ်နေကြပါတယ်။ အသစ်ခန့်အပ်မယ့် ဆရာတွေကို နယ်မြေလုံခြုံရေးအတွက် အထောက်အကူရစေဖို့ အခြေခံ သဘောတရားတွေ သင်ပေးပြီးမှ ခန့်မှာပါ။

**မေး။ ။ ဆရာကြီးအနေနဲ့ ပြည်သူကို ဘာပြောချင်ပါသလဲ။**

ဖြေ။ ။ ကျွန်တော်က ကျောင်းတွေကို ဖွင့်ချင်တယ်။ ဒါပေမယ့် လုံခြုံရေးအရ မဖွင့်နိုင်သေးပါဘူး။ ဖွင့်လာရင်လည်း ကျွန်တော်တို့မှာက ဆရာမတွေများလို့ လုံခြုံရေး အပြည့်အဝမပေးနိုင်ရင် အားလုံးကို ပြန်ဖွင့်နိုင်မှာ မဟုတ်ပါဘူး။

ရခိုင်ပြည်နယ် မောင်တောဒေသမှာ နယ်မြေတည်ငြိမ်နေပြီဟု ဆိုရသော်လည်း လုံခြုံရေးအရ စိတ်မချရသော နယ်မြေများရှိနေသေးသည်။ သို့ဖြစ်၍ မောင်တောဒေသ ကျောင်း များ ပြန်ဖွင့်နိုင်ရေးမှာ လုံခြုံရေးခိုင်မြဲမှုရှိလာသည်နှင့်အမျှ ကျောင်းများကို ဖွင့်လှစ်ပေးသွားရန် စီစဉ်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။

**အောက်တိုဘာ ၂၄ ရက်က ကျောင်းပြန်ဖွင့်တဲ့အခါ မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်တွေမှာ လုံခြုံရေးအရ ဖွင့်လို့ရတဲ့ ကျောင်းတွေကို ပြန်ဖွင့်ခဲ့ပါတယ်။ မောင်တောမြို့နယ် ၂၄ ကျောင်း၊ ဘူးသီးတောင်မြို့နယ် ၂၆ ကျောင်း၊ ရသေ့တောင်မြို့နယ်မှာ ၁၇၇ ကျောင်းကို ဒီနေ့ထိဖွင့်လှစ်နိုင်ခဲ့ပါပြီ . . .**

## စည်းကမ်းပျက်ဆိုင်ကယ်များကို ရှောင်တခင်စစ်ဆေးအရေးယူ

**ကျောက်မဲ နိုဝင်ဘာ ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့၌ စည်းကမ်းပျက်မော်တော်ဆိုင်ကယ်များကို မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကော်မတီ၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများ ပါဝင်သော ပူးပေါင်းအဖွဲ့က ရှောင်တခင် စစ်ဆေးအရေးယူမှုများ နိုဝင်ဘာ ၁ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းနိုင် ဦးဆောင်၍ မြို့မရဲစခန်းမှူးဒုရဲမှူးဇော်နိုင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ကျောက်မဲခရိုင် အမှတ်(၁၂၀) ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုရဲမှူးချစ်စိန်နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဝန်ထမ်းများ၊ စည်ပင်သာယာရေးဌာန ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ဥပဒေအရာရှိနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ မထသကော်မတီအဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က ကျောက်မဲမြို့ အောင်ဆန်းလမ်းနှင့် စိတ္တသုခလမ်းထောင့် ကျောက်မဲစတိုးရှေ့၌ အခြေပြု၍ စည်းကမ်းမဲ့ဆိုင်ကယ်များကို ရှောင်တခင် စစ်ဆေးဖမ်းဆီးခဲ့ခြင်းဖြစ်ကာ စည်းကမ်းပျက် မောင်းနှင်သူများနှင့် ဦးထုပ်မဆောင်းဘဲမောင်းနှင်သူ စုစုပေါင်း ၃၄ ဦးအား ဖမ်းဆီးနိုင်ခဲ့ပြီး မြို့နယ်တရားရုံးသို့ပို့အပ်ကာ ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



## အမျိုးသမီးများ၏ ကာကွယ်ခုခံပိုင်ခွင့်အကြောင်း ဟောပြော

**မြိတ် နိုဝင်ဘာ ၃**

မြိတ်မြို့အမျိုးသမီးအိမ်တွင်းမှုသင်တန်းကျောင်းတွင် အခြေခံအိမ်တွင်းမှုနှင့် စက်ချုပ်သင်တန်း တက်ရောက်နေကြသော အမျိုးသမီးငယ်များအား သင်တန်းတက်ရောက်စဉ်ကာလအတွင်း အသိပညာဗဟုသုတများ တိုးပွားလာစေရေးအတွက် ဟောပြောပွဲကို နိုဝင်ဘာ ၁ ရက်က ပြုလုပ်ခဲ့ပြီး မြို့နယ်ရဲတပ်ဖွဲ့ဝင်များက ကဏ္ဍအလိုက် အသိပညာပေး ဟောပြောခဲ့ကြကြောင်း သိရသည်။

ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးမင်းက မှုခင်းကျဆင်းရေးလုပ်ငန်းစဉ်များနှင့် အမျိုးသမီးများ၏ ကာကွယ်ခုခံပိုင်ခွင့်ဆိုင်ရာ ဥပဒေများအကြောင်းကိုလည်းကောင်း၊ အမှတ်(၇၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(မြိတ်)မှ ဒုရဲမှူးနေဝင်းက ဆိုင်ကယ်စီးနင်းမောင်းနှင်ရာတွင် လိုက်နာရမည့်အချက်များ၊ မော်တော်ယာဉ်နှင့် ဆိုင်ကယ်များ စီးနင်းမောင်းနှင်ရာတွင် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း လိုက်နာကြရန်နှင့် ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေအကြောင်းကိုလည်းကောင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး တပ်ဖွဲ့စိတ်(၁)မြိတ်မှ ရဲအုပ်အောင်ကျော်မြင့်က လူကုန်ကူးခြင်းခံရခြင်း၏ အကြောင်းရင်းများကိုလည်းကောင်း၊ မူးယစ်တပ်ဖွဲ့စိတ်(၃၅)မြိတ်မှ ဒုရဲအုပ်ဝေဖြိုးအောင်က မူးယစ်ဆေးဝါး၏ဆိုးကျိုးများနှင့် မူးယစ်ဆေးဝါးများ သုံးစွဲရောင်းချမှုများ လျော့နည်းစေရန်အတွက် မိသားစုများထဲမှစ၍ ဝိုင်းဝန်းပူးပေါင်းတိုက်ဖျက်ဆောင်ရွက်ပေးကြရန်လည်းကောင်း ကဏ္ဍအလိုက် ပညာပေးဟောပြောခဲ့ကြကာ သင်တန်းသူများအား အသိပညာပေးလက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခိုင်ထူး(မြိတ်)**

## ဇီကာဗိုင်းရပ်စ်ကြိုတင်ကာကွယ်မှုအဖြစ် ခြင်နှိမ်နင်းရေးဆောင်ရွက်

ခြင်မှဖြစ်ပွားကူးစက်တတ်သည့် ဇီကာဗိုင်းရပ်စ်ရောဂါ ကြိုတင်ကာကွယ်မှုအဖြစ် ခြင်နှိမ်နင်းရေးလုပ်ငန်းများကို တိုက်ကြီးမြို့ ဗောဓိကုန်းရပ်ကွက်အတွင်းရှိ အိမ်ထောင်စုများ၌ တိုက်ကြီးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်ဝေဝေအောင်နှင့် အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ဆယ်အိမ်မှူးများ ပူးပေါင်း၍ နိုဝင်ဘာ ၁ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ခြင်ကျားများ မပေါက်ပွားစေရန် ရပ်ကွက်အတွင်းနေအိမ်များမှ ရေလှောင်ထားသည့် အိုး၊ ခွက်၊ တိုင်ကီ၊ ပန်းအိုးများတွင် ဖုံး၊ သွန်၊ လဲ၊ စစ် စစ်ဆေးခြင်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

**ထွန်းလှိုင်(မြိုင်)**

## မဲဆန္ဒရှင်စာရင်းများ တစ်အိမ်တက်ဆင်းကောက်ယူ

**ညောင်ရွှေ နိုဝင်ဘာ ၃**

လွှတ်တော်ကိုယ်စားလှယ် လစ်လပ်နေသော ညောင်ရွှေမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၁)အတွက် ကြားဖြတ်ရွေးကောက်ပွဲကျင်းပရန် မဲဆန္ဒရှင်စာရင်းများကို နိုဝင်ဘာ ၁ ရက်မှစ၍ ကောက်ယူလျက်ရှိပြီး တစ်အိမ်တက်ဆင်း(Door To Door) စနစ်ဖြင့် ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

မဲဆန္ဒရှင်စာရင်းကောက်ယူရာတွင် မူလ ၂၀၁၅ ခုနှစ် စိစစ်ပြီး မဲဆန္ဒရှင်စာရင်းများကိုအခြေခံ၍ စာရင်းသစ်ကောက်ယူလျက်ရှိကြောင်း၊ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် ဖွဲ့စည်းထားရှိသည့် ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ရပ်ကွက်/ကျေးရွာများရှိ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများ ပူးပေါင်း၍ ကောက်ကွက်များခွဲပြီး ကောက်ယူလျက်ရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ မဲဆန္ဒရှင်စာရင်းကောက်ယူလျက်ရှိသည့် ရပ်ကွက်နှင့်ကျေးရွာများအနက် နန္ဒဝန်ရပ်ကွက်၊ တိလောကျေးရွာအုပ်စုနှင့် မိုင်းသောက်ကျေးရွာအုပ်စုများ၌ စာရင်းကောက်ယူမှုတွင် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နေမျိုးသူရိန်**

## စကျွပါလမျက်စိဆေးရုံ၌ မျက်စိအလုံးရေငါးသောင်းပြည့် အောင်မြင်စွာခွဲစိတ် ကုသိုလ်ပြုနိုင်သည့် အခမ်းအနားကျင်းပ

**မြင်းမူ နိုဝင်ဘာ ၃**
မြင်းမူမြို့နယ် ထီးဆောင်းကျေးရွာရှိ ရွှေရတုတိပိဋက စကျွပါလမျက်စိဆေးရုံ၌ အလင်းလက်ဆောင်ကုသိုလ်တော် မျက်လုံးရေငါးသောင်းပြည့် အောင်မြင်စွာ ခွဲစိတ်ကုသနိုင်သည့် အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာ ၁ ရက်က ကျင်းပခဲ့သည်။

မျက်လုံးရေငါးသောင်းပြည့် အောင်မြင်စွာခွဲစိတ်ကုသနိုင်သည့် အထိမ်းအမှတ်အခမ်းအနားနှင့်အတူ ထိုင်းနိုင်ငံသားအလှူရှင်မိသားစုမှ လှူဒါန်းသော ရေသန့်စင်စက်နှင့် သောက်ရေသန့်စက်ရုံ ဖွင့်ပွဲကိုလည်း ကျင်းပခဲ့သည်။ ရေသန့်စင်စက်နှင့် သောက်ရေသန့်စက်ရုံ ဖွင့်ပွဲတွင် ရွှေရတု တိပိဋကရေ ဆရာတော်၊ အလှူရှင် ထိုင်းနိုင်ငံ Bangkok Airways ကုမ္ပဏီ ဥက္ကဋ္ဌ Mr.Prasartiong Osoth Prasert နှင့် မိသားစုဝင်များက ရေသန့်စက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် တိပိဋက သုဘဒ္ဒါသူနာပြုခန်းမ၌ အလင်းလက်ဆောင်ကုသိုလ်တော် မျက်လုံးရေငါးသောင်းပြည့် အောင်မြင်စွာခွဲစိတ်ကုသနိုင်ခြင်း အထိမ်းအမှတ် ရေစက်ချကုသိုလ်တော် မင်္ဂလာကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ **(၀၇၇)**



ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့ အထက(၁)မှ အသက် ၁၀ နှစ်ပြည့်ပြီးသော ကျောင်းသားကျောင်းသူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး ဦးရဲရင့်ထွန်းက အောက်တိုဘာ ၃၁ ရက်က ကျောင်းသား ကျောင်းသူ ၁၅၄ ဦးအတွက် ပေးအပ်စဉ်
မောင်မောင်နိုင်(ကျိုင်းတုံ)

## မေတ္တာစွမ်းအားလူမှုကယ်ဆယ်ရေးအသင်း ဖွင့်ပွဲကျင်းပ

**သထုံ နိုဝင်ဘာ ၃**
မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအသင်း(RESCUE)၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ဖွင့်လှစ်သော မေတ္တာစွမ်းအား လူမှုကယ်ဆယ်ရေးအသင်း ဖွင့်ပွဲအခမ်းအနားကို အသင်းတည်ရှိရာ မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ကျိုက်ကော်ရပ်ကွက်၌ နိုဝင်ဘာ ၁ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နန္ဒဝင်း၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်သင်းသင်းအိ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မင်း၊ သုဝဏ္ဏဝတီမြို့ အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးဟိန်း၊ မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအသင်း ဥက္ကဋ္ဌ ဦးလှထွန်းနှင့် လူမှုကယ်ဆယ်ရေးအဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

မေတ္တာစွမ်းအား လူမှုကယ်ဆယ်ရေးအသင်းအနေဖြင့် လူနာများအား ဆေးရုံများသို့ သယ်ပို့ကူညီခြင်းကိုလည်းကောင်း၊ ဒေသအတွင်း ပေါ်ပေါက်လာမည့် သဘာဝဘေးအန္တရာယ်များတွင် ကူညီပေးခြင်းကိုလည်းကောင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကာ အကူအညီများလိုအပ်ပါက အသင်းရုံးဖုန်း-၀၉-၇၇၅၃၄၅၅၁၉ နှင့် ၀၉-၇၉၉၈၀၁၅၈၈၈ တို့သို့ ၂၄ နာရီဆက်သွယ်၍ အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။ **နိုင်ဇော်ဗိုလ်**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ဆိုင်ရာ သင်တန်းဖွင့်

**ဂန့်ဂေါ နိုဝင်ဘာ ၃**
လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်နှင့်ပတ်သက်၍ လိုက်နာကျင့်သုံးဆောင်ရွက်ရမည့် ညွှန်ကြားချက်များ ဆင့်ပွားသင်တန်းကို ဂန့်ဂေါမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက ကြီးမှူး၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၃၁ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်က အမှာစကားပြောကြားပြီး မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးဌေးဝင်းအောင်က သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းကို ဆက်လက်ပို့ချခဲ့ပြီး သင်တန်းတွင် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများအား တာဝန်ရှိသူများက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ထုတ်ပေးခြင်း၊ ပြောင်းလဲပြင်ဆင်ပေးခြင်းနှင့် မြေယာအငြင်းပွားမှု ဖြေရှင်းခြင်း၊ အယူခံခြင်း၊ အငြင်းပွားမှုများ ဖြေရှင်းဆုံးဖြတ်ရာတွင် လိုက်နာဆောင်ရွက်ကျင့်သုံးရမည့် ညွှန်ကြားချက်များကို ရှင်းလင်းပို့ချဆွေးနွေးခဲ့ကြသည်။ **(ခရိုင် ပြန်/ဆက်)**

## စမုံမြစ်ရေလျှံ၍ ကျေးရွာများမှ စိုက်ပျိုးသီးနှံများရေနစ်မြုပ် ဒေသခံတောင်သူများ အခက်အခဲကြုံတွေ့နေ

**မြစ်သား နိုဝင်ဘာ ၃**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်၌ အောက်တိုဘာ ၃၀ ရက် ညနေပိုင်းမှစ၍ မိုးအဆက်မပြတ် ရွာသွန်းခဲ့ခြင်းကြောင့် စမုံမြစ်ရေလျှံရာမှတစ်ဆင့် သစ်တက်ကုန်းရေလွှဲဆည်အတွင်းသို့ ရေများဝင်ရောက်ကာ ထိုမှတစ်ဆင့် ဆည်အနီးရှိ လယ်ယာမြေများပေါ်သို့ ရေများဝင်ရောက်ခဲ့ကြောင်း သိရသည်။

လယ်ယာမြေများအတွင်းသို့ ဝင်ရောက်သောရေများကြောင့် စိုက်ပျိုးသီးနှံများ ရေနစ်မြုပ်ခဲ့ကာ ရေဝင်ရောက်သော ကျေးရွာအုပ်စုများရှိ ဒေသခံတောင်သူများမှာ အခက်အခဲများစွာ ကြုံတွေ့နေရကြောင်း ဒေသခံတောင်သူများ၏ ပြောကြားချက်အရ သိရသည်။ "ကျွန်တော်တို့ကျေးရွာအပါအဝင် ကျေးရွာအုပ်စုအတော်များများက ဒေသခံတောင်သူတွေရဲ့စိုက်ပျိုးသီးနှံတွေ အခုမိုးရွာသွန်းမှုနဲ့ စမုံမြစ်ရေလျှံမှုကြောင့် ရေနစ်မြုပ်နေပြီး အခက်အခဲများ ဖြစ်ပေါ်နေရပါတယ်။ မြစ်သားမြို့နယ်မှာ မိုးရွာသွန်းပြီး စမုံမြစ်ရေလျှံလို့ အခုလို ဒေသခံတောင်သူတွေရဲ့လယ်ယာမြေ လူနေအိမ်များအထိ ရေဝင်ရောက်တာ သုံးလေးကြိမ် ရှိနေပါပြီ။ ဒီလို စိုက်ပျိုးသီးနှံတွေ၊ လူနေအိမ်တွေ ရေနစ်မြုပ်တာနဲ့ပက်သက်ပြီး မြို့နယ်က စာရင်းကောက်တာတို့၊ အကူအညီပေးတာတို့တော့ မရှိသေးပါဘူး။ ဒါကြောင့် ကျွန်တော်တို့အခက်အခဲကို တာဝန်ရှိသူတွေအနေနဲ့ လာရောက်အကူအညီပေးစေလိုပါတယ်"ဟု တောင်သူတစ်ဦးက ပြောသည်။

မြစ်သားမြို့နယ် ဆည်မြောင်းဦးစီးဌာနမှ သစ်တက်ကုန်းဆည်နှင့်ပတ်သက်၍ တာဝန်ရှိသူ ဦးစီးအရာရှိဦးအေးသန်းထိုက်က "မိုးရွာသွန်းပြီး စမုံမြစ်ရေလျှံလာတာကြောင့် သစ်တက်ကုန်းရေလွှဲဆည် ရေတံခါး သုံးချပ်လုံးကို ဖွင့်ပေးထားပါတယ်။ ကျွန်တော်တာဝန်ယူဆောင်ရွက်နေတဲ့ သစ်တက်ကုန်းရေလွှဲဆည်ကနေ ဒေသတွင်း ကျေးရွာအုပ်စုများအတွင်း ရေဝင်ရောက်ပြီး စိုက်ပျိုးသီးနှံတွေမဆုံးရှုံးရအောင် ဆောင်ရွက်ပေးထားသော်လည်း ဒီနေ့ စမုံမြစ်ရေလျှံပြီး ရေတွေအရမ်းဝင်ရောက်လာတာကြောင့် လောလောဆယ် စောင့်ကြည့်နေရပါတယ်"ဟု ပြောသည်။

မြစ်သားမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်ကမူ မြစ်သားမြို့နယ်အတွင်းမှ ရေနစ်မြုပ်သည့် သီးနှံစိုက်ခင်းများ၊ လူနေအိမ်များနှင့်ပတ်သက်၍ ယနေ့အထိ ထောက်ပံ့မှုများ မရှိသေးကြောင်း၊ တောင်သူများအနေဖြင့်လည်း ရေနစ်မြုပ်မှုနှင့် ပတ်သက်ပြီး ဆုံးရှုံးမှုများလည်း မရှိသေးကြောင်း၊ လက်ရှိအချိန်တွင် ရေနစ်မြုပ်သည့် ကျေးရွာအုပ်စုများအထိ ကွင်းဆင်းကြည့်ရှုနေပြီး ယခုအခါ ရေလည်းပြန်ကျနေပြီ ဖြစ်ကြောင်း ပြောသည်။



နေအိမ်များအထဲထိ ရေဝင်ရောက်နေသော ကျေးရွာအုပ်စုတစ်စု

အောက်တိုဘာ ၃၀ ရက်က ရွာသွန်းခဲ့သောမိုးကြောင့် စမုံမြစ်ရိုးတစ်လျှောက် မြစ်ကမ်းအနီးဝန်းကျင်ရှိ ကျေးရွာအုပ်စုများနှင့် သစ်တက်ကုန်းရေလွှဲဆည်အနီးရှိ ကျေးရွာအုပ်စုများအတွင်း ရေများဝင်ရောက်ကာ လယ်ယာမြေများတွင် စိုက်ပျိုးထားသော မိုးစပါး၊ ကြက်သွန်နှင့် အခြားသီးနှံများ ဆုံးရှုံးပျက်စီးခဲ့ကြောင်းနှင့် ဒေသခံကျေးလက်နေပြည်သူများအနေဖြင့် အခက်အခဲများဖြစ်နေကြကြောင်း သိရသည်။
**ကျော်ကျော်(မလှိုင်)**

## ဖျာပုံမြို့တွင်းလမ်းများ ပေါက်ပြဲပျက်စီးနေသဖြင့် ပြုပြင်ပေးရန် ပြည်သူများဆန္ဒရှိနေ

**ဖျာပုံ နိုဝင်ဘာ ၃**
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့၌ ယခုနှစ် မိုးရာသီကာလအတွင်း မြို့တွင်းလမ်းများ ရေဝပ်၍ ပေါက်ပြဲကာ ချိုင့်ခွက်များ ဖြစ်ပေါ်ပြီး အထူးသဖြင့် မြို့ဝင်ချောင်းတွင်းတံတားမှ ဖျာပုံတံတားအထိ ကားလမ်းမကြီးတွင် လွန်စွာဆိုးရွားစွာ ချိုင့်ခွက်များ၊ ရေဝပ်မြောင်းများဖြစ်ပေါ်နေခြင်းကြောင့် ပြည်သူများ ခရီးသွားလာရာတွင် အခက်အခဲများရှိကာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်များပါ ကြုံတွေ့နိုင်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဖျာပုံမြို့က ဒီနှစ်မှာ မိုးရွာသွန်းမှုများလွန်းလို့ ကတ္တရာလမ်းတွေ ရေဝပ်ပြီး ပျက်စီးကုန်တာပါ။ ဒါကိုအချိန်မီပြန်လည်ပြုပြင်မှုတွေမလုပ်နိုင်တော့ ပိုဆိုးလာတာပေါ့။ မြောက်ပိုင်း ချောင်းတွင်းလမ်းမကြီးနဲ့ မြို့တွင်း ရတနာလမ်းတစ်လျှောက်မှာ ကားတွေ၊ ဆိုင်ကယ်တွေ သွားမရလောက်အောင်ကို ရေဝပ်ပြီး ချိုင့်ခွက်တွေဖြစ်နေလို့ ချိုင့်ခွက်ရှောင်ရင်း မတော်တဆ ယာဉ်တိုက်မှုတွေဖြစ်နေတာကြောင့် သက်ဆိုင်ရာက အမြန်ဆုံးပြန်လည်ပြုပြင်ပေးဖို့ လိုအပ်နေပါတယ်"ဟု ချောင်းတွင်းလမ်းမကြီးနေ ပြည်သူတစ်ဦးက ပြောသည်။



ဖျာပုံမြို့တွင်း ချောင်းတွင်းလမ်းမကြီးသည် ဖျာပုံ ရန်ကုန်အဝေးပြေးကားလမ်းမကြီးနှင့် ဆက်စပ်လျက်ရှိပြီး မြို့တွင်း ရတနာလမ်းသည်လည်း ခရီးသည်တင်ကားများ၊ ကုန်တင်ယာဉ်ကြီးများ၊ ဆီဘောက်ဆာကားကြီးများ နေ့စဉ်သွားလာနေခြင်းကြောင့် ပြုပြင်နိုင်ခြင်းမရှိသော ရေဝပ်ချိုင့်ခွက်များမှာ ပိုမိုဆိုးရွားစွာပျက်စီးကာ မြို့နေပြည်သူများ၊ ခရီးသွားပြည်သူများ၊ ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကြုံတွေ့နိုင်သဖြင့် တာဝန်ရှိ ဌာနဆိုင်ရာများအနေဖြင့် အမြန်ဆုံးပြန်လည်ပြုပြင်ပေးရန် ဒေသခံပြည်သူများက ဆန္ဒရှိနေကြသည်။
**ချမ်းသာ(ဖျာပုံ)**

## သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် ဝါစိုက်ပျိုးထားမှု တောင်သူပညာပေးပြပွဲပြုလုပ်

**စလင်း နိုဝင်ဘာ ၃**
မင်းဘူးခရိုင် စလင်းမြို့နယ်အတွင်းမှ ဝါစိုက်တောင်သူများ ဝါအထွက်နှုန်း ပိုမိုကောင်းမွန်စေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးထားသည့် ရွှေတောင်-၈ ချည်မျှင်ရှည်ဝါ ငါးဧကစိုက်ကွက်နှင့် ငွေချည်-၆၊ရွှေတောင်-၈၊ ငွေချည်-၉ ချည်မျှင်ရှည်ဝါမျိုးများ ယှဉ်ပြိုင်စိုက်ပျိုးထားမှုအခြေအနေများကို အောက်တိုဘာ ၂၉ ရက်က တောင်သူများအား ပညာပေးကွင်းပြပွဲပြုလုပ်ခဲ့သည်။

ကွင်းပြပွဲတွင် မင်းဘူးခရိုင်စိုက်ပျိုးရေးဦးစီးဌာန စက်မှုသီးနှံဌာနခွဲမှ ဦးစီးအရာရှိ ဒေါ်ခင်စန္ဒာဦးက ချည်မျှင်ရှည်ဝါများ၏ မျိုးအလိုက် အရည်အချင်းနှင့် လက္ခဏာများကိုလည်းကောင်း၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး စလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးအောင်မျိုးဝေက ရွှေတောင်-၈ ချည်မျှင်ရှည်ဝါကို သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ဖြင့် ယခုနှစ်တွင် စတင်စိုက်ပျိုးခဲ့ကြောင်း၊ ရွှေတောင်-၈ ချည်မျှင်ရှည်ဝါသည် အကိုင်းအလက် ပိုမိုများပြီး အသီးပိုထွားကြောင်းနှင့် တစ်ဧကလျှင် ပိဿာတစ်ထောင်အထိ ထွက်ရှိနိုင်ကြောင်း၊ တောင်သူများအနေဖြင့် မိမိတို့၏ မြေအနေအထား၊ ရာသီဥတုအခြေအနေများနှင့် ကိုက်ညီမည့် ဝါအမျိုးအစား၊ အထွက်နှုန်းကောင်းစေမည့် ဝါအမျိုးအစားကို ရွေးချယ်စိုက်ပျိုးနိုင်ရန်အတွက် ငွေချည်-၆၊ ရွှေတောင်-၈၊ ငွေချည်-၉ ချည်မျှင်ရှည်ဝါများကိုလည်း မျိုးယှဉ်ပြိုင်စိုက်ပျိုးပြထားကြောင်း၊ နောင်လာမည့်နှစ်တွင် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးထားသည့် ရွှေတောင်-၈ ချည်မျှင်ရှည်ဝါမျိုးကို တောင်သူများ စနစ်တကျစိုက်ပျိုးနိုင်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ရွှေတောင်-၈ ချည်မျှင်ရှည်ဝါ စံပြစိုက်ကွက်နှင့် ချည်မျှင်ရှည်ဝါများ မျိုးယှဉ်ပြိုင်စိုက်ကွက်ကို ဒေသခံတောင်သူများက ကြည့်ရှုလေ့လာခဲ့ကြသည်။ **ဇွဲထက်ရှင်**

## သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**သဲကုန်း နိုဝင်ဘာ ၂**
သဲကုန်းမြို့နယ်တွင် မြစိမ်းရောင်ရန်ပုံငွေများကို တတိယအကြိမ်အဖြစ် မိုးတိမ်ပြင်ကျေးရွာအုပ်စု ရုံးပင်ကျေးရွာ၌ စိုက်ပျိုးသူတောင်သူများအား ထုတ်ချေးပေးခဲ့သည်။ ယင်းထုတ်ငွေဖြင့် သီးနှံစိုက်ခင်းများ စိုက်ပျိုးလျက်ရှိရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။ အဆိုပါ ကျေးရွာရှိ မြစိမ်းရောင်သီးနှံစိုက်ခင်းများသို့ အောက်တိုဘာ လကုန်ပိုင်းက မြို့နယ်ကျေးလက်ဦးစီးဌာနမှ တာဝန်ရှိသူက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ၂၀၁၆-၂၀၁၇ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲ တောင်ငူ၌ကျင်းပ

**တောင်ငူ နိုဝင်ဘာ ၂**
နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့နယ် ဆင်ဆိပ်ကျေးရွာအုပ်စု ကွင်းအမှတ် (၅၆၁-က)၊ ဦးပိုင်အမှတ်(၃၃/၂)ရှိ တောင်သူဦးကျော်စိုး စိုက်ပျိုးထားသော ရှောမင်းစပါးမျိုး မိုးစပါး ၀ ဒသမ ၁၀ ဧကကို စပါးရိတ်စက်ဖြင့် စံကွက်ရိတ်သိမ်းရာ တစ်ဧကအထွက်နှုန်း ၁၀၃ ဒသမ ၇၅ တင်း(အစို) ထွက်ရှိခဲ့သည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပဲခူးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး၊ ခရိုင်အတွင်းရှိ ခရိုင်/မြို့နယ် ဦးစီးဌာနမှူးများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ဆန်ကုန်သည်ကြီးများအသင်းမှ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြကြောင်း သိရသည်။ **ကျော်လှ(တောင်ငူ)**

READY TO TAKE ON THE WORLD

# CONGRATULATIONS!

## TO OUR GRADUATION CLASS OF 2016

VICTORIA UNIVERSITY COLLEGE (MYANMAR) တွင် တက်ရောက်ပြီး အင်္ဂလန်နိုင်ငံ အစိုးရပိုင် UNIVERISTY OF WOLVERHAMPTON မှ ဂုဏ်ထူးတန်း ဒီဂရီဘွဲ့ကို ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသားကျောင်းသူများကို VUC မှ မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

### Bachelor of Arts with Honours Business Management

Po Po Eaindra Chit
Thin Lei Ko
Wai Linn
Thet Tin Nyunt
Phyo Paing Oo
May Zin Phoo Phoo
Ei Ei Phyu
Thiri Htike San
Lwin Phyu Sin
Nann Khine Myat Thu
Chit Su Thwe
Phyoe Thit Kyaw Zawe

### Bachelor of Engineering with Honours - Mechatronics

Toe Ye Aung
Phyoe Thiha Kyaw
Soe Gon Yaung Lin
May Thinzar Myo
Kaung Chit Soe

### Bachelor of Engineering with Honours - Electronics and Communications Engineering

Kyaw Soe Han

### Bachelor of Engineering with Honours - Civil Engineering (International)

Aye Myat Su Aung
Ei Mon Mon Aung
Hein Htet Aung
Phone Thit Aung
Soe Chan Myae Aung
Tauk Htun Thurein Aung
Toe Htet Aung
Ye Myat Aung
Poe Hnin Ei
Naw May Sandy Ko Gyi
Thae Su Hlaing
Aung Ye Htet
Kyaw Zin Htet
Sandi Hsu Htet
Shumawa Lay Htet
Than Htoo
Hnin Inzali
Aung Khant

Phyu Thwe Khine
May Thin Kyan
Aye Pyae Mon Kyaw
May Chan Myae Kyaw
Pyae Phyo Kyaw
Zay Ye Kyaw
Tun Lin
Kaung Khant Linn
Kyaw Phyo Linn
Chan Myae Thet Mon Lwin
Hnin Kay Zin Lwin
Phyo Zar Lwin
Aung San Min
Aye Chan Moe
Ei Chal Mon
Langh Sum Mung
Kay Khine Myat
Thin Sapal Myint

Pyae Phone Hein Myint Soe
Kyaw Lin Naing
Saw Yan Naing
Su Pyae Nandar
Myat Noe
April Htun Oo
Aung Min Oo
Shine Min Oo
Ye Shwe Oo
Kaung Set Paing
Aung Pyae Phyo
Ye Min Phyo
Wine Thiri Phyoe
Ying San
Naw Htoo Htoo Say
Thet Htar Seasar
Honey Sett
Khine Lin Soe
Thandar Soe

Wathon Pyae Sone
Thet Htar Swe
Su Myat Thaw
Thi Ha
San Thiha
Hsu Thit Sar
Eaint Kyi Thu
Moe Min Thu
Pye Phyo Thu
Thazin Myint Thwin
Yadanar Tun
Phone Pyae Wa
Aung Zaw Win
Htet Wai Yan
Hnin Wut Yee
Pyae Hmu Zaw
Theint Thiri Zaw
Khin Phyu Zin
Myint Tha Zin

NOV 25 ရက်နေ့တွင် ကျင်းပမည့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် *University of Wolverhampton* မှ *Vice Chancellor* ကိုယ်တိုင် ချီးမြှင့်ပေးအပ်ပါမည်။

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဗိုလ်မှူးကြီးကြည်ဟန် (ငြိမ်း)
### မော်ကွန်းဝင်(ပထမဆင့်)၊ နိုင်ငံ့ဂုဏ်ရည်(ဒုတိယဆင့်)
### အသက်(၉၃)နှစ်

အထက(ဗထူး) ယခင် တပ်မတော်ကလေးများ အထက်တန်းကျောင်း၊ ကျောင်းသားဟောင်း ဦးကြည်လှဟန်၊ ဦးချမ်းဟန်၊ဦးအောင်လှဟန်၊ ဒေါက်တာစုလှဟန်တို့၏ဖခင်ကြီး၊ ဦးဆန်းထွန်း၊ ဒေါ်ယဉ်ယဉ်သောင်းတို့၏ဘကြီး ဗိုလ်မှူးကြီးကြည်ဟန်(ငြိမ်း) (ဗထူးတပ်နယ်မှူးဟောင်း)သည် ၂၇-၁၀-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဆရာ/ဆရာမဟောင်းများနှင့်ကျောင်းသား/ကျောင်းသူဟောင်းများ**
**အထက(ဗထူး)ယခင်တပ်မတော်ကလေးများအထက်တန်းကျောင်း**

## ဦးလှသင်း (မြောင်းမြမြို့)
### အသက်(၈၄)နှစ်

မြောင်းမြမြို့၊ (၈)ရပ်ကွက်၊ ၁၂လမ်း၊ အမှတ် ၁၃၀နေ ဒေါ်ကျင်ပွင့်၏ခင်ပွန်း၊ ဦးခင်မောင်ဝင်း (ဦးဆောင်ညွှန်ကြားရေးမှူး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)-ဒေါ်လင်းလင်းသန့်၊ ဦးခင်မောင်စိုး-ဒေါ်ချိုချို၊ ဦးမြလွင်-ဒေါ်စန်းစန်းနွယ်တို့၏ဖခင်၊ မြေး ခုနစ်ယောက်တို့၏အဘိုးသည် ၃-၁၁-၂၀၁၆ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁း၅၀ နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၁-၂၀၁၆ရက်(စနေနေ့) နံနက် ၁၀နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း
## ဦးလှသင်း (မြောင်းမြမြို့)
### အသက်(၈၄)နှစ်

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်း-ဒေါ်လင်းလင်းသန့်တို့၏ချစ်လှစွာသောဖခင် ဦးလှသင်းသည် ၃-၁၁-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အင်ဂျင်နီယာချုပ်နှင့်ဝန်ထမ်းများ**
**အပူစွမ်းအင်သုံးစက်ရုံများဌာန**

## ဗိုလ်မှူးကိုကိုဦး အသက်(၄၄)နှစ်
### BC-25845၊ တေဇ(၂၁)
### ညွှန်ကြားရေးမှူး(ငွေတိုက်ဦးစီးဌာန)
### စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရှုခင်းသာအဆင့်မြင့်အိမ်ရာနေ (ဦးတင်ငွေ)-ဒေါ်သန်းအေးတို့၏သား၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်နေ (ဦးသောင်းညွန့်)-ဒေါ်ခင်ရီတို့၏သားသမက်၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပညာသိဒ္ဓိရပ်ကွက်၊ ခရေအိမ်ရာ၊ အမှတ် ၁၅၊ အခန်း ၀၄နေ ဒေါ်ဝင်းပပသောင်း၏ချစ်လှစွာသောခင်ပွန်း၊ မဖူးပွင့်ကိုကို(First Year, BA English)၊ မောင်ဟန်ထွန်းစိုး(Grade 8, CAE)တို့၏ဖခင်သည် ၃-၁၁-၂၀၁၆ရက် နံနက် ၃း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၁-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေပြည်တော် ခုတင်-၁၀၀၀ ဆေးရုံမှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၁၁-၂၀၁၆ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# အထူးဝမ်းနည်းကြေကွဲခြင်း

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကိုကိုဦး အသက်(၄၄)နှစ်သည် ၃-၁၁-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၃း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန**
**ငွေတိုက်ဦးစီးဌာန**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကိုကိုဦး(ငြိမ်း) အသက်(၄၄)နှစ်
### BC25845၊ တေဇ(၂၁)
### ညွှန်ကြားရေးမှူး(ငွေတိုက်ဦးစီးဌာန)
### စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကိုကိုဦး အသက်(၄၄)နှစ်သည် ၃-၁၁-၂၀၁၆ရက်(ကြာသပတေးနေ့) နံနက် ၃း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်သင်ဗိုလ်လောင်းအမှတ်စဉ်(၂၁)မှသူငယ်ချင်းများ**

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်ခင်မြလေး(ခ)မမြ
### အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဒေါနလမ်း၊ အမှတ် ၈နေ (ဦးအောင်ဒင်)-ဒေါ်ခင်နုတို့၏သမီး၊ ဦးလှဒင်၏ချစ်လှစွာသောဇနီး၊ ဦးမြမင်းဒင်-ဒေါ်မွန်မွန်သိန်း၊ ဦးလှမင်းဒင်-ဒေါ်နီလာဦးတို့၏မိခင်၊ မောင်ပိုင်ဖြိုးမြတ်ဒင်၏အဘွား၊ (ဦးခင်အောင်လင်း) - နော်အားမူကြီး၊ ဒေါ်ခင်ဖြူလေး-(ဦးသန်းစိုး)၊ ဒေါ်မိမိလေး-ဦးသန်းစိုး၊ ဦးခင်မောင်လေး(ခ)ဒင်နီ - ဒေါ်ချောစုတို့၏ အစ်မသည် ၃-၁၁-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁၀း၅၆နာရီတွင် နေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၅-၁၁-၂၀၁၆ရက်(စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရွာမနှစ်ခြင်းခရစ်ယာန်အသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးချွန်ဟုတ်(ခ)ဦးသိန်းလွင်
### ငွေသစ္စာပွဲရုံ
### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သစ်တောလမ်း၊အမှတ် ၁၀၄/ကနေ(ဦးကျင်ဝှက်-ဒေါ်မုန်း)တို့၏သား၊ ဒေါ်စန်း၏ချစ်လှစွာသောခင်ပွန်း၊ ဦးမြင့်ဝေ-ဒေါ်နှင်းဆီ၊ ဦးမြင့်လွင်(ငွေသစ္စာပွဲရုံ)-ဒေါ်တင်တင်အေး၊ ဦးမြင့်နိုင် (Lion စတိုးဆိုင်သုံးပစ္စည်းများအရောင်းဆိုင်) - ဒေါ်ထွေးထွေးမွန်၊ ဦးဇော်မျိုးထိုက် (Parity Computer) - ဒေါ်ခင်ခင်လေးတို့၏ချစ်လှစွာသောဖခင်၊ မြေးရစ်ယောက်တို့၏အဘိုးသည် ၃-၁၁-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၈နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၅-၁၁-၂၀၁၆ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီနှင့် အထွေထွေရောဂါကုဆေးရုံသစ်ကြီး (ဂျပန်ဆေးရုံ) မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ရေးတင်
### ပုသိမ် (ကန်ကြီးထောင့်)
### အသက်(၉၉)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည်အထက် ၁၃လမ်း၊ အမှတ် ၄၅၅/ကနေ (ဦးမောင်ကြီး-ဒေါ်ချစ်)တို့၏သမီး၊ (ဦးကျော်ဝင်း-ဒေါ်ခင်မေ)၊ (ဦးစိန်ဝင်း-ဒေါ်မြရီ)၊ (ဦးအမွန်-ဒေါ်တင်ရွှေ)၊ (ဒေါ်သန်းတင်)တို့၏အစ်မကြီး၊ ဦးသန်းရှိန်-ဒေါက်တာဒေါ်ခင်သက်ဝင်း၊ ဦးမြင့်စိုးဝင်း-ဒေါ်ခင်စန်းရီ၊ ဦးကျော်လွင်-ဒေါ်ခင်ပြုံးဝင်း၊ ဗိုလ်ချုပ်ကြီးလှဌေးဝင်း(ငြိမ်း)-ဒေါ်မာမာဝေ၊ ဦးစိုးဝင်း-ဒေါ်ရီရီဝင်း၊ ဦးဝင်းနိုင်-ဒေါ်တင်တင်ဝင်း၊ (ဗိုလ်မှူးချုပ်ထွေးဝင်း)-ဒေါ်လှလှဝေ၊ ဒေါ်ယုယုအောင်၊ ဦးအောင်ကျော်ကျော်-ဒေါ်ကြည်ကြည်မာ၊ ဦးသန့်ဇင်ဝင်း(အကောက်ခွန်)-ဒေါ်သီသီအေးတို့၏အဒေါ်ကြီး၊ မြေး ၂၀၊ မြစ် ၁၂ယောက်တို့၏အဘွားသည် ၂-၁၁-၂၀၁၆ရက် ညနေ ၅း၅၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၁-၂၀၁၆ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး
## ဒေါ်သောင်းကြည်
### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ သီရိမင်္ဂလာလမ်း၊ က/၃၆၊ နှင်းသပြေခြံနေ (ဦးပွေ့ယာ-ဒေါ်ကျင်မွေး)တို့၏သမီး၊ (ဦးချစ်စိန်)၏ဇနီး၊ (ဦးကံထွန်း)၊ ဒေါ်မြင့်မြင့်ကြူ-ဦးကျော်ဝင်း၊ ဒေါ်တင်ဌေးရီ-ဦးစိုးကြည်(ဆရာမပါတိတ်ဆိုင်)၊ ဦးလှထွန်း(C/E-MTM Shipping Co.,Ltd.)-ဒေါ်နန်းဝိုး(နှင်းသပြေအထည်ဆိုင်)၊ ဒေါ်မြင့်မြင့်စိန်-ဦးအောင်ကြည်(ဒေဝီဆိုလိုပါတိတ်ဆိုင်)၊ ဒေါ်ကြည်ကြည်စိန်-ဦးမြင့်ဟန်(ရွှေအိုးကြီးပါတိတ်ဆိုင်)၊ ဒေါ်ကြည်ကြည်နွယ်-ဦးချွန်ချန်ခွန်(ရွှေပန်းသီး အထည်ဆိုင်)တို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၀ယောက်တို့၏အဘွားသည် ၂-၁၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၁-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် ရေဝေးဖုကျန့်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၈-၁၁-၂၀၁၆ရက်(အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်သန်းရှင်(ခ)ဒေါ်မာ (မြိတ်)
### အသက်(၇၉)နှစ်

မြိတ်မြို့၊ ဆိပ်ငယ်ရပ်နေ (ဦးဘအင်း-ဒေါ်ဖွားရှင်)တို့၏သမီး၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ မဟာဗန္ဓုလလမ်းနှင့် ၅၃လမ်းထောင့်၊အမှတ် ၁၆၃/၁၆၉နေ [ဗိုလ်မှူးမောင်မောင်ကြီး(လေ၊ ငြိမ်း)-ဒေါ်ခင်လှလှ]၊(ဒေါ်ညွန့်တင်)၊ (ဒေါ်စိန်ကြည်)၊ (ဦးဘသန်း)-ဒေါ်ခင်သိန်းတင်၊ [ဗိုလ်မှူးကြီးကိုလေး(ရေ၊ ငြိမ်း)-ဒေါ်အုန်းသင်]၊ ဆရာမဒေါ်တင်ရီ၊ ဦးပါ(ခ)ဦးလှတင်တို့၏ညီမသည် ၂-၁၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၈-၁၁-၂၀၁၆ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်စန်းမြင့် (လားရှိုး)
### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ ရတနာမွန်အိမ်ရာ၊ တိုက် 1-B၊ အခန်း၂၀၃နေ(ဦးရွှေဖုန်း-ဒေါ်အုန်းမြင့်)တို့၏သမီး၊ (ဦးသောင်း-ဒေါ်လှမြင့်)တို့၏သမီးချွေးမ၊ (ဦးသန်းထွန်း)-ဒေါ်သန်းရှင်၊ (ဦးဗစိန်) - ဒေါ်မြသန်း၊ (ဦးသိန်းဇံ-ဒေါ်ကျော့စိန်)၊ ဦးကျော်လွင်-ဒေါ်နန်းခင်မေ၊ ဦးမြင့်သိန်း-(ဒေါ်တင်အောင်ရင်)တို့၏ညီမ၊ ဦးတင်မောင်ဝင်း-ဒေါ်ခင်ထွေးမြင့်၊ ဦးမျိုးမြင့်တို့၏အစ်မ၊ ဦးမေအောင်၏ချစ်လှစွာသောဇနီးသည် ၂-၁၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀း၄၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၃-၁၁-၂၀၁၆ရက် (ကြာသပတေးနေ့)နံနက် ၁၁နာရီတွင်ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဒေါ်အေးအေးခိုင်(ခ)အာစမံ
### (မြန်မာ့သစ်လုပ်ငန်း)
### သစ်ထုတ်ရေးဌာန(ရုံးချုပ်)
### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၉၂လမ်း၊ အမှတ် ၆၉၊ ၅လွှာ(ယာ)နေ(ဦးရွှေမျက်မှန်-ဒေါ်မူတာ)တို့၏ သမီး၊ (ဦးမြင့်သိန်း)-ဒေါ်လှမြင့်၊ (ဦးစိုးလွင်)-ဒေါ်ညွန့်ညွန့်ခင်၊ ဦးမြင့်တင်(သစ်ထုတ်ရေး၊ ငြိမ်း)-ဒေါ်ခင်ခင်ချို (သစ်ထုတ်ရေး၊ ငြိမ်း)၊ ဦးအောင်လွင် (မြို့တော်စည်ပင်၊ ငြိမ်း)-ဒေါ်ရီရီဝင်း (မြို့တော်စည်ပင်၊ ငြိမ်း)တို့၏ညီမ၊ ဒေါ်နော်၊ ဒေါ်ချို၊ (ဦးစံလွင်)-ဒေါ်သန်းသန်းဌေးတို့၏အစ်မ၊ ကိုအောင်ပြည့်ဖြိုးထွန်း-ဒေါ်ယမင်းအေးတို့၏မိခင်၊ မရွှန်းလဲ့ရည်မွန်ထွန်း၊ မောင်ဘုန်းသစ်ထွန်းတို့၏အဘွားသည် ၂-၁၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၂၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၃-၁၁-၂၀၁၆ရက် (ကြာသပတေးနေ့) ဇဟိုရ်အပြီးတွင် ရေဝေးကဗရ်စတန်၌ဒါဖွာနာပြီးဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူညီအစ်ကိုမောင်နှမ မိသားစုများ

### မြိတ်မြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်သန်းရှင် (မြိတ်)
### အသင်းဝင်အမှတ်(၂၉၄၁)
### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄)ရပ်ကွက်၊ မဟာဗန္ဓုလလမ်းနှင့် ၅၃ လမ်းထောင့်၊ အမှတ် ၁၆၃/၁၆၉နေ (ဦးဘအင်း - ဒေါ်ဖွားရှင်)တို့၏ သမီးသည် ၂-၁၁-၂၀၁၆ရက်တွင်ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

## ဦးရွှေလှဝင်း
### အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေး၊ ရေကူးရွာမလမ်း၊ အမှတ် ၁၃၈ (က)နေ [အရာခံဗိုလ်မောင်ထွန်း(ငြိမ်း)]-ဒေါ်ဝင်းတို့၏သား၊ (ဦးလှမြင့်-ဒေါ်ဌေးဟန်)၊ (ဦးလှမြင့်)-ဒေါ်နုနုအေး(လ/ထညွှန်မှူး၊ ငြိမ်း၊ စက်မှု-၂၊ ဝန်ကြီးရုံး)၊ ဦးသန်းထွန်း(ဒု-ဌာနမှူး၊ ငြိမ်း၊ ရေ/သန့်၊ မြို့တော်စည်ပင်) - ဒေါ်စုစုအေး (အလပြ၊ ငြိမ်း၊ မ/၃၉၊ သာကေတ)၊ ဦးထွန်းဝင်း-ဒေါ်တင်တင်ဝင်း(လ/ထမန်နေဂျာ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၊ ဦးစိုးဝေ-ဒေါ်ဘေဘီ၊ ဦးမျိုးသန့်-ဒေါ်စန်းစန်းအေးတို့၏ညီ/မောင်၊ ဦးစောနိုင် (လ/ထမန်နေဂျာ၊ ငြိမ်း၊ ကျောက်မျက်ပြတိုက်၊ ရန်ကုန်) - ဒုရဲအုပ် ခင်သီတာကျော် (Tourist Police)၊ ဦးလှဟန် (S.R Shipping Co.,Ltd.)-ဒေါ်သန်းသန်းဌေး၊ ဒုဗိုလ်မှူးကြီးထွန်းထွန်းထွေး (ငြိမ်း) (ညွှန်ကြားရေးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန)-ဒေါ်ရီရီအေးတို့၏ အစ်ကို၊ တူ/တူမ ၁၆ယောက်တို့၏ဦးလေး၊မြေး ငါးယောက်တို့၏အဘိုးသည် ၂-၁၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၅း၂၀နာရီတွင် မြောက်ဥက္ကလာပ ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၁၁-၂၀၁၆ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၁၁-၂၀၁၆ရက် (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ပုလောမြို့နယ်အသင်း(ရန်ကုန်)
## ဦးကြည်ဟန်(ပုလော/ရှပ်ပုံရွာ)
### အသင်းဝင်အမှတ် ၃၃၄၅
### အသက်(၈၄)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ရှပ်ပုံရွာနေ ဒေါ်မြကြူ၏ ခင်ပွန်းသည် ၃၁-၁၀-၂၀၁၆ရက် (တနင်္လာနေ့) ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၁-၂၀၁၆ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ရှပ်ပုံရွာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

## ဦးခင်မောင်အေး
### (ပ-ဘူမိဗေဒအရာရှိ၊ ငြိမ်း)
### MOGE
### အသက်(၇၄)နှစ်

မန္တလေးမြို့နေ ရွှေကုန်သည် (ဦးဘသိန်း-ဒေါ်သန်းမေ)တို့၏သား၊ (ဦးအေးမောင်)၊ (ဦးဌေးမောင်)၊ ဦးအုန်းမောင်၊ (ဦးစောမောင်)၊ ဒေါ်မြင့်မြင့်၊ (ဒေါ်ရီရီ)တို့၏ညီ/မောင်၊ ဒေါ်မာမာ၏အစ်ကို၊ Mrs. Akiko Mizuno ၏ ချစ်လှစွာသောခင်ပွန်း၊ ကိုရဲဝင်းအေး(ခ)Dai-chi Mizuno (Representive Director and President Senior Director, Japan Sales- Mrs Mayuko Mizuno၊ ကိုရဲထွန်းအေး(Lucky Face Company Limited) - မဝင်နီထိုက် (Sukiya စားသောက်ဆိုင်)တို့၏ဖခင်၊ Ririka Mizuno, Himeka Mizuno၊ တည်ကြည်ကောင်းမြတ်(ILBC PII)၊ Ryuta Mizuno ၊ အမရာမေတို့၏ အဘိုးသည် ၂-၁၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၆း၂၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [အမှတ် ၃၂၇၊ မဟာသီရိလမ်း၊ (၃၇)ရပ်ကွက်၊ မြောက်ဒဂုံ နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၈-၁၁-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကျော်ဝင်း (မော်လမြိုင်)
### အသက်(၆၇)နှစ်

မော်လမြိုင်မြို့၊ ဘိုကုန်းရပ်၊ အမှတ် ၂၇၊ မင်္ဂလာလမ်းနေ (ဦးသောင်းဖေ-ဒေါ်ကျင်သိန်း)တို့၏သား၊ ဒေါ်တင်တင်ထွေး၏ခင်ပွန်း၊ ဦးဝင်းမင်းထွန်း-ဒေါ်သူဇာဝင်း၊ ဦးနေလင်းအောင် (Inn Pauk Wa Co.,)-ဒေါ်ခိုင်ဇာဇာထွန်း၊ ကိုချစ်ကိုကိုထွန်း(Mobitle Co.,Ltd)၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၂-၁၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ည ၁၁း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၁-၂၀၁၆ရက် (သောကြာနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [တာမွေမြို့နယ် အမှတ် ၉၊ ငါးလွှာ(B)၊ နတ်ချောင်း ၃လမ်း၊ နတ်ချောင်းရပ်ကွပ် နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။] [ကွယ်လွန်သူအား ရည်စူး၍ ၈-၁၁-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
## ဦးမြင့်ဝင်း
### (ဒို့ညီနောင်-အုတ်၊ သဲ၊ ကျောက် ရောင်းဝယ်ရေး)
### အသက်(၆၀)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့် ၅လမ်း၊ အမှတ် ၅နေ ဒေါ်သိန်းမြင့်၏ခင်ပွန်း၊ ဦးဝင်းမင်းဦး-ဒေါ်ခိုင်ယဉ်မွန်၊ မောင်စိုးမင်းအောင်-မမိုမိုသက်၊ မောင်ငြိမ်းချမ်းအောင်-မကြူကြူခိုင်ဝင်းတို့၏ဖခင်၊ မောင်ဉာဏ်ကောင်းဆက်၏အဘိုးသည် ၃-၁၁-၂၀၁၆ရက်(ကြာသပတေးနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၁၁-၂၀၁၆ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၉-၁၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## အရှင်သုဇာတ (မဇ္ဈာစရိယ)
### သက်တော်(၂၄)နှစ်၊ သိက္ခာတော်(၄)ဝါ

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ မင်းရပ်အုပ်စု၊ ကျောက်ကလေးရွာနေ (ဦးအေးဖေသန်း-ဒေါ်မြင့်ဦးလွင်)တို့၏သား၊ မစိုးစိုးသော်၊ မပန်းပွင့်ဖြူတို့၏အစ်ကိုသည် ၃-၁၁-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၅-၁၁-၂၀၁၆ရက် (စနေနေ့)တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သန်းကြည် အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၂၇)ရပ်ကွက်၊ နှင်းဆီဥယျာဉ်လမ်း၊ အမှတ် ၈၀နေ (ဦးကျန်-ဒေါ်ပုံ)တို့၏သမီး၊ (ဦးသာခင်)၏ဇနီး၊ ဦးမြင့်သိန်း-ဒေါ်မေသစ္စာခင်၊ ဦးမြင့်သန်း-ဒေါ်တင်တင်စိုး၊ ဦးခင်မောင်သန်း-ဒေါ်မြင့်မြင့်ဝေတို့၏မိခင်၊ မြေးခုနစ်ယောက်၊မြစ်ခြောက်ယောက်တို့၏အဘွားသည် ၂-၁၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)ည ၁၁နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၁၁-၂၀၁၆ရက် (သောကြာနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်ညွန့် (တောင်ငူမြို့)
### အသက်(၈၃)နှစ်

တောင်ငူမြို့နေ ဦးလှမောင်-ဒေါ်စိန်ဥတို့၏သမီး၊ ဆွာမြို့နေ ဦးစိုးမြင့်၊ ရန်ကုန်မြို့နေ ဦးစိုးညွန့်၊ တောင်ငူမြို့နေ ဦးအောင်ကျော်စိုးတို့၏အစ်မသည် ၃-၁၁-၂၀၁၆ရက် နံနက် ၉း၂၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ အမှတ် ၆၅/ဘီ၊ ပထမထပ်၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးခိုင်စိုး အသက်(၇၆)နှစ်
### ညွှန်ကြားရေးမှူး(ငြိမ်း)၊ အခြေခံပညာအမှတ်(၃)
### မော်လမြိုင်ဆရာအတတ်သင်သိပ္ပံကျောင်းအုပ်ကြီး(ငြိမ်း)

မော်လမြိုင်မြို့၊ မြိုင်သာယာလမ်း ၂၀၊ အမှတ် ၂၅၉နေ (ဦးဘသွယ်-ဒေါ်ကျင်လှ)တို့၏သား၊ (ဦးဝါတင်-ဒေါ်ရင်စိန်)တို့၏သားသမက်၊ ဒေါ်မြင့်မြင့်ကြည်(အထပြ၊ ငြိမ်း၊ အမှတ်-၁၀၊ မော်လမြိုင်)၏ချစ်လှစွာသောခင်ပွန်း၊ ဦးစံရွှေမျိုး-ဒေါ်ခိုင်မြင့်မွန်(လ/ထကထိက၊ ပညာရေးကောလိပ်၊ မော်လမြိုင်)၊ ဒေါ်ခိုင်ဇာမွန်(ကထိက၊ နည်းပညာတက္ကသိုလ်၊ မော်လမြိုင်)တို့၏ဖခင်၊ မောင်မင်းခန့်စံ၏ဘိုးဘိုးကြီးသည် ၂၉-၁၀-၂၀၁၆ရက် ဒေသစံတော်ချိန် ည ၉း၅၅နာရီတွင် နီပေါနိုင်ငံ၊ လုမ္ဗဏီမြို့၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၁၆ရက်တွင် ယင်းဒေသ၌ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးခိုင်စိုး အသက်(၇၆)နှစ်
### ညွှန်ကြားရေးမှူး(ငြိမ်း)၊ (အခြေခံပညာအမှတ်-၃)
### မော်လမြိုင်ဆရာအတတ်သင်ကျောင်းအုပ်ကြီး(ငြိမ်း)

ရန်ကုန်မြို့နေ (ဦးဘသွယ်-ဒေါ်ကျင်လှ)တို့၏သား၊ (ဦးဇော်မျိုး)-ဒေါ်မြင့်မြင့်စိုး၊ ဒေါ်တင်တင်ဝင်း [ထ-၂၊ ဗိုလ်တထောင် (ငြိမ်း)]၊ ဒေါ်ခင်ဌေးမြင့် (လ/ထညွှန်ကြားရေးမှူး၊ န·ယ·ကရုံး)၊ ဦးမျိုးသွယ်(ထူးကုမ္ပဏီ)၊ ဦးမြင့်သိန်း (လ/ထ ညွှန်မှူး၊ အကောက်ခွန်၊ ငြိမ်း)၊ ဦးမြင့်ဦး (အကောက်ခွန်မှူး၊ ငြိမ်း)-ဒေါ်သူဇာသွင်(ဆရာမ၊ ငြိမ်း)တို့၏အစ်ကို၊ တူ/တူမ လေးယောက်တို့၏ဘကြီးသည် ၂၉-၁၀-၂၀၁၆ရက် ဒေသစံတော်ချိန် ည ၉း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၁၆ရက် နီပေါနိုင်ငံ လုမ္ဗနီမြို့၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်ဌေး (ဒုရဲမှူးကြီး၊ ငြိမ်း)
### အပတ်စဉ်(၂)ဖောင်ကြီး
### ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြစ်ကြီးနားမြို့
### အသက်(၇၅)နှစ်

ပြည်မြို့၊ ကျောင်းကြီးအိုးတန်းရက်၊ ဆုတောင်းပြည့်ဘုရားလမ်း၊ အမှတ် ၅၇၈နေ ဒေါ်ခင်လှကြည်(ဆေးကော်ပိုရေးရှင်း၊ ငြိမ်း)၏ခင်ပွန်း၊ ဦးရဲမင်းသူ-ဒေါ်မော်မော်ညွန့်၊ ဦးမျိုးဝင်းသူ-ဒေါ်စုစုမာ၊ ဒေါ်လတ်လတ်သူ၊ (မိုးကျော်သူ)တို့၏ဖခင်၊ မချမ်းမြေ့ရတနာ၊ မဝေမင်းသာတို့၏ဘိုးဘိုးကြီးသည် ၃၀-၁၀-၂၀၁၆ရက်(တနင်္ဂနွေနေ့)နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် အေးငြိမ်းရာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်အေး(ခ)ဂျော့ရွှေသောင်း
### ဒု-ဦးစီးမှူး(အငြိမ်းစား)၊ ပြည်တွင်းအခွန်ဦးစီးဌာန
### စိန့်ပေါ်လ်ကျောင်းသားဟောင်းများအသင်း
### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ လမ်း ၉၀၊ အမှတ် ၂၉ (ပ-ထပ်)နေ (သခင်ရွှေသောင်း၊ လွတ်လပ်ရေးမော်ကွန်းဝင်)-ဒေါ်ခင်လေးတို့၏သား၊ မာရီရွှေသောင်း(ခ)အေးအေးသိန်း၊ ဆန်နီရွှေသောင်း၊ တိုနီရွှေသောင်း၊ ဘိုနီရွှေသောင်း၊ ဘေဘီရွှေသောင်း၊(ဂျော်နီရွှေသောင်း)၊ သီတာသောင်းတို့၏အစ်ကိုသည် ၂-၁၁-၂၀၁၆ရက် ည ၉း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၁၁-၂၀၁၆ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးကျော်မင်းသိန်း(ငြိမ်း) OTS (၈၅)
### အသက်(၅၂)နှစ်

အောင်ပန်းမြို့၊ လှည်းရိုးရပ်ကွက်၊ အမှတ် ၅၀နေ ဦးမင်းနိုင်-ဒေါ်အေးသိန်းတို့၏သား၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်နေ ဦးအေးမောင်-ဒေါ်သန်းနုတို့၏သားသမက်၊ ဒေါ်အေးအေးသန်း၏ခင်ပွန်း၊ မပွင့်ရည်သော်၊ မအိန္ဒြေကျော်၊ မသင်းရတီစိုးတို့၏ဖခင်သည် ၂-၁၁-၂၀၁၆ရက် မွန်းလွဲ ၁၂း၂၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၁၁-၂၀၁၆ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# မြန်မာနိုင်ငံအနေနဲ့ မည်သို့သော အကြမ်းဖက်မျိုးကိုမဆို လက်ခံမှာမဟုတ်ဘဲ အကြမ်းဖက်တိုက်ခိုက်မှုများနဲ့ အားပေးကူညီထောက်ပံ့သူတွေကို ပြင်းပြင်းထန်ထန် ထိထိရောက်ရောက် တုံ့ပြန်သွားမှာဖြစ်

**သတင်း - သပြေနှင့် အဖွဲ့**

**မောင်တော နိုဝင်ဘာ ၃**

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ဒုတိယဝန်ကြီး ဦးကျော်တင်၊ ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူး Ms. Renata Dessallin နှင့် မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများသည် နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ် အမှတ်(၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ်(ကျီးကန်းပြင်)သို့ ရောက်ရှိခဲ့ကြသည်။

ထိုသို့ ရောက်ရှိစဉ် ရဲမှူးချုပ် သူရစန်းလွင်က အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက မောင်တောခရိုင်အတွင်းရှိ ကျီးကန်းပြင်ဌာနချုပ်၊ ကိုးတန်ကောက် ရဲကင်းစခန်းနှင့် ငါးခူရနယ်မြေရုံးတို့သို့ အကြမ်းဖက်သမားများက အလစ်အငိုက်ရယူ၍ အကြမ်းဖက်စီးနင်းတိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ၎င်းက ဆက်လက်၍ “အဲဒီလို ဖြစ်စဉ်များ ဖြစ်ပွားပြီးနောက်မှာ တပ်မတော်စစ်ကြောင်းတွေနဲ့ နယ်ခြားစောင့်ရဲတပ်ဖွဲ့တွေ ပူးပေါင်းကာ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူတွေ ဆုတ်ခွာရာနောက်သို့ လိုက်လံရှင်းလင်းတာ၊ ပိတ်ဆို့တာတွေ ဆောင်ရွက်ခဲ့ရာမှ အောက်တိုဘာ ၉ ရက် နံနက်ပိုင်းမှာ ကျီးကန်းပြင်ဌာနချုပ်မှ ဆုံးရှုံးခဲ့တဲ့ လက်နက်များအနက် ၁၃ လက်ကို ပြန်လည်သိမ်းဆည်းရမိခဲ့ပါတယ်။

*စာမျက်နှာ ၇ ကော်လံ ၁* ❐



အကြမ်းဖက်သမားများက အလစ်အငိုက်ရယူ၍ အကြမ်းဖက်စီးနင်းတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်များနှင့်ပတ်သက်၍ ရဲမှူးချုပ် သူရစန်းလွင် ရှင်းလင်းပြောကြားစဉ်

# မောင်တော-ဘင်္ဂလားဒေ့ရှ်နယ်စပ်ကုန်သွယ်မှု ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိ



မောင်တောနယ်စပ်မှ ဘင်္ဂလားဒေ့ရှ်သို့ ကုန်ပစ္စည်းများပို့ရန် စက်လှေပေါ်တင်နေစဉ်

**သတင်း - မင်းသစ်(သတင်းစဉ်)၊ ဓာတ်ပုံ - နေလင်း**

**မောင်တော နိုဝင်ဘာ ၃**

ရခိုင်ပြည်နယ် မောင်တောနှင့် ရသေ့တောင်မြို့နယ်တို့တွင် အောက်တိုဘာ ၉ ရက်က ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် မောင်တော၊ ဘင်္ဂလားဒေ့ရှ်နယ်စပ်ကုန်သွယ်မှု ခေတ္တရပ်ဆိုင်းခဲ့သော်လည်း ယခုအခါ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်း မောင်တောနယ်စပ်ကုန်သွယ်ရေး ကုန်သည်ကြီးများအသင်းမှ သိရသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ❋

# မြန်မာ - အင်ဒိုနီးရှားနှင့် မြန်မာ - အိုမန် ခြေစမ်းပွဲများကို တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် နိုဝင်ဘာ ၃**

၂၀၁၆ခုနှစ် အာဆီယံဆူဇူကီးဖလား ဘောလုံးပြိုင်ပွဲ အုပ်စု(ခ)ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲမတိုင်မီ ကြိုတင်ပြင်ဆင်မှုအနေဖြင့် မြန်မာ့လက်ရွေးစင်အသင်းသည် ခြေစမ်းပွဲ နှစ်ပွဲ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်ကြောင်း သိရသည်။

ပထမပွဲစဉ်အဖြစ် မြန်မာ့လက်ရွေးစင်အသင်းသည် အင်ဒိုနီးရှား လက်ရွေးစင်အသင်းနှင့် နိုဝင်ဘာ ၄ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏ ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

နိုဝင်ဘာ ၁၄ ရက်တွင် မြန်မာ့လက်ရွေးစင်အသင်းနှင့် အိုမန်လက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ယင်းပွဲစဉ်များကို မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# လာဘ်ပေးလာဘ်ယူကိစ္စများ တိုင်ကြားနိုင်

**နေပြည်တော် နိုဝင်ဘာ ၃**

ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများနှင့် ရုံးဝန်ထမ်းများကို မိမိတို့၏ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် ဥပဒေနှင့်အညီ ဆောင်ရွက်ရန်နှင့် လာဘ်ပေးလာဘ်ယူကင်းရှင်းစေရန် တိုက်တွန်းကြပ်မတ်လျက်ရှိသည်။

ဥပဒေအရာရှိများနှင့် ရုံးဝန်ထမ်းများ လာဘ်ငွေတောင်းခံခြင်း၊ လာဘ်ငွေလက်ခံရယူခြင်းများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် မိမိ၏အမည်၊ လိပ်စာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ဆက်သွယ်ရန် ဖုန်းနံပါတ်များ ပြည့်စုံမှန်ကန်စွာ ဖော်ပြပြီး ပြည်ထောင်စုရှေ့နေချုပ်ထံဖြစ်စေ၊ ဒုတိယရှေ့နေချုပ်ထံဖြစ်စေ၊ အမြဲတမ်းအတွင်းဝန်ထံဖြစ်စေ လိပ်မူ၍ ရုံးအမှတ် ၂၅ ပြည်ထောင်စုရှေ့နေချုပ်ရုံး နေပြည်တော်သို့ တိုင်တန်းနိုင်ကြောင်းနှင့် တိုင်တန်းမှုအား စုံစမ်းစစ်ဆေးပြီး လိုအပ်သလို အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ထုတ်ပြန်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

အပယ်ခံတစ်ယောက်ရဲ့တောက်ပချိန် သို့မဟုတ် ဗစ်တာမော့ဆက်စ်ရဲ့တောက်ပမှု ၈၁ - ၁၈
ပွဲထွက်စာရင်းကို အကောင်းဆုံး မဖန်တီးနိုင်ပါက မန်ယူအသင်း ထိပ်ဆုံးလေးသင်းစာရင်းဝင်မည်မဟုတ်ဟု ဟားဂရေဗ့် မှတ်ချက်ပြု ၈၁ - ၁၉

ဆေးဝါးလှူဒါန်းခြင်းသည် အနာရောဂါကင်းဝေးပြီး သက်ရှည်ကျန်းမာခြင်းကို ပြည့်စုံစေမည့် ကုသိုလ်ထူးကို ရရှိစေပါသည်။

ထွန်းရွှေဝါ
တိုင်းရင်းဆေးမျိုးစုံဘူး
တိုင်းရင်းဆေး (၂၁) မျိုး ပါဝင်သည်။




ဝါကျွတ်၊ ကထိန်ပွဲတော်များနှင့် လှူဒါန်းမပြုသည့် အချိန်တိုင်း “ထွန်းရွှေဝါတိုင်းရင်းဆေးမျိုးစုံဘူး” ကို လှူဒါန်းခြင်းဖြင့် မွန်မြတ်သောကုသိုလ်ထူးကို ရယူနိုင်ကြပါစေ။




ဆက်သွယ်ရန် - (ရန်ကုန်) ဖုန်း - ၀၉ - ၂၆၀၇၀၇၁၇၁၊ ၀၉ - ၂၆၀၇၀၇၁၇၂၊ ၀၉ - ၇၃၁၁၉၆၇၇။ (မန္တလေး) ၀၂ - ၆၄၉၄၀၊ ၀၉ - ၉၁၀၂၄၇၂၆